
www.burmeseclassic.com



www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

**အဖုံးဒီဇိုင်း**

ငွေစင်ကြယ်

**တန်ဖိုး (      )ကျပ်**

**ထုတ်ဝေသူ**

ဦးသန်းထွန်းအောင် (မြဲ ၀၃၉၆၇)

အမှတ်-၂၇၁၊ လမ်း(၄၀)အထက်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံး/အတွင်း ပုံနှိပ်သူ**

ဦးဝင်းအောင် (Main ပုံနှိပ်တိုက်) (မြဲ ၀၁၁၁၉)

အမှတ်-၁၉၁၊ ၃၉-လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)**

| | |
|---|---|
| မင်းပုည | 895.83 |
| သရဲပြေးတဲ့ည/မင်းပုည-ရန်ကုန်။ | |
| ဖိုးရာဇာစာပေ၊ ၂၀၁၇၊ ရန်ကုန်။ | |
| ၁၆၀-စာ၊ ၁၂ x ၁၈ စင်တီ။ | |
| (၁) သရဲပြေးတဲ့ ည | |

www.burmeseclassic.com

www.burmeseclassic.com

# သရဲခြေဖြူတွဲ ညှ

## မင်းယုညှ

*

ဖြန့်ချိရေး
ဖိုးရာဇာ စာအုပ်တိုက်
အမှတ်-၂၇၁၊ လမ်း (၄၀) အထက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၃၁၀၆၇၈၉၆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(၁)

သီချင်းဆိုသံသည် တိတ်ဆိတ်တဲ့ကာလကို ဖြိုခွဲနေသလို ထင်မှတ်နေသည်။ ပတ်ဝန်းကျင်သည် လူသူများ ကင်းမဲ့နေသည်။ ညအချိန် ရောက်ရှိနေ၍ ဒေသတွင်း နေထိုင်သူများ အိမ်အတွင်း၌ နေထိုင်ကြ၏။ လမ်းမပေါ် ရောက်ရှိသူဆိုလို့ ခပ်ရှားရှား။ သီချင်းဆိုသူများသည် ထိုနေ့မှ အရေးကြီးကိစ္စကြောင့် အပြင်ကိုထွက်ရသည်။

မိဘများက တစ်ဖက်ဒေသကိုသွားပြီး အလုပ်အကြောင်းပြောခိုင်းသည်။ စကားပြောပြီးတာနှင့် အချိန်က နှောင့်နှေးသည်။ နှစ်မိုင်လောက်ဝေးတဲ့ ဒေသကနေလာရ၍ အလွယ်တကူပြန်မရောက်နိုင်အောင် ဖြစ်နေသည်။

ဒီကြားထဲ သုသာန်တစ်ခုကို ကျော်ဖြတ်ရသည်။

"ဟဲ့ . . . သား နောက်မကြစေနဲ့နော်။ သုသာန်ကို ကျော်ဖြတ်ရမှာ မကောင်းဆိုးဝါးတွေ အချိန်မရွေး တွေ့နိုင်တယ်"

မိခင်စကားကို လက်မခံခဲ့ပေ။

သရဲတစ္ဆေဆိုတာမရှိဟု ထင်မှတ်နေမိသည်။ သူ၏ အခြောက် ဘယ်တုန်းကမှ မခံခဲ့ရပေ။ သရဲတစ္ဆေအကြောင်း ပြောသူကို ရယ်စရာဟု ထင်မှတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု စိတ်ထဲက ဘာကြောင့် ဒီမကောင်းဆိုးဝါး အကြောင်းတွေကို တွေးနေမိတာလဲ။

ဒေသတွင် အစွဲတစ်ခုရှိသည်။

အချိန်မတော် သုသာန်မြေကို ဖြတ်သန်းရင် အဲဒီ အကောင်တွေက လိုက်တတ်သည်။ လူကြီးကအစ ကလေး အဆုံး ဆိုသကဲ့သို့ ထင်မှတ်နေကြသည်။ သူသည် သုသာန် မြေကို စတင်ကျော်ဖြတ်နေသည်။

သီချင်းကို ကျယ်လောင်စွာ အော်ဟစ်ဆိုနေသည်။ ကြောက်စိတ်များထွက်ပေါ်လာသည်။ ကြက်သီးများ ထလာ သည်။ အဖော်တစ်ယောက်ကို တွေ့ရင်ကောင်းမှာပဲဟု မျှော်လင့်မိသည်။ သုသာန်မြေသည် ကြီးမားတဲ့ကုက္ကိုပင်ကြီး နှစ်ပင်နှင့် အပင်ငယ်များရှိသည်။ ဖြူဆွတ်တဲ့ အုတ်ဂူသုံး လေးလုံးကို အဝေးကမြင်နိုင်သည်။ ခရီးသွားများ၊ အလောင်း ချသူများ အနားယူကြရန် ဇရပ်ကြီးတစ်လုံးလည်း ရှိနေသည်။

ထူးခြားသည်က သုသာန်ကို ရွာနှစ်ရွာက အသုံး ပြုသည်။ ရွာမြောက်ပိုင်းမှာ သေဆုံးသူများက တောင်ပိုင်း သုသာန်ကို သွားရောက်ခြင်း မပြုကြ။

ရွာတာဝန်ရှိသူများက ထိုကိစ္စကိုလက်မခံ။ လူငယ် လေးသည် သုသာန်ဝန်းကျင်အတွင်းကို ဝင်ရောက်လာ သည်။

"ဟာ . . . အမလေး သရဲများလား"

ခြေလှမ်းများ ရပ်တန့်သွားသည်။ ကြက်သီးမွေးညင်း များ ထလာသည်။ အုတ်ဂူဖြူတစ်ခုပေါ်တွင် နီရဲရဲဆေးလိပ် မီးကို ထင်ရှားစွာ တွေ့လိုက်ရသည်။ ရှေ့ဆက်ရမလား။

www.burmeseclassic.com

www.burmeseclassic.com



အနောက်ပြန်ဆုတ်ရမလား။ တွေဝေနေသည်။

"ဘာဖြစ်လဲကွာ၊ ဒီအကောင်ကြီး ငါ့ကို ခြောက်လည်း သုံ့မျက်နှာမြင်ဖူးတာပေါ့"

ထိုသို့ပြောလိုက်မိသည်။ ခြေလှမ်းများကို ဆက်လက်တိုးလိုက်သည်။

"ဟာ . .. . ဘာပါလိမ့်"

နားထဲမှာ ခြေသံကိုကြားနေရသလို။ အနောက်ကလား . . . ဘေးကလား၊ ဘယ်နေရာကပါလိမ့်။

"အို . . . ငါ့စိတ်က ဖြစ်နေတာပါ ဘာမှမရှိပါဘူး"

စိတ်ကို တင်းထားပေမယ့် အုတ်ဂူပေါ်က ဆေးလိပ်မီးကို စိတ်ရောက်နေသည်။ တဖြည်းဖြည်းနီးကပ်လာသည်။ မီးသည် ပို၍နီရဲလာသလို ထင်မှတ်နေသည်။ တစ်ခြားနေရာရှောင်သွားရန် လမ်းပိုမရှိ။ ရယ်သံတွေကြားနေရသည်။ ခေါင်းတွေကြီးတက်လာသည်။ ဆံပင်များ ထောင်တက်လာသည်။ မသဲကွဲတဲ့ ရယ်သံတွေကြောင့် မည်သည့်နေရာဆိုတာမသိနိုင်။ နားကြားများမှားတာလား . .. . စိတ်ကြောင့်လား။

"လူ့ရဲ့ စိတ်ကအရေးကြီးတယ်။ စိတ်ကြောင့်လူ့အသက်သေနိုင်တယ် မြေးလေး"

ငယ်ငယ်လေးထဲက သရဲတစ္ဆေကိုကြောက်တတ်၍ ထိုစကားကို ပြောခြင်းဖြစ်သည်။ ဘယ်လိုပင်ပြောပေမယ့် လက်ရှိတော့ ကြောက်ရွံ့စိတ်များ လွှမ်းမိုးနေသည်။ ၎င်းသည် အုတ်ဂူကို မကြည့်ဘဲ လမ်းကိုသာ ဦးတည်လျှောက်မည်ဟု စိတ်ကူးမိသည်။ ဆေးလိပ်မီးသည် အနောက်ကလိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



မလား။ ဆေးလိပ်ရှိတဲ့ အုတ်ဂူအနားကို နီးကပ်လာသည်။

"ဟာ . . . ဘယ်လိုဖြစ်တာလဲ"

ဆေးလိပ်မီးသည် ဘယ်လိုပုံစံ ပျောက်ကွယ်သွားမှန်း မသိအောင် ဖြစ်သွား၏။ ခြေလှမ်းများပိုမို လျှင်မြန်လာ သည်။ ရယ်သံလိုလို၊ ညီးတွားသံလိုလို၊ ဝေခွဲမရအောင် ဖြစ်နေသည်။ ဆိုနေတဲ့ သီချင်းသံများကို ရပ်တန့်လိုက် သည်။

"ဝေါ . . ."

"ဖျောင်း . . ."

"အမလေးဗျာ"

www.burmeseclassic.com

www.burmeseclassic.com


(၂)

"ကောင်းလိုက်တဲ့ ပွဲကွာ"

"ဒီတစ်ခါတော့ မင်းငါ့ကို ချီးကျူးရမယ်"

"မင်းတစ်ယောက်တည်း မဟုတ်ဘူး။ အားလုံးတော်လို့ ဒီအစီအစဉ် အောင်မြင်တာ"

လူငယ်များသည် အောင်မြင်မှုအတွက် ကျေနပ်ပျော်ရွှင်နေကြသည်။ ငယ်ရွယ်တဲ့ လူငယ်များဖြစ်နေ၍ ပျော်ရွှင်ဖို့ကလွဲပြီး ကျန်တာဖြစ်မယ်ဆိုတာကို ကြိုတင်မတွေးတတ်ပေ။

ဘယ်နေရာကိုသွားပြီး ဘယ်လိုနောက်ပြောင်ရမလဲဆိုတာကိုပဲ တိုင်ပင်နေကြသည်။

နေရာတစ်ခုမှာ ထူးခြားတာရှိရင် အချိန်မဆိုင်းရောက်သွားတတ်သည်။ ရွာမှာ တစ်ခုခုလုပ်ရင် ၎င်းတို့ကို ထင်မှတ်ထားသည်။ မကြာခဏ ပြဿနာတတ်သည်။ ဆူပူကြိမ်းမောင်းခံကြရသည်။ ဘယ်လိုပင်လုပ်ပေမယ့် အမှတ်မရှိ။ အကျင့်များက ဖျောက်မရအောင် ဖြစ်နေသည်။

ယခုလမိုက်ညမှာ တစ်စုံတစ်ခုကို နောက်ပြောင်ပြီး ပြန်လာကြသည်။ ညအချိန်မတော် သုသာန်သို့ မသွားအပ်တဲ့နေရာများ မသွားရန် မှာကြားထားသည်။ ဘယ်နေရာကိုမှ ဂရုမစိုက်သွားတတ်သည်။ သုသာန်ကို ညအချိန်

www.burmeseclassic.com

www.burmeseclassic.com



မတော်သွားပြီး အုတ်ဂူတွေပေါ်မှာထိုင်ပြီး သီချင်းဆိုနေတတ်ကြသည်။

သရဲဆိုတာ မရှိ။ သရဲရှိတယ်ဆိုတာကို မယုံကြပေ။ ၎င်းတို့ ပြောတာကို ယုံကြည်ရသည်။ သရဲလိုက်လို့ ထွက်ပြေးရတယ်ဆိုတာ တစ်ခါမှ မပြောကြ။

"လူက သေပြီးရင် ပြီးသွားတာပဲ၊ ဘယ်က သရဲဖြစ်ပြီး ခြောက်လို့ရမှာလဲ။ သရဲရှိတယ်ဆိုတာ ယုံတမ်းစကားပါ . . ."

မှတ်ချက်များပေးကြသည်။

ရွာလူကြီးများက မျောက်လောင်းသုံးကောင်ဟု ပြောကြသည်။

"ဒါတွေထားကွာ သရဲမောင်းထုတ်တဲ့နေ့မှ ငါတို့ ဘာလုပ်ကြမလဲ"

"အေး အဲဒါက အဓိကပဲ"

"အရင်နှစ်တွေနဲ့ မတူတဲ့ အစီအစဉ်အသစ်တစ်ခု ရေးဆွဲကြတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



(၃)

"ဘာ... သုသာန်မှာ သရဲခြောက်တယ်ဟုတ်လား"

ရွာလူကြီးများအတွက် အံ့ဩစရာ သတင်းဆိုး တစ်ခု ဖြစ်သည်။

သရဲခြောက်သည်ဆိုတာ ဘယ်တုန်းကမှ မကြား ရတဲ့ သတင်းမျိုးဖြစ်သည်။

"ဟုတ်တယ် အစ်ကိုကြီး၊ မနေ့ညက ကျွန်တော့် ရဲ့သား ဟိုဘက်ရွာကိုသွားပြီး ပြန်လာတာ သုသာန်မှာ သရဲခြောက်လို့တဲ့၊ ပြန်လာတော့ မောနေလိုက်တာ အသက် သေပြီလို့တောင် ထင်ရတာ"

"ငါတို့ ဒီအသက်ရောက်ပြီ တစ်ခါမှ မကြားရဘူး"

"ဟိုဘက်ရွာက အစိမ်းသေတစ်ယောက် မြေမြှုပ် ထားတယ်လေ အစ်ကိုကြီး"

"မင်းရဲ့သား စိတ်ထင်တာဖြစ်မှာပါကွာ"

"ကျွန်တော့်သား သရဲမကြောက်တတ်ဘူး အစ်ကိုကြီး"

"ဒါနဲ့ . . . အဲဒီကောင်ဘယ်မှာလဲ"

"ကျွန်တော် ခေါ်ပေးပါ့မယ်"

ဦးတင်မြင့်သည် အခန်းထဲမှာ ရှိနေတဲ့ သားဖြစ်သူ မောင်အာကာကို ခေါ်လိုက်သည်။ အာကာသည် အခန်း

www.burmeseclassic.com

www.burmeseclassic.com



တွင်းမှ ထွက်လာသည်။

လူကြီးတွေရှေ့မှာ ထိုင်လိုက်သည်။

"ငါ့တူ သရဲခြောက်ခံရတယ်ဆိုတာ ဟုတ်ရဲ့လား"

"ဟုတ်တယ် . . . ဘကြီး"

"လုပ်စမ်းပါဦးကွာ . . . ဘယ်လို အခြောက်ခံရတာလဲ"

အာကာသည် ကြုံတွေ့အခြောက်ခံရတာကို ပြောပြနေသည်။ လူကြီးများသည် နားထောင်နေကြသည်။

မိသားစုဝင်များသည် ရင်းပြောတာကို ယုံကြည်နေကြသည်။ မဟုတ်မမှန်တာတွေကို ပြောတတ်သူမဟုတ်။ ရှားရှားပါးပါး သားလေးတစ်ယောက်တည်းရှိနေတာ။ တစ်ခုခုသာဖြစ်သွားလျှင် အစားထိုးမရသလို၊ အရှုံးတွေဖြစ်ကုန်မှာ စိုးရိမ်ရသည်။

ချစ်လွန်းလို့ ဘယ်နေရာကိုမှ တစ်ယောက်တည်း မလွှတ်ကြပေ။ ယခုလို သားဖြစ်သူ သရဲခြောက်ခံရတော့ ဖနီးမောင်နှံ စကားများကြသည်။ အာကာတစ်ခုခုဖြစ်ရင် ဦးတင်မြင့်အိမ်ပေါ်က ဆင်းသွားရမှာ သေချာသည်။

"ဒါဟာ လွန်စွာထူးဆန်းတဲ့ ကိစ္စပဲ။ ငါတို့ရွာမှာ ဒီလို တစ်ခါမှ မကြုံဖူးပါဘူး။ တစ်ခုခုတော့ မှားနေပြီ ထင်တယ်"

"ဘာဆက်လုပ်ကြမလဲ အစ်ကိုကြီး"

"ဆရာတော်ကို လျှောက်ရမှာပေါ့ကွယ်"

ရွာမှာ တစ်ခုခုဖြစ်ရင် ရွာဦးကျောင်း ဆရာတော်ကို လျှောက်တင်ပြီး အကြံတောင်းကြရသည်။ ဆရာတော်က လုပ်သင့်တာများကို လုပ်ခိုင်းသည်။ အာကာ သရဲခြောက်

www.burmeseclassic.com

www.burmeseclassic.com



ခံရတာ ဆရာတော်က စီမံပေးမှာ သေချာသည်။

"အစ်ကိုကြီးပြောတာမှန်ပါတယ်၊ ဒီစကားကို ဆရာတော်က လက်ခံပါ့မလား"

"အေး အဲဒါလည်း စဉ်းစားစရာပဲ၊ နှစ်စဉ် မကောင်းဆိုးဝါးတွေကို မောင်းထုတ်နေတာ။ အခုမှ အခြောက်ခံရတာဆိုတော့ ရွာမှာ တစ်ခုခုတော့ မှားယွင်းနေပြီ"

"မမှားပါဘူး ဦးကြီးတို့ရာ"

"ဟာ . . . မောင်အောင်စိုး"

အောင်စိုးကြီးသည် အိမ်ပေါ်တက်ထိုင်လိုက်သည်။ အသင့်ချထားတဲ့ ရေနွေးကြမ်းခွက်ကိုယူပြီး သောက်လိုက်သည်။ ၄င်းတို့ ပြောနေကြတာကို လက်မခံတာ အကြောင်းပြချက်ရှိမည်ဟု ထင်မှတ်နေကြသည်။ အောင်စိုးကြီးသည် အများနဲ့မတူတဲ့ အတွေးများကို တွေးနေတတ်သည်။ ရွာမှာ ခေတ်ပညာတတ်ဆိုလို့ သုံးယောက်ရှိသည်။ ထိုအထဲမှာ ၄င်းလည်းပါသည်။

"ကဲ မောင်အောင်စိုး မမှားဘူးဆိုတာ ဘာကြောင့်လဲ"

"မောင်အာကာ အခြောက်ခံရတာ ရွာထဲမှာလား၊ သုသာန်မှာလား"

"သုသာန်မြေမှာလေ"

"အဲဒါက သူတို့နယ်မြေလေ၊ သူတို့က ရွာကို လာတာ မဟုတ်ဘူး။ သုသာန်မှာနေတာ၊ လူပြိုအမြင် ပြောရရင် သရဲက လူကိုလာခြောက်တာမဟုတ်ဘူး။ လူက

www.burmeseclassic.com

www.burmeseclassic.com



သရဲကို သွားခြောက်တာ''

''ဘယ်လို . . . ဘယ်လို လူကသရဲကို သွားခြောက် တာ ဟုတ်လား''

''မင်းစကားက အဓိပ္ပာယ်မရှိလိုက်တာကွာ''

အောင်စိုးကြီးကို အပြစ်တင်နေကြသည်။ ၎င်းသည် ရေနွေးကြမ်းကို အေးဆေးစွာ သောက်နေသည်။

''ဟုတ်တယ် ဦးကြီးတို့ . . . အခုအာကာ ဘယ်နေရာမှာ သရဲအခြောက်ခံရတာလဲ၊ ရွာထဲကိုဝင်ပြီး သရဲက ခြောက်တာမဟုတ်ဘူး။ သူတို့ နေရာကိုသွားတာ''

''အေး . . . အဲဒါလည်း ဖြစ်နိုင်တာပဲ။ မောင်အောင်စိုးပြောတာ မှန်သလိုပဲ''

ကြားက ဝင်ပြောလိုက်သည်။ ရွာမှာ ဘယ်တော့မှ သရဲမခြောက်။ အမြဲတမ်း ပရိတ်ရွတ်လေ့ရှိသည်။ နှစ်စဉ် နှစ်တိုင်း ဆရာတော်များကို ပင့်ဖိတ်ပြီး အန္တရာယ်ကင်း ပရိတ်ရွတ် ကမ္မဝါဖတ်လေ့ရှိသည်။

တစ်ခါမှ မကြားဘူးတဲ့သတင်းကို ကြားလိုက်ရတော့ ရွာအတွက် လွန်စွာထူးဆန်းနေသည်။

''အဲဒီတော့ ငါတို့ ဘာဆက်လုပ်ကြမလဲ၊ ဟိုဘက် ရွာနဲ့ နှစ်ရွာတစ်ရွာနေကြတော့ အဖြေတစ်ခုတော့ ရှာရမှာပဲ''

''မပြောကြပါနဲ့တော့ဗျာ''

အာကာသည် စကားဆုံးအောင်ပြောပြီး ထွက်သွားသည်။ အခြောက်ခံရတာ ကြောက်ရွံ့ထိတ်လန့်နေသည်။ သရဲဆိုတာကို မကြားရဲအောင်ဖြစ်နေသည်။ အာကာကို ကြည့်နေကြသည်။ ဦးတင်မြင့်တို့ ဇနီးမောင်နှံကတော့ သား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူအတွက် စိုးရိမ်နေကြသည်။ တစ်ခုခုသာဖြစ်သွားရင် ရှုံးသွားမလားဟု ထင်မှတ်နေသည်။

"ဟ . . . သောင်းငွေ ဘယ်ကထလာတာလဲ"

"ယာထဲက ပြန်လာတာ ဦးကြီး။ အာကာ သရဲခြောက်ခံရတာကို စိုးရိမ်နေတယ်ဆိုလို့ လာခဲ့တာ"

"မပြောပါနဲ့တော့ကွယ်။ မင်းသူငယ်ချင်း ကြောက်နေလို့"

"ဟား . . . ဟား . . . ဟား"

ကျယ်လောင်စွာ ရယ်လိုက်သည်။ နားမလည်စွာဖြင့် သောင်းငွေကိုကြည့်နေကြသည်။ ရူးနေတာလားဟု ထင်မှတ်နေကြသည်။

ဒီကောင်ကလည်း သရဲခြောက်ခံလာရပြီလားဟု ထင်မှတ်နေကြသည်။ အမြင်နှင့်အထင် ခြားနားနေသည်။ သောင်းငွေ ရယ်တာက ရိုးသားဖြောင့်မတ်ခြင်းများ ပြည့်နေသည်။

"ဟေ့ . . . မောင်သောင်းငွေ ငါတို့ပြောတာ ရယ်စရာပါနေလို့လား"

"မဟုတ်ပါဘူး ဦးကြီး။ အဲ့ညက အာကာကို ခြောက်လိုက်တာ သရဲအစစ်မဟုတ်ပါဘူး"

"ဘယ်လို သရဲအစစ်မဟုတ် . . . မင်းကို ဘယ်သူ ပြောလဲ"

"ကျော်တင့်နဲ့ မျိုးထွန်းတို့ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



(၄)

မိပိုင်းစကားကြောင့် အေမီတို့အံ့ဩကုန်ကြသည်။

မပိုင်းကိုကြည့်လိုက်သည်။ မိပိုင်းသည် ၄င်းရဲ့အစီအစဉ်အတွက် ကျေနပ်ပျော်ရွှင်နေသည်။ မိန်းကလေးဖြစ်ပေမယ့် ယောကျ်ားလေးတွေလို နောက်ပြောင်တတ်သည်။

မိပိုင်းက လက်မလေးကို ကိုက်နေသည်။ ရွာမှာ ကွမ်းတောင်ကိုင် မိန်းမချောလေးတစ်ယောက်ဖြစ်သည်။ ရွာကာလသားများက စိတ်ဝင်စားသည်။ မိပိုင်းကတော့ ကြိုက်သူမရှိသေး။ မိဘများက ကြွယ်ဝချမ်းသာသည်။ ချမ်းသာမှုတို့ကို ရစ်မူးနေတဲ့ မိပိုင်းအတွက် မိန်းကလေးဖော် သူငယ်ချင်းတွေက အဓိကဖြစ်နေသည်။

"မိပိုင်း"

"ဘာလဲ အေမီ"

"နင့်စိတ်ကူးက ကောင်းတော့ ကောင်းပါတယ်ဟာ . . . ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ . . . ပြောလေဟာ"

"သရဲပြေးတဲ့ညမှာ နင်က . . . စုန်းကဝေမကြီးပုံဝတ်ဆင်ထားမယ်ဆိုတော့ ကြောက်စရာမကောင်းဖူးလား"

"ဘာဖြစ်လဲဟာ တကယ်ဖြစ်လာတာမှ မဟုတ်တာ အပျော်သဘောနဲ့ ဖန်တီးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ အဲဒီလို မလုပ်စေချင်ဘူး။ တခြားနည်းလမ်း ရှာပါဦး"

"နင်ကလည်း အသည်း(သဲ) ငယ်တတ်လိုက်တာ"

မကျေနပ်တဲ့ လေသံနှင့် ပြောလိုက်သည်။ အေမီ့အတွက် အဖြေမရှိအောင် ခက်သွားသည်။ နှစ်ဆန်းတစ်ရက်နေ့မှာ ဆရာတော်များကို ပင့်ဆောင်ပြီး ရွာရဲ့လမ်းဆုံလမ်းခွ အဓိကနေရာများမှာ ပရိတ်ရွတ် ကမ္ဗဝါ ရွတ်ဖတ်ကြသည်။

ညဘက်ရောက်တော့ ရွာရှိ အပျိုလူပျိုတွေစုပြီး မီးဒိုးသံပုန်းတီးပြီး မကောင်းဆိုးဝါးများကို မောင်းထုတ်ကြသည်။

အပျိုလူပျိုတွေက မကောင်းဆိုးဝါးပုံစံပြုလုပ် ဖန်တီးထားကြသည်။ လူကြီးမိဘများက ကြည်ဖြူစွာ ခွင့်ပြုထားသည်။ တစ်နှစ်နှစ်မတူပိုမိုတိုးတက် စည်ကားလာသည်။ ထိုသို့ မောင်းထုတ်ပြီးတာနှင့် ရွာလယ်သူကြီးအိမ်မှာစုပြီး စားကြသောက်ကြ၊ နောက်ကြ၊ ပြောင်ကြနှင့် ပျော်ပွဲလေး တစ်ခု ဖြစ်နေသည်။ နောက်ပြောင်နေကြတဲ့ မရိုးသားတဲ့ စိတ်များကင်းမဲ့နေတာက ချစ်စရာကောင်းတဲ့ ဓလေ့တစ်ခု ဖြစ်သည်။

"အသည်းငယ်လို့ ပြောတာမဟုတ်ပါဘူး ဝိုင်းရာ။ ဖြစ်သင့်တာတွေ ဖြစ်ကုန်မှာစိုးလို့ ပြောတာပါ။ ငါတို့က မိန်းကလေးတွေဆိုတာ မမေ့နဲ့ဦးလေဟာ"

"နင်ပြောပုံဆို တစ်ခြားမိန်းကလေးတွေက မိန်းကလေးမဟုတ်လို့လား။ နင်ဘာပဲပြောပြော ငါကတော့ မဆောင်နဲ့ အပ်ချုပ်ဆိုင်ကိုတောင် အပ်ပြီးထားပြီးပြီ"

"ဟော့တော့"

www.burmeseclassic.com

www.burmeseclassic.com



အေမီ ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

ထိုပွဲကျင်းပခါနီးတွင် ရွာရှိအပ်ချုပ်ဆိုင်တွေ နားရတယ်မရှိ။ အပ်သူများနှင့် စည်ကားရှုပ်ထွေးနေသည်။ သရဲပြေးတဲ့ည မတိုင်မီ အပြီးချုပ်ကြသည်။

"ဒါနဲ့ ကိုကျော်ဇေယျကြီးကို တွေ့ပြီးပြီလား . . . ဝိုင်း"

"အောင်မာ ငါက ဘာလို့တွေ့ရမှာလဲ"

"အဲဒါတော့ ငါမသိဖူးလေ . . . သူကတော့ နင့်ကို တွေ့ချင်တယ်လို့ပြောတာပဲ"

"အပိုတွေ"

"ဘာတွေပိုနေတာလဲ . . . ဝိုင်း"

ထွေးတင် ရောက်ရှိလာသည်။ သူမနှင့်အတူ မေခင်တို့ ပါလာသည်။ အလုပ်ပြီးတာနှင့် မိဝိုင်းတို့ခြံထောင့် ကုက္ကိုပင်ကြီးအောက်မှာစုပြီး စကားပြောကြသည်။ ပြုံးစိစိ မျက်နှာနှင့် ထွေးတင်တို့ ထိုင်လိုက်ကြသည်။

"ဟဲ . . . ကောင်မတွေ မေးနေကြတာ ဖြေကြဦးလေ"

"နင်တို့ကိုကြည့်ရတာ မရိုးသားဘူးနော်"

"မဟုတ်ပါဘူးဟာ . . . သရဲပြေးတဲ့ညမှာ ငါကပြေးတဲ့သရဲတွေကိုလိုက်ကြည့်မယ်လို့ ပြောတာပါ"

"ဒါလား ဟဲ့ . . . ဒါနဲ့ ကြားပြီးပြီလား"

"ဘာလဲဟ . . . အရင်းမရှိအဖျားမရှိနဲ့"

"အာကာ . . . သရဲခြောက်ခံရတယ်ဆိုတာလေ"

"မဟုတ်တာ ပေါက်ကရတွေ၊ ဒီကောင့်စကားက

www.burmeseclassic.com

www.burmeseclassic.com



သိပ်ဂျိုပေါက်ရင်တောင် မယုံနိုင်ဘူး''

အေမီပြောလိုက်တာကို ယုံရမလိုဖြစ်နေသည်။ အာကာသည် လူနောက်လူပြောင်တစ်ယောက်ဖြစ်သည်။ အမြဲတမ်း နောက်ပြောင် ပြောဆိုတတ်သည်။

အရာရာကို အတည်ပေါက်ပြောတတ်သည်။ အားသုံးယုံကြည်သွားရင် ရယ်တတ်သည်။ မကြာခဏ အစခံနေရတဲ့ အေမီတို့က ထိုစကားကို မယုံတော့ပေ။

အာကာသည် လူတစ်ယောက်ကို ယုံကြည်အောင်ပြောတဲ့နေရာမှာ နှစ်ယောက်မရှိပေ။

တစ်ချို့လူတွေက အာကာကို ''လူနောက်အာကာ'' ဟု ခေါ်ကြသည်။

အာကာနှင့်တွဲနေသော လေမျိုးဆိုတဲ့ လူတစ်ယောက် ရှိသေးသည်။ လေမျိုးဆိုတာ အမည်ရင်းမဟုတ် နာမည်ရင်း က မောင်မျိုး လေပေါလွန်းလို့ လေမျိုးဟု ခေါ်ခြင်းဖြစ်သည်။

''ဟုတ်တယ် ဟောဒီတစ်ခါ တကယ်ပြောတာ ဖြစ်မယ်''

''ဟုတ်တယ် ထွေးတင်ပြောတာမှန်တယ်။ အာကာကို ခြောက်တာ သရဲအစစ်မဟုတ်ဘူး''

''ဟော . . . ဟုတ်လား''

www.burmeseclassic.com

www.burmeseclassic.com



(၅)

"ဟာ . . . မင်း . . . မင်း ဘယ်သူလဲ"

အာကာသည် ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့် ပြောလိုက်သည်။

အာရုံထဲတွင် အရိပ်မည်းတစ်ခု အနားမှာရှိနေသည်ဟု ထင်မှတ်နေသည်။ ခြေသံလိုလို ကြားနေရသည်။ ခြောက်လှန့်နေသည်။ ပတ်ဝန်းကျင်ကို သေချာကြည့်နေသည်။ ထူးခြားမှုများ ကင်းမဲ့နေသည်။ ကြက်သီးများ ထလာသည်။ ဆံပင်များ ထောင်လာသည်။

"အား . . . အမလေး"

ထိတ်လန့်တုန်လှုပ်သွားသည်။ မှန်ကိုကြည့်နေရာက မျက်နှာလွှဲလိုက်သည်။ မှန်ထဲမှာပေါ်လာတဲ့မျက်နှာက လွန်စွာ ကြောက်စရာကောင်းလှသည်။ ချွေးများထွက်ကျလာသည်။ သူ့အနောက်က ပေါ်လာတဲ့ မျက်နှာက ဘယ်သူ့မျက်နှာပါလိမ့်။

ရောက်ရှိနေတဲ့ နေရာသည် ၄င်းကလွဲပြီး မည်သူမျှမရှိ။

မေမေသည် နောက်မှာထမင်းချက်နေသည်။ အာကာ သည် သုသာန်မှာတွေ့ကြုံခဲ့တဲ့နေ့ကစပြီး အပြင်ကိုထွက် ခြင်းမရှိ။ အိမ်ပေါ်မှာသာနေထိုင်သည်။ သူငယ်ချင်းများက အပြင်သွားရန်ခေါ်သည်။

အာကာ လက်ခံခြင်းမရှိ။ အိမ်ပေါ်မှာသာ အချိန်ကုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွား . . . မလာနဲ့ မလာနဲ့ မင်းကို ငါမသိဘူး"

"မသိဘူး"

အသံကုန်ဟစ်ပြီး ငိုနေသည်။

"မင်းကို ငါဘာမှမလုပ်ပါဘူး။ မင်းငါ့ကို မနှောင့်ယှက်ပါနဲ့"

အရူးတစ်ယောက်လို ဖြစ်နေ၏။ အာကာသည် ထိုင်ရာက်ထလိုက် တစ်ယောက်တည်း အချိန်ကုန်နေသည်။

"ဟဲ့ . . . သား ဘာဖြစ်နေတာလဲ"

"သရဲ . . . သရဲ"

"ဘယ်မှာလဲသားရဲ့"

"ဟို . . . ဟို . . . မှန်ထဲမှာ မှန်ထဲမှာ"

တိုင်မှာချိတ်ထားတဲ့မှန်ကို လက်ညှိုးထိုးပြ ပြောလိုက်သည်။ မိခင် ဒေါ်ခက်ထားသည် မှန်ကို သေချာကြည့်လိုက်သည်။ မှန်သည် ထူးခြားမှုမရှိအောင် ကင်းမဲ့နေသည်။ အာကာကို ကြည့်လိုက်ပြီး . . .

"ဘာမှမရှိပါဘူး သားရယ်၊ သားစွဲလမ်းနေလို့ပါ"

"ကျွန်တော် မစွဲလမ်းဖူးအမေ၊ မှန်ပေါ်မှာ ပေါ်လာတာကို ကျွန်တော်မျက်မြင်တွေ့တာပါ"

"မယုံရင် သားလာကြည့်ပါလား"

"မကြည့်ဘူး မှန်ကိုဖြုတ်လိုက်ပါ အမေ"

"လာကြည့်ပါသားရယ်၊ အမေအနားမှာ ရှိနေပါတယ် အမေတကယ်ပြောတာပါ"

ဒေါ်ခက်ထား အကြိမ်ကြိမ်ပြောမှ အာကာမှန်ကို ကြည့်ရန် ကြိုးစားနေသည်။ စိတ်တွေက ထိတ်လန့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မှန်ကိုကြည့်လျှင် ထို အကောင်ကြီးပေါ်လာမလား ဟုထင်မှတ်နေသည်။

"ဟာ . . . မရှိတော့ဘူး ဘယ်ရောက်သွားပြီလဲ"

"အိမ်ပေါ်ကို ဘယ်သရဲမှ တက်မရပါဘူး သားရယ်၊ သူတို့တက်ရင် အိမ်တွင်းအဘက ရိုက်ချမှာပေါ့"

"ဗျာ . . . ဘယ်လို"

"ဟုတ်တယ်သား . . . ဖေဖေတို့အိမ်ပေါ်ကို ဘယ်လိုမကောင်းဆိုးဝါးတွေမှ မတတ်နိုင်ဘူး"

ဦးတင်မြင့်သည် အိမ်ပေါ်သို့ရောက်သည်နှင့် ပြောလိုက်သည်။ အာကာသည် ဖခင်ဦးတင်မြင့်အား ကြည့်လိုက်သည်။ ၄င်းသည် ဆေးပြင်းလိပ်ကို မီးညှိလိုက်သည်။

ဦးတင်မြင့်တို့ ဇနီးမောင်နှံသည် အာကာဖြစ်ရပ်ကို ကြည့်ပြီးစိုးရိမ်နေကြသည်။ ဘယ်တုန်းကမှ သရဲမကြောက်ဘူးပြောနေတဲ့ အာကာရဲ့ကြောက်ရွံ့မှုကို ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်နေသည်။

"ဘာလို့ မတတ်နိုင်ရမှာလဲ၊ အခုပဲမှန်ထဲမှာတွေ့နေတယ်"

"ဖေဖေတို့ အိမ်မှာဘုရားစင်ရှိတယ်။ ဘုရားရှိတယ်၊ အိမ်တွင်းမင်းမဟာဂီရိလည်းရှိတယ် ... အဲဒါ သားလည်း အသိပဲ"

"မင်းမဟာဂီရိက ဘာမှမလုပ်လို့ တွေ့တာပေါ့"

"မင်းမဟာဂီရိအကြောင်းကို ဖေဖေပြောပြမယ်"

ဦးတင်မြင့်သည် ရေနွေးကြမ်းအိုးရှေ့မှာ ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းမဟာဂီရိဆိုတာ လူတစ်ယောက်မဟုတ်ဖူးလား အဖေ"

"လူတစ်ယောက်ပေါ့ ◦ ◦ ◦ သားရာ။ သူကအစွမ်းရှိတော့ နတ်ဖြစ်သွားတာပေါ့ သားရာ"

"အဲဒါဆို ပြောပြတော့ အဖေ"

"သားစိတ်ဝင်စားရင် အဖေပြောပြမယ်။ သာသနာ (၈၈၈) ခုနှစ် ပုဂံပြည်မှာ သေဥ်လည်ကြောင်ဆိုတဲ့ မင်းတစ်ပါး မင်းပြုအုပ်ချုပ်နေတဲ့အချိန်၊ တကောင်းပြည် ပန်းပဲမောင်တင့် ဆိုတဲ့ နာမည်ကျော် ပန်းပဲဆရာကြီးတစ်ဦးရှိတယ်၊ ပန်းပဲဆရာကြီး မောင့်တင့်တော်မှာ မောင်တင့်တယ်ဆိုတဲ့ သားနဲ့ စောမယ်ယာဆိုတဲ့ သမီးတော်တစ်ယောက်ရှိတယ်။ အသက်အရွယ်ကြီးလာပြီး သေဆုံးသွားတဲ့ ပန်းပဲဆရာကြီးရဲ့ ပန်းပဲလုပ်ငန်းကို သားဖြစ်သူ မောင်တင့်တယ်က ဆက်လက်လုပ်ကိုင်တယ်။ ပန်းပဲမောင်တင့်တယ်ဟာ အလွန်အံ့ဩစရာကောင်းသူတစ်ယောက်။ ခွန်အားဗလနဲ့လည်း ပြည့်စုံတယ်။ နှမ စောမယ်ယာကတော့ လွန်စွာချောမောလှပတဲ့ သူတစ်ယောက်ပဲ၊ တစ်နေ့မှာတော့"

ဦးတင်မြင့်သည် ရုတ်တရက်စကားစကို ရပ်လိုက်သည်။ စကားပြောတာကို စိတ်ဝင်စားပြီး လက်ထဲမှာကိုင်ထားတဲ့ ဆေးလိပ်လွတ်ကျသွားခြင်းကြောင့် ဖြစ်သည်။ ရွာသားတစ်ချို့ရောက်လာကြပြီး လုပ်ငန်းတွေကို မပြောသေးဘဲ ပြောနေတာတွေကို နားထောင်ပေးနေကြသည်။

ဦးတင်မြင့်သည် ပြောလက်စကို ဆက်လက်ပြောနေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၆)

တစ်ကောင်းဘုရင်သေဉ်လည်ကြောင်မင်းသည် တိုင်းပြည် အခြေအနေကို လှည့်ပတ်ကြည့်ရှုတော်မူသည်။

မျှုးမတ်သေနပတိရဲမက်စစ်သည် ကိုယ်ရံတော်များ လိုက်ပါလာကြသည်။ မင်းကြီးတိုင်းခန်းထွက်တော်မူရာ မြို့နယ်ကျေးရွာများက လမ်းမပေါ် ထွက်ဖူးမျှော်ကြသည်။

ပန်းဘဲရွာကိုရောက်ရာ ရွာသားများက မင်းကြီးကို ဖူးမျှော်ကြသည်။ ပန်းဘဲမောင်တင့်တယ်ရဲ့နှမ စောမယ်ယာတို့ကလည်း မင်းကြီးကို ဖူးမျှော်ကြသည်။

"ဟဲ့ . . . ဟိုနှမက ဘယ်သူ့ သမီးကညာလဲ ကွယ် တို့"

"မှန်လှပါ . . . ပန်းဘဲဆရာကြီးမောင်တင့်တော်ရဲ့ သမီး ကညာပါဘုရား"

"ဒီလောက်လှပတဲ့ မိန်းကလေး ရှိနေသေးတာကို ကွယ်"

"ဘုန်းတော်ကြောင့်ပါ ဘုရား"

"ဟင်း . . . ငါဘုရင် စိတ်တော်ဝင်စား လိုချင်သနား မိပါရဲ့ . . .၊ မင်းကြီးများ ဤသမီးကညာဟာ ငါဘုရင် ရွှေ နန်းတော်နဲ့ထိုက်တန်တယ် မိဘုရား မြှောက်တော်မူမယ်"

www.burmeseclassic.com

www.burmeseclassic.com



"သင့်မြတ်လှကြောင်းပါ ဘုရား"

ပန်းဘဲဆရာရဲ့ သမီးစောမယ်ယာသည် သေဥ်လည် ကြောင်မင်းရဲ့ မိဖုရားအဖြစ်တင်မြှောက်ခြင်းခံရသည်။

မောင်တင့်တယ်သည် နှမတော်နှင့်အတူ နန်းတော်ကို လိုက်ပါသွားခြင်းမရှိ။

ဖခင်ဦးတင့်တော်ရဲ့ ပန်းဘဲလုပ်ငန်းကို လုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်း ပြုလုပ်နေသည်။

မောင်တင့်တယ်ရဲ့ သံရေကျိုချက်သည့်မှာ ပြင်းထန်လွန်း၍ ဘုရင်ကြီး နားမခံသာအောင် ဖြစ်နေရသည်။ ထူးဆန်းတဲ့ အသံကြောင့် သောကများ ရောက်နေသည်။ အေးချမ်းသာယာနေတဲ့ တိုင်းပြည်ကို နှောက်ယှက်မည့်သူ ပေါ်လာမလား တွေးမိသည်။

ထိုကိစ္စအတွက် ညီလာခံခေါ်သည်။

ပရောဟိတ်ပညာရှိများ မှူးမတ်များ ရောက်ရှိလာကြသည်။

"မင်းကြီးများ . . ."

"ဘုရား . . ."

"ငါကိုယ်တော် ညဘက်စက်တော်ခေါ်မရဘူး။ ကြောက်စရာကောင်းတဲ့ ထုနှက်သံတွေ ကြားနေရတယ်"

"မှန်လှပါ . . . ပန်းဘဲမောင်တင့်တယ်ရဲ့ ဓါး၊ လှံ ထုလုပ်နေတဲ့ အသံပါ"

"ဘာကြောင့် ပြုလုပ်နေရတာလဲ မှူးမတ်များ"

"အရှင်မင်းကြီးကို ပုန်ကန်တိုက်ခိုက်ဖို့ လက်နက်များ ပြုလုပ်နေတာပါ။ သူ့အနောက်မှာ ရဲမက်အင်အား

www.burmeseclassic.com

www.burmeseclassic.com



များလာပါပြီဘုရား"

"တယ်မိုက်လုံးကြီးပါလားကွယ်"

"မိုက်လုံးကြီးပါတယ် ॰ ॰ ॰ ဘုရား"

သေဉ်လည်ကြောင်မင်း ဒေါသထွက်သွားသည်။ နှမတော်ကို တော်ကောက်ပြီးနောက်ပိုင်း မောင်တင့်တယ်အပေါ်ကို ငြိုငြင်မှုများ မထားခဲ့ပေမယ့် ယခုအမတ်ပညာရှိများ လျှောက်တင်လာတော့ ဆုံးဖြတ်ချက်တစ်ခုချရန် စဉ်းစားမိပါသည်။

အမတ်များသည် ဘုရင်ပြောလာမယ့်စကားကို နားစထောင်နေသည်။

ဘုရင်သည် မောင်တင့်တယ်အပေါ် ဒေါသများလွှမ်းမိုးနေသည်။ ဘယ်လိုလုပ်ဆုံးဖြတ်ရမလဲဆိုတာ စဉ်းစားနေသည်။

မောင်တင့်တယ်သည် ၎င်းအား ပုန်ကန်တော်လှန်ရန် ကြိုးစားနေသည်ဟု စကားတွေက တုန်လှုပ်စေသည်။

"မင်းကြီးများ "

"ဘုရား ॰ ॰ ॰"

"ပန်းပဲတင့်တယ်ကို ဖမ်းဆီးစေ"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



(၇)

"ဝိုင်းဟေ့ . . ." "ဖမ်းကြဟေ့"

ဆူညံနေတဲ့အသံသည် ပတ်ဝန်းကျင်ကို လွှမ်းမိုးသွားသည်။ မောင်တင့်တယ်သည် ဓါးရှည်တစ်ချောင်းကို ဆုပ်ကိုင်ပြီး ပြေးသည်။

ဘုရင့်ရဲမက်များသည် မောင်တင့်တယ်ရဲ့နေအိမ်ကို ဝိုင်းထားသည်။ ရှာဖွေနေကြသည်။

"ဟေ့ . . . ဟိုမှာပြေးပြီ လိုက်ကြ"

ရဲမက်များသည် မောင်တင့်တယ်အနောက်ကို လိုက်နေကြသည်။ ခွန်အားကြီးမားတဲ့ မောင်တင့်တယ်က အပြေးမှာ လျှင်မြန်သည်။ ရဲမက်များသည် မောင်တင့်တယ်ကို ဖမ်းဆီးနိုင်ရန် ကြိုးစားလိုက်နေကြသည်။ များပြားနေတဲ့ ရဲမက်များကို ရင်ဆိုင်ရန်မဖြစ်နိုင်၍ ပြေးနေပေမဲ့ ဒေါသများကလွှမ်းမိုးနေသည်။ ရဲမက်များကို တိုက်ခိုက်ရန် ကြိုးစားနေသည်။ ရဲမက်ကို အုပ်ချုပ်တဲ့ စစ်မှူးက လူစုခွဲပြီးလိုက်ရန် ကြိုးစားနေကြသည်။ ရဲမက်များသည် သုံးလေးယောက် လူစုခွဲပြီး လိုက်နေကြသည်။ ပန်းဘဲမောင် တင့်တယ်သည် ခုခံနိုင်ရန် အင်အားများမရှိ၍ ဆက်လက် ပြေးနေကြသည်။

"ပြေးမလွတ်ပါဘူး ပါးကွပ်သားရာ"

"ကျုပ်မှာ ဘာမှအပြစ်မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်ကို ပုန်ကန်ဖို့ ကြိုးစားတဲ့အပြစ်ပဲ"

"မဟုတ်တဲ့ လုပ်ရပ်"

"ဟော့ . . . ရဲမက်တို့ ဖမ်းကြ"

ရဲမက်များသည် ဝင်ရောက်ဖမ်းဆီးရန် ကြိုးစားနေသည်။ ထွက်ပြေးရန် လမ်းစပိတ်နေသည်။ အဖမ်းခံရမှာကို စိုးရိမ်နေသည်။

ဝင်ရောက်လာတဲ့ ရဲမက်များကို ခုခံတိုက်ခိုက်လိုက်သည်။ ရဲမက်များသည် မောင်တင့်တယ်ရဲ့လက်ချက်ကြောင့် နှစ်ယောက်သုံးယောက်လဲကျသွားသည်။ ကျန်နှစ်ယောက်သည် လဲကျသွားတဲ့ ရဲမက်တွေအတွက် ဒေါသထွက်သွားသည်။ မောင်တင့်တယ်အား တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။ ဓါးရှည်များကို ကျစ်ကျစ်ပါဆုတ်ကိုင်ထားသည်။ မောင်တင့်တယ်သည် ဘယ်သူ့ကိုမှ မကောင်းမြင်တတ်သူမဟုတ်။ ပတ်ဝန်းကျင်ကို စိတ်ဝင်စားခြင်းမရှိ။ အလုပ်ကိုသာ စိတ်ဝင်စားသည်။

ဘုရင့်ရဲမက်များက တိုက်ခိုက်လာသည်။ လွတ်အောင်ပြေးရသည်။ မလွတ်တာနှင့် ရင်ဆိုင်ရသည်။

တကယ်တော့ မောင့်တင့်တယ်သည် ခွန်အားဗလနှင့် ပြည့်စုံသည်။ ငယ်စဉ်က ဆန်တစ်လည်ချက်ကိုစားသည်။ အသက်ဆယ့်ခြောက်နှစ်အရွယ်ရောက်တဲ့အခါ ဆန်တစ်စိတ်ချက်တဲ့ထမင်းကို ကုန်အောင်စားနိုင်သည်။ ခွန်အားကြီးကြီးဆင်တစ်ကောင်ကိုတောင် ချီနိုင်သည်။ အစွယ်ကို ချိုးပစ်နိုင်သည်။ လုံးပတ်ထွားဆိုင် အလားလေးတောင်ရှိ သံချောင်းကို ဦးခေါင်းပေါ်တင်ပြီး လက်နှစ်ဖက်

www.burmeseclassic.com



နှင့်ဆွဲပြီး လေးကွဲသို့ညွှတ်ကွေးအောင် ပြုလုပ်နိုင်သည်။ ယခု ရဲမက်တွေကို ခွန်အား၊ ဓါးရေးဖြင့် ယှဉ်ပြိုင်နိုင်သည်။

ဓါးရှည်ကို ဘယ်ညာရွေ့ယမ်းလိုက်သည်။ ပြတ်သားစွာ ထိမှန်ပြီး လဲကျကုန်သည်။ မောင်တင့်တယ်သည် ဆက်လက်ပြေးနေသည်။ လမ်းမှာတွေ့တဲ့ရဲမက်များကို တိုက်ခိုက်ရှင်းပစ်လိုက်သည်။ ဘယ်လိုလူမှ အနိုင်မတိုက်နိုင်။ တိုက်ခိုက်လာသူများ သေကြေကုန်သည်။ လွတ်တဲ့ ရဲမက်များ မောင်တင့်တယ်လက်ချက်ကြောင့် နန်းတော်ကို ပြန်မရောက်ပေ။ ထိုသတင်းကို ကြားလိုက်ရတော့ ဘုရင်သေဉ်လည်ကြောင်သည် ဒေါသထွက်ပြီး နန်းတော်စွန့်ပစ်ရမှာ စိုးရိမ်လာသည်။ ဘုရင်ကြီးသည် မောင်တင့်တယ်ကို ဖမ်းဆီးရန် အကြံတစ်ခု ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

တစ်တောလုံး ခြေသံများဖြင့် လွှမ်းမိုးနေသည်။

ဘုရင့်ရဲမက်စစ်သည်များသည် မောင်တင့်တယ် နေထိုင်ရာ တောအတွင်းကို လိုက်လာကြသည်။

မောင်တင့်တယ်သည် ရာဇဝတ်ကောင်အဖြစ် တောအတွင်းမှာ ပုန်းခိုနေရသည်။ စိတ်ထဲမှာလည်း မကျေနပ်မှုဒေါသများ လွှမ်းမိုးနေသည်။

အမက်ရဲမက်များသည် မောင်တင့်တယ်ကို ဖမ်းဆီး တိုက်ခိုက်ခြင်းမရှိ။ နေထိုင်ရာကိုသာ စုံစမ်းရှာဖွေထားသည်။

ယခုတော့ မောင့်တင့်တယ်ရဲ့နှမ စောမယ်ယာ ကိုယ်တိုင် လိုက်ပါလာသည်။ စောမယ်ယာသည် သီရိစန္ဒာ ဘွဲ့အမည်ဖြင့် ဘုရင့်ရဲ့ မိဘုရားတစ်ပါး စာရင်းဝင်လေသည်။

ဘုရင် သေဦလည်ကြောင်သည် သီရိစန္ဒာမိဘုရား အား ခေါ်ယူပြီး မောင်တင့်တယ်ထံ စေလွှတ်သည်။ ရဲမက် စစ်သည်တွေ ဖမ်းဆီးမရ၍ နှမတော်နှင့် ခေါ်ခိုင်းသည်။ မောင်တင့်တယ်ကို အိမ်ရှေ့မင်းသားရာထူး ပေးမည်ဟု ပြောဆိုသည်။

အစ်ကိုတော် အိမ်ရှေ့မင်နသားဖြစ်ရမည်ကို ကျေနပ်ပြီး ခေါ်ယူရန် ထွက်လာခဲ့သည်။

မိဖုရားသည် ဝေါယဉ်ပေါ်ထိုင်ပြီး လိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"နားဆင်တော်မူပါ အရှင်မိဖုရား"

"အကြောင်းထူးသလား မောင်မင်း"

"မှန်လှပါ အရှင်မိဖုရားရဲ့ အစ်ကိုတော်ဟာ အဲဒီကျောက်ဂူထဲမှာနေပါတယ် ဘုရား"

ရဲမက်အကြီးအကဲရဲ့စကားကို လက်ခံလိုက်သည်။

မိဖုရားသီရိစန္ဒာ (စောမယ်ယာ)သည် ထမ်းစင်ကို ချခိုင်းထားလိုက်သည်။ ထမ်းစင်ကို ချလိုက်ကြသည်။

"မောင်မင်းတို့ လိုက်မလာကြနဲ့ ဒီမှာပဲ နေခဲ့ကြ"

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

မိဖုရားသည် ညွှန်ပြလိုက်သည့် ကျောက်ဂူရှိရာသို့ ထွက်လာသည်။

ကျောက်ဂူသည် သီးသန့်မဟုတ်။ တောင်ကြီးရဲ့ အောက်ကဂူကြီးဖြစ်သည်။ ကြီးမားတဲ့ အပင်ကြီးများ အုပ်ဆိုင်းဖုံးကွယ်ထားသည်။ ရုတ်တရက် ဂူကြီးကိုတွေ့ရန် မလွယ်ကူအောင် ဖြစ်နေသည်။

"အစ်ကိုတော် အစ်ကိုတော်"

ခေါ်သံကို ကျောက်ဂူအတွင်းက ကြားလိုက်ရသည်။ ရင်းနှီးတဲ့အသံဖြစ်နေသည်။ နှမတော်စောမယ်ယာဆိုတာ ကောင်းစွာ သိလိုက်သည်။ အနားမှာချထားတဲ့ ဓါးကိုယူပြီး ဂူအဝမှာထွက်ပြီး ကြည့်လိုက်သည်။

နှမတော် ရပ်နေတာကို တွေ့လိုက်ရသည်။

ပတ်ဝန်းကျင်မှာ တစ်ယောက်မှမတွေ့ရ၍ စိုးရိမ်စိတ်များ လွှမ်းမိုးထားသည်။ ၎င်းကြောင့် ဘုရင်က ပြည်နှင်ဒဏ်ပေးလိုက်ပြီလား။

www.burmeseclassic.com

www.burmeseclassic.com



ပြည့်နှင်ဒဏ်သာပေးလျှင် မိမိကြောင့်ဟု ယူဆလိုက်မိသည်။ ဂူအပြင်ကို ချက်ခြင်းထွက်လာသည်။

"နှမတော် ဘယ်လိုဖြစ်လာတာလဲ၊ အစ်ကိုတော်ကြောင့် ဘုရင်က ပြည်နှင်ဒဏ်ပေးလိုက်တာလား"

စိုးရိမ်စိတ်များဖြင့် မေးလိုက်သည်။ နှမတော်ရဲ့မျက်နှာကို သေချာကြည့်ပြီး အနားကို လျှောက်လှမ်းကာနေသည်။

"အစ်ကိုတော့်ကို ခွင့်လွှတ်ပါနှမတော်၊ အစ်ကိုတော်ဟာ ဘယ်သူ့ကိုမှ တော်လှန်ပုန်ကန်ဖို့ မကြိုးစားပါဘူး။ ဘုရင်ရဲ့မက်တွေက ဘုရင်ကို ပုန်ကန်ဖို့ ကြိုးစားတယ်ဆိုပြီး လိုက်ဖမ်းကြတယ်။ ရဲမက်တွေကို သတ်မိပါတယ်။ အဲဒီအတွက်ကြောင့် နှမတော်ကို တောင်းပန်ပါတယ်။ အခု အစ်ကိုတော်ကြောင့် . . ."

ပြောမယ်လို့ ရည်ရွယ်ပေမယ့် ပြောမထွက်။ ရုတ်တရက် ရပ်လိုက်သည်။ နှမတော်ကို ကြည့်လိုက်မိသည်။

ကြေကွဲစွာပြောနေပေမယ့် ထူးခြားမှုမရှိတဲ့ မျက်နှာဖြင့် ကြည့်နေသည်။ အထင်နှင့်အမြင်များစွာ ကွာခြားနေသည်။

"အစ်ကိုတော် ထင်နေတာမဟုတ်ဘူး။ နှမတော်လာတာက အစ်ကိုတော်ကို လာခေါ်တာ"

"ဘာ . . . ဘယ်လိုနှမတော်"

အံ့သြခြင်းများစွာဖြင့် မိဖုရားကို ကြည့်လိုက်နှစ်ယောက်သား အကြည့်ခြင်းမတူအောင် ဖြစ်နေသည်။

"အစ်ကိုတော် ရွှေနန်းတော်ကိုလိုက်ခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရင့် မိဖုရားကြီးဖြစ်သွားတော့ အစ်ကိုအရင်းကိုတောင် လူ့လောကမှာ ကောင်းကောင်းမွန်မွန်နေထိုင်တာကို မမြင်ချင်တော့ဘူးလား။ အခု အစ်ကိုတော့် ယောမှာ ပုန်းနေရတာ နှမတော် ဘုရင့်မိဖုရားဖြစ်သွားလို့၊ နှမတော် ဘုရင့်မိဖုရားမဖြစ်ရင် ကောင်းမှာပဲလို့ တွေးမိသေးတယ်"

"နှမတော် အခုလာတာ အစ်ကိုတော့်ကို ဖမ်းဖို့ မဟုတ်ပါဘူး။ ဘုရင်ထီးဘုရားကြီးက အိမ်ရှေ့စံ ရာထူး ပေးမယ်တဲ့၊ အဲဒါကြောင့် လာခေါ်တာပါ"

"အဲဒီ ရာထူးကိုလည်း မလိုချင်ဘူး။ လိုက်လဲ မလိုက်ဝံ့ဘူး။ ဘုရင့်ကြီးကိုသာ ပြောလိုက်ပါ၊ အစ်ကိုတော်ဟာ ဘုရင်ကြီးကို တော်လှန်ပုန်ကန်သူ မဟုတ်ပါဘူး၊ လိုက်မဖမ်းပါနဲ့တော့လို့"

"အဲဒီလိုမပြောပါနဲ့ အစ်ကိုတော်။ လူ့လောကမှာ အစ်ကိုတော်နဲ့ နှမတော်တို့နှစ်ယောက်ပဲ ကျန်တော့တာ။ နှမတော်နဲ့ နီးကပ်ရာမှာသာလိုက်နေပါ"

"ပန်းဘဲသမား ဆင်းရဲသားနဲ့ မထိုက်တန်တဲ့ နန်းတော်ကို မလိုက်ဝံ့ပါဘူး။ နှမတော် ဘုရင်နဲ့ ရဲမက်တွေလည်း မယုံဘူး"

မလိုက်ရန် အတန်တန်ပြောနေသည်။

သိရိစန္ဒာမိဖုရားသည် မောင်တင့်တယ်ကို လိုက်ခဲ့ရန် ကြိမ်ဖန်များစွာခေါ်နေသည်။ အချိန်များစွာကြာမြင့်လာသည်။

စောင့်ဆိုင်းနေတဲ့ ရဲမက်များအတွက် စိတ်ကျေနပ်နိုင်အောင် ဖြစ်နေသည်။ မောင်တင့်တယ်တို့ မောင်နှမ သည် အပြန်အလှန်ပြောဆိုပြီး မျက်ဝန်းမှမျက်ရည်များကျ ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲနေကြသည်။

သီရိစန္ဒာမိဖုရားက အစ်ကိုတော်ကို နန်းတော်လိုက်ခဲ့ရန် ကြိမ်ဖန်များစွာခေါ်နေသည်။ ပြတ်သားစွာငြင်းဆိုနေသည်။ နှမတော်ရဲ့ တောင်းဆိုနေတာကြောင့် နောက်ဆုံးတွင် လိုက်ရန်ဆုံးဖြတ်လိုက်သည်။

"နှမတော် စိတ်ချမ်းသာအောင်ဆိုရင် အသက်သေခံပြီး လိုက်ခဲ့ပါ့မယ်"

"အဲဒီလိုမပြောပါနဲ့ အစ်ကိုတော် အသက်သေရင် နှမတော်လည်း အသေခံသွားမှာပါ၊ အချိန်နှောင်းပြီ၊ သွားကြစို့အစ်ကိုတော်"

"ကောင်းပါပြီ"

ဖိဖုရားသည် အစ်ကိုဖြစ်သူကိုခေါ်ပြီး ကျောက်ဂူကို ကျောခိုင်းထွက်လာခဲ့သည်။ ရဲမက်များက စောင့်ဆိုင်းနေကြသည်။ ရဲမက်များသည် မိဖုရားကို ဂါရဝပြုပြီး . . .

ထမ်းစင်ကို ပြင်ဆင်ပေးလိုက်သည်။ မောင်တင့်တယ် နှမတော် စကားကိုယုံကြည်ပြီး လက်ထဲကိုင်ထားတဲ့ ဓါးကို ရဲမက်အကြီးအကဲလက်ထဲ အပ်လိုက်သည်။

ထို့နောက် ရွှေနန်းတော်ကို ပြန်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၉)

"အမလေး ‥‥ မောင်တော်ရဲ့ အမိန့်က ပြင်းထန်လွန်းလိုက်တာ"

ဖိဖုရားကြီး သီရိစန္ဒာသည် ကြေကွဲစွာပြောလိုက်သည်။

ဘုရင်သေဉ်လည်ကြောင်ကို မျက်ရည်များနှင့် မေးလိုက်သည်။ အောင်မြင်မှုများစွာရရှိနေတဲ့ ဘုရင်ကြီးမှာ ပျော်ရွှင်နေသည်။

"မောင်တော်ပြောတော့ အစ်ကိုတော်ကို အိမ်ရှေ့မင်းသား အဖြစ်ပေးမယ်ဆို ‥‥ အဲ့ဒါကြောင့် နှမတော်သွားခေါ်တာလေ။ အဲဒါလေးကိုတော့ မောင်တော် သိထားသင့်ပါတယ်။ အစ်ကိုတော် သေရင် နှမတော်ပါ သေရလိမ့်မယ်ဘုရား"

"ကိုယ်တော်ကိစ္စမှာ နှမတော်နှင့် မဆိုင်ဘူး။ ၄င်းကိုသာ အိမ့်ရှေ့မင်းသား ရာထူးပေးလိုက်ရင် ကိုယ်တော်နေရာကို လုယူသွားလိမ့်မယ် မိဖုရား"

"အဲ့ဒီလို မဟုတ်တာတွေ မတွေးပါနှင့် ဘုရား"

မိဖုရားပြောစကားသည် အရာမထင်။ ဘုရင်ကြီးကတော့ မေးထားတဲ့အမိန့်အတိုင်း ဆက်လက်လုပ်ဆောင်ရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးသည် မိဖုရားကို အချိုသပ် ဥဏ္ဏာဆင်ပြီး ခေါ်ခိုင်းခဲ့သည်။ နန်းတော်ကိုရောက်တာနှင့် ထောင်သွင်း အကျဉ်းချလိုက်သည်။

ပညာရှိအမတ်တွေရဲ့ လျှောက်တင်မှုတွေကို ယုံကြည် သွားသည်။

ညီလာခံကျင်းပပြီး သေဒဏ်အမိန့် ချမှတ်လိုက် သည်။ မိဖုရားကြီးက မကျေနပ်အောင် ဒေါသထွက်သည်။

ကျောက်ဂူအတွင်းမှာ ပုန်းအောင်းနေတာကို ရအောင် ခေါ်ပြီး နန်းတော်ရောက်တော့ အပြစ်သားအဖြစ် သတ်မှတ် ခံရသည်။ မောင်တင့်တယ်သည် အသက်ခံရမှာကို ကြောက်ရွံ့ စိတ်မရှိ။ နှမတော်ရဲ့ လုပ်ရပ်ကို ဒေါသထွက်နေသည်။ မိဖုရားကြီးက နန်းဆောင်မှာနေရတာ၊ အပြင်က အကြောင်း တွေကို မသိဘဲကိုး။

"တော်ပြီ . . . ဒီစကား ဒီမှာတင်ရပ်ထား။ ကိုယ်တော် ဒေါသထွက်လာရင် မိဖုရားကြီးအသက်ကိုပါ အန္တရာယ် ပြုမိလိမ့်မယ်"

ဘုရင်ကြီးသည် မိဖုရားကြီးအား ပြန်ရန်အမိန့်ပေး လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

"ဒီကို ဘာလာလုပ်တာလဲ အမိုက်မ,မလာနဲ့။ နင့်မျက်နှာကို မမြင်ချင်ဘူး"

ဒေါ်သသံများသည် ဝန်းကျင်ကို လွှမ်းမိုးသွားသည်။ အကျဉ်းချခံရတဲ့မောင်တင့်တယ် လာရောက်တွေ့ဆုံသည့် တောင်းပန်ရန်ရောက်ရှိလာတဲ့ နှမတော်ကို အပြစ်တင်နေသည်။ မိဖုရားကြီးသည် ဒေါသမျက်နှာဖြင့် ကြည့်နေသည်။

"ဒီလိုမပြောပါနဲ့ အစ်ကိုတော်"

"နင့်ကို သတ်ပစ်ချင်လောက်တဲ့အထိ ပြောချင်နေတာ၊ ဘုရင်မိဖုရားဖြစ်သွားတော့ အစ်ကိုရင်းကိုတောင်သတ်ဖို့ ဝန်မလေးတော့ဘူး၊ နင်ပြောတော့ အိမ်ရှေ့မင်းသားဆို၊ အခု ထောင်ရှေ့မင်းသားတောင်မဟုတ်ဘူး။ ဒီကြားထဲပြင်းထန်စွာ အသတ်ခံရမယ်တဲ့၊ ရာဇဝင်ဆိုးလိုက်တဲ့အဖြစ်ပါ၊ ကိုယ့်ဘဝအေးချမ်းချင်တာနဲ့ အစ်ကိုရင်းကိုသတ်ဖို့ လိမ်ညာခမ်းပေးတယ်"

"နှမတော်ကို အထင်မလွဲပါနဲ့"

"ဒီမျက်နှာနဲ့ မတောင်းပန်ပါနဲ့။ ဘဝဆက်တိုင်းနင့်လို ညီမမျိုးနဲ့ မဆုံရပါစေနဲ့လို့ တောင်းပန်နေတာတောင်အကြံမအောင်မြင်မှာ စိုးရိမ်ပြီး ရအောင်ခေါ်လာတယ်။ နင့်ကို သနားမိတဲ့ ငါ့ကို ဘယ်သူကမှ မသနားကြတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မောင်တင့်တယ်သည် ဒေါသမျက်ရည်များ အလိမ့်လိုက်စီးကျလာနေသည်။ ဘယ်လိုပင်ပြောပေမယ့် မရအောင် ဖြစ်နေသည်။

နှမရဲ့စကားကို ယုံစားမိလို့လိုက်ခဲ့သည်။

ယခုတော့ ယောက်ဖတော်ဘုရင်က သတ်စေအမိန့်ကိုချမှတ်လိုက်သည်။ လူ့လောကမှာ အသက်ရှင်နေထိုင်ရသည်မှာ တန်ဖိုးကင်းမဲ့စွာနေရမယ့်ရက်ကို မျှော်လင့်စောင့်စားပြီး နေထိုင်နေရသည်။

နှမတော်က ဘယ်လိုပင်တောင်းပန်နေပေမယ့် လက်ခံနိုင်စရာမရှိအောင် ဖြစ်နေသည်။

"အဲဒီလို မပြောပါနဲ့ ဘာမှမကြားချင်ဘူး။ နှမတော်အခုထွက်သွားပါ။ နှမတော်ကို တွေ့နေရင် တစ်ခုခုလုပ်မိလိမ့်မယ်"

မိဖုရားစောမယ်ယာသည် မောင်တင့်တယ်ကို ရှင်းပြချင်သော်လည်း လက်ခံခြင်းမရှိပေ။ မှူးမတ်ရဲမက်များက စကားများနေတဲ့ မောင်နှမရဲ့အခြေအနေကို စောင့်ကြည့်နေကြသည်။

အထိန်းတော်များသည် မည်သည့်စကားကိုမှ ဝင်ရောက်ပြောဆိုခြင်းမရှိ။ အနောက်ကသာ ရပ်နေကြသည်။ စောမယ်ယာသည် ကြေကွဲတဲ့မျက်ရည်များကိုသုတ်ပြီး ထွက်သွားကြသည်။

တောင်စွယ် နေကွယ်ချိန်တွင် မောင်တင့်တယ်ကို မီးရှို့သတ်စေဟု အမိန့်ပေးလိုက်သည်။ မောင်တင့်တယ်ကို စကားပင်တွင် ချည်တုတ်ထားသည်။ မီးဖို့ရန် ကြီးမားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ထင်းပုံကြီးရှိသည်။

တောင်စွယ်နေကွယ်သည်နှင့် မောင်တင့်တယ်ကို ထိုနေရာတွင် မီးရှို့သတ်လိုက်သည်။ မိဖုရားစောမယ်ယာသိသည်နှင့် နန်းတော်ဆောင်မှ ပြေးထွက်လာပြီး မီးပုံအတွင်း ခုန်ချလိုက်သည်။ ဘုရင်ကြီးသည် စောမယ်ယာကို ဆွဲလိုက်သည်။ ဆံပင်ကိုသာမိပြီး ကိုယ်လုံးက မီးပုံအတွင်းကို ရောက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

သေဥ်လည်ကြောင်မင်းသည် မိဖုရား မီးလောင်ကျွမ်းခံလိုက်ရ၍ လွန်စွာစိတ်မကောင်းဖြစ်ပေမယ့် မိဖုရားကြီးကတော့ ပြန်လည်ရောက်ရှိလာခြင်းမရှိတော့ပေ။

ပန်းဘဲမောင်တင့်တယ်နှင့် နှမတော်တို့သည် မီးအရှို့ခံရတဲ့ စကားပင်မှာနေကြသည်။

တိုင်းသူပြည်သားနှင့် မင်းပြည်သူများက မသိကြပေ။

တစ်နေ့တော့ နွားခင်း၌ လူသုံးယောက်က စကားပင်ကြီးအောက်မှာထိုင်ပြီး မဖွယ်မရာစကားပြောနေကြသည်။

"ဖျောင်း "

"ဖျောင်း"

"အမလေးဗျာ"

အော်သံနှင့်အတူ လဲကျသွားသည်။

ကျန်လူများ လွန်စွာအံ့သြကုန်ကြသည်။

ဘယ်သူရိုက်တာလဲဟု ကြည့်နေကြသည်။

"ဖျောင်း"

"ဖျောင်း"

"ဖျောင်း"

"အား"

"အား"

"အမလေး"

တစ်ယောက်ကို ကျောကရိုက်ပြီး ကျန်သူများကို ပါးရိုက်လိုက်သည်။

စကားပင်အောက် ရောက်ရှိသူများ အံ့သြတုန်လှုပ်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

တစ်နေ့သ၌

ကျေးရွာရှိ ကျွဲ၊ နွားများသည် အစာစားပြီး စကားပင်ကြီး အနားမှာ အနားယူနေကြသည်။

တစ်ချို့ ကျွဲ၊ နွားတွေက အပင်ကြီးကို ကိုယ်လုံးနှင့်ကပ်ပြီး ပွတ်နေသည်။

"ဖျောင်း"

"ဘော"

"ဖုန်း"

စကားပင်ကိုပွတ်တဲ့ နွားလဲကျသွားသည်။ ကျန်ကျွဲ၊ နွားများ အထိတ်တလန့်ဖြစ်ပြီး ထွက်ပြေးကုန်ကြသည်။

ကျွဲ၊ နွားများ အရိုက်ခံလိုက်ကြရသည်။

စကားပင်အနား ရောက်ရှိလာသူ မည်သူမဆို အရိုက်ခံကြရသည်။

"ဒါကတော့ မလွယ်တဲ့ ကိစ္စပါပဲဗျာ . . .၊ တစ်ခုခုလုပ်ရင် ကောင်းမယ်"

ရွာသားများသည် စကားပင်ကြီးအပေါ် သံသယဖြစ်လာကြသည်။

သရဲခြောက်သည်ဟု ထင်မှတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှုပ်ကုန်ကြသည်။ ရွာကို ဦးဆောင်သူများက ဝိုင်းဖွဲ့ပြီး အဖြေရှာဖွေကြသည်။

"ဒီအပင်ကြီးကို ရှင်းပစ်မှကောင်းမယ်"

"ဖြစ်ပါ့မလား ဒီလောက်လူတွေကို ဒုက္ခပေးနေတာပဲ"

"ဘယ်လိုရှင်းမယ်စိတ်ကူးထားလဲ"

"ဒီအပင်ကြီးကို အမြစ်ကတူးပြီး မြစ်ထဲပစ်ချရင်ကောင်းမယ်"

"အဲဒါတော့ မဖြစ်သေးဘူး ကိုရင်"

"ဒီစကားပင်ကြီးက ဘုရင့်မိဖုရားနဲ့ ဘုရင့်ယောက်ဖကို မီးသင်္ဂြိုလ်တဲ့ အပင်ကြီး ကိုရင်။ ဘုရင်သိရင် အသတ်ခံရလိမ့်မယ်။"

"ဒါဆို ဘာလုပ်ကြမလဲ"

"ဘုရင်ထံလျှောက်တင်ရမှာပေါ့ ကိုရင်"

ရွာသားများသည် စိတ်တူကိုယ်တူ ဆုံးဖြတ်လိုက်ကြသည်။ ၄င်းတို့သည် စကားပင်ကြီး ရှိနေတာကို မလိုလား။

အပင်ကြီးသည် လူ၊ နွား၊ ကျွဲများကို ဒုက္ခပေးသည်။ မကြာခဏ ခြောက်လှန့်တတ်သည်။ အပင်နားကို မသွားရဲသလို သွားရောက်သူများ ထိတ်လန့်တုန်လှုပ်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

"အဖေ ဆက်ပြောဦးလေ"

ဖခင်စကားကို စိတ်ဝင်စားနေကြသည်။ ဦးတင်မြင့်သည် ရေနွေးကြမ်းကိုယူပြီး အေးဆေးစွာ သောက်နေကြသည်။ ဦးတင်မြင့်ပြောလာမယ့်စကားကို နားထောင်ရန် စောင့်မျှော်နေကြသည်။ ရွာသားများသည် တစ်ယောက်မှ သုံးလေးယောက် ရှိလာကြသည်။

"အဖေ အဲဒီစကားပင်ကြီးကို အမြစ်ပါတူးပြီး မြစ်ထဲကိုပစ်ချလိုက်တယ်ကွယ့်။ ရေထဲမှာမျောနေပေမယ့် အပင်နား ကပ်သူတွေကိုတော့ ရိုက်တာပဲ၊ ခြောက်လှန့်နေတာပဲ။ အဲဒီကိစ္စကို ဘုရင်ကြားသိသွားတော့ ဘုရင့်အမိန့်နဲ့ အပင်ကြီးကို ဆယ်ယူပြီး မောင်တင့်တယ်နဲ့ မယ်စောယာတို့ ပုံထုလုပ်ပြီး ပုပ္ပားတောင်မှာ အဆောက်အဦးဆောက်ပြီး ကိုးကွယ်ထားတယ်။ နှစ်စဉ် ပွဲကျင်းပပေးတယ်၊ နောက်ပိုင်းလူတွေက မစတယ်ဆိုပြီး ယုံကြည်လာကြတယ်၊ ကိုးကွယ်လာကြတယ်။ ဒီစကားကိုကြားတော့ ဘုရင်ကြီးက အမိန့်တစ်ခုထုတ်တယ်။ တိုင်လေးတိုင် အဆောက်အဦးကအစ လူနေအိမ်များမောင် တင့်တယ်ကို ကိုးကွယ်ရမယ်။ လူနေအိမ်တွေ စောင့်ရှောက်ဖို့ အမိန့်ပေးလိုက်တာ အခုထိ ကိုးကွယ်လာကြတာပဲကွယ်"

"ဒါနဲ့ . . . အိမ်တွင်း မင်းမဟာဂီရိကို မီးနဲ့ မပူလောင်ရဘူး။ စကားပန်းမတင်ရဘူးဆိုတာ ဘာအဓိပ္ပာယ်လဲ"

မေးခွန်းပေါင်းများစွာ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်မြင့်သည် နတ်များရဲ့ အကြောင်းကို သိနေသည်။ ရွာမှာ ရေငံပိုင်နတ်တင်တာ၊ အိမ်တွင်းနတ်တင်တာ၊ သုံးဆယ့်ခုနစ်မင်း နတ်တင်ရင် သူက တင်ပေးရသည်။ ၎င်းကိုသာ အားကိုးနေသည်။

"မင်းမဟာဂီရိက မီးလောင်သေတဲ့အတွက် မီးကို ကြောက်တာ။ စကားပွင့်မတင်ရတာက စကားပင်ဟာ သူတို့ရဲ့ ရုပ်ပုံတွေ ပြုလုပ်ထားတဲ့အတွက်ပေါ့ကွယ်"

"အခုမှပဲ သဘောပေါက်တော့မယ်"

"ဦးကြီးတင်မြင့် ... ဦးကြီးတင်မြင့်"

"ဟေ ... ဘယ်သူလဲ"

"ကျွန်မပါ ဦးကြီးတင်မြင့်ရဲ့"

အားလုံးအသံလာရာ ကြည့်လိုက်သည်။

"ဘာကိစ္စလဲကွယ်"

"အဖေက အိမ်တွင်းပူဇော်ဖို့တဲ့ အဲဒါ လာခေါ်ခိုင်းလို့"

"အေး ... အေး ... လာခဲ့မယ်"

စာရှုသူတို့ မောင်တင့်တယ်အကြောင်းကို အမျိုးသားပညာဝန် ဦးဖိုးကျားရေးသားတဲ့ မြန်မာ့ဂုဏ်ရည် သူ့ရဲကောင်းများ စာအုပ်ကို မှီ၍ ရေးသားတင်ပြမိပါသည်။)

ဦးတင်မြင့်သည် အိမ်တွင်း မင်းမဟာဂီရိတင်ရန် လိုက်သွားသည်။ အိမ်ရှိသူများသည် မေးရန် စိတ်ကူးမှုတွေကို ရပ်ဆိုင်းထားလိုက်သည်။

✪

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

"မလိုက်ဘူးကွာ ငါအိမ်မှာပဲနေတော့မယ်"

သူငယ်ချင်းများ ခေါ်ကြသည်။

အာကာသည် အခြောက်ခံလိုက်ရတာကို စိတ်စွဲပြီး ညဘက် အပြင်ဘက်ကို မထွက်ရဲအောင် ဖြစ်နေသည်။

အာကာသည် ယောက်ျားတစ်ယောက်ဖြစ်ပေမယ့် လွန်စွာ ကြောက်တတ်သူတစ်ယောက် ဖြစ်သည်။ ရွာရှိ လူငယ်များက ခြောက်လှန့်တတ်သည်။

ဘေးဒုက္ခရောက်လိုတဲ့ စိတ်များမရှိ။

တစ်ဖက်သားကြောက်သွားတာကို ပျော်ရွှင်ကျေနပ် တတ်ကြသည်။

ဇော်ကြီး၊ ကျော်ကြီး၊ သိန်းစိုး၊ စိုးနိုင်တို့သည် လူငယ်များဖြစ်ပြီး သရဲခြောက်ရတာကို ပျော်ရွှင်နေတတ် ကြသည်။

ရွာမှာ တစ်နှစ်ကိုတစ်ခါ သရဲမောင်းထုတ်တဲ့ပွဲကို ပျော်ရွှင်စွာ ကျင်းပသည်။ ထိုပွဲပြီးရင် အိမ်ပြန်မအိပ်၊ ရွာကို ပတ်ပြီး ခြောက်လှန့်တတ်ကြသည်။

"ဘာဆိုင်လို့လဲ . . . အာကာရာ။ ရွာမှာ သရဲ ဆိုတာ မရှိပါဘူးကွာ"

"ရှိရှိမရှိရှိ မလိုက်ဘူးကွာ။ မင်းတို့ဘာသာသွားကြပါ ငါမလိုက်ချင်ဘူး"

"ငါ့တာဝန်ပါကွာ၊ မင်းဘာမှမဖြစ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မောင်ထူး ဘယ်လိုပင်ခေါ်ပေမယ့် အာကာကတော့ ငြင်းပယ်နေသည်။ တစ်ချိန်တုန်းက မောင်ထူး၊ မျိုးထွန်းတို့ ခေါ်ရင် အချိန်မရွေး လိုက်တတ်သည်။ ယခု ဘယ်လို အကြောင်းပြချက်တွေနှင့် ခေါ်ငြင်းဆိုနေသည်။ စိတ်ထဲမှာ အပြင်သွားရမှာ ကြောက်ရွံ့နေသလို အိမ်ထဲမှာ နေထိုင်ရတာကိုလည်း ကြောက်လန့်နေသည်။

အိမ်မှာ တစ်ယောက်တည်းနေခဲ့ပါဟု ပြောလျှင်မနေတာကများသည်။ အရေးကြီးကိစ္စနှင့် အပြင်သွားစရာ ရှိလျှင် အဖော်တစ်ယောက် ထားခဲ့ရသည်။

"တာဝန်ယူလဲ . . . မလိုက်ဘူးကွာ။ မင်းတို့ဘာသာ သွားကြကွာ။ ဟော . . . ခြေသံကြားတယ်။ မင်းတို့ ကြားလား"

"မကြားပါဘူးကွာ၊ မဟုတ်တာ"

"ငါကြားတယ် ဟာ . . . အမလေး"

တစ်ရှပ်ရှပ် လျှောက်လှမ်းနေတဲ့ ခြေသံကြားနေရသည်။ ကြက်သီးများထလာသည်။ ထိုင်နေရတာကို မငြိမ်မရဲဖြစ်နေသည်။ တစ်နေရာကို ထွက်ပြေးချင်စိတ်များ ထွက်ပေါ်လာသည်။ အိမ်ပတ်ဝန်းကျင်ကို နေရာမလပ်ကြည့်နေမိသည်။ ထူးခြားမှုမရှိ . . . နားထဲမှာတော့ ခြေသံ များကို ကြားနေရသည်။

"ဖျောင်း"

"ဝုန်း"

"အမလေး"

www.burmeseclassic.com

www.burmeseclassic.com


(၁၅)

အထိတ်တလန့်ထွက်ပေါ်လာတဲ့ အသံသည် စိတ်ကို ခြောက်ခြားနေသည်။ အိမ်မှာတစ်ယောက်တည်း ကျန်နေရတာကို စိုးရိမ်နေသည်။ အခါတိုင်း မောင်ထူး၊ မျိုးထွန်း တစ်ယောက်ယောက် အလည်လာသည်။ ယခုနေ့မှာ တစ်ယောက်မှ ရောက်ရှိမလာ။ ဘယ်ကိုသွားနေကြသလဲ။ အဖေနဲ့အမေက အရေးကြီးကိစ္စနဲ့ တစ်ဖက်ရွာကို သွားကြသည်။ အမြဲတမ်း လိုက်သွားတတ်တဲ့ သူတစ်ယောက် အနေနှင့် ထိုနေ့မှ လိုက်သွားရန် အခက်ကြုံနေသည်။

"ဟာ . . . ဘာပါလိမ့်"

"အမလေးဗျာ"

ထခုန်လိုက်သလို ဖြစ်သွားသည်။

အာကာသည် အိမ်ရှေ့တွင် ထိုင်နေသည်။ အိမ်နောက်ဘက်မှ ထွက်ပေါ်လာတဲ့အသံကြောင့် နေထိုင်ရန် ခက်ခဲနေသည်။ နောက်ဘက်ထမင်းချက်ခန်းမှ ထွက်လာတာ ဖြစ်၍ ပို၍ ထိတ်လန့်နေသည်။

"မကောင်းဆိုးဝါးတွေက ချက်ထားတဲ့ ထမင်းတွေကို တက်ပြီးစားတတ်တယ်။ ထမင်းအိုး၊ ဟင်းအိုးတွေကို အသေအချာဖုံးဖိထားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တဆုတ်ရဲ့ စကားသံကို ကြားဖူးသည်။

အာကာသည် ဒေါ်တဆုတ်ရဲ့သား ဥက္ကာထွန်းနှင့် အလွန်ရင်းနှီးသည်။ အာကာနှင့် ဥက္ကာထွန်းတို့ အလွန်ရင်းနှီးတဲ့ သူငယ်ချင်းများဖြစ်သည်။ ဥက္ကာထွန်းသည် အသက်နှစ်ဆယ်ကျော်တွင် သေဆုံးသွားသည်။ ၎င်းသေဆုံးပြီး နောက်ပိုင်း အာကာပို၍ ကြောက်တတ်လာသည်။

ဥက္ကာထွန်းသေဆုံးပြီး လေးငါးခြောက်လ ဥက္ကာထွန်းလာခေါ်နေသည်ဟု စွဲလန်းပြီး အမြဲတမ်း အော်ဟစ်တတ်လာသည်။

အာကာသည် အိမ်နောက် ထမင်းချက်အခန်းကို သွားရောက်ရန် တုတ်တစ်ချောင်းကို ရှာဖွေနေသည်။

"ဒုန်း" "ဂလွမ်း" "အမလေးဗျာ"

ရုတ်တရက်အော်လိုက်မိသည်။ ထမင်းအိုးကို ဖုံးထားတဲ့ အဖုံးပြုတ်ကျတဲ့အသံဖြစ်သည်။ ကြောက်ရွံ့စိတ်တွေ ပိုလာသည်။ ချွေးများထွက်ကျလာသည်။ တုတ်ကို ကိုင်ရန် ပြင်နေတဲ့လက် အနောက်ကို တွန့်ဆုတ်ပြီး လက်သည် ထိုနေရာမှာ ရမ်းလိုက်သည်။ နောက်ဘက်ကို ကြည့်လိုက်သည်။ ထူးခြားမှု တစ်စုံတစ်ရာမှ မတွေ့ရပေ။

"ငါဘာဖြစ်နေတာလဲ၊ မင်းသတ္တိမွေးထားစမ်း အာကာ"

သတိပေးပြီး တုတ်ကို ဆုတ်ကိုင်လိုက်သည်။ မျက်လုံးများသည် နောက်ဘက်ကိုကြည့်ပြီး သွားနေသည်။ ကြောက်ရွံ့စိတ်၊ သတ္တိစိတ်၊ ထက်ဝက်စီ ဖြစ်နေသည်။ တုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတဲ့ခြေသံတွေကြားရခြင်းမရှိ။ ပကတိ တိတ်ဆိတ်နေသည်၊ တွေ့တဲ့အကောင်ကို ရိုက်ရန်ဆုံးဖြတ်ထားသည်။

"အာကာ"

"ဗျာ"

ရုတ်တရက်ခေါ်လိုက်သံကို ကြားလိုက်ရသည်။ ခြေလှမ်းများ ရပ်တန့်သွားသည်။ ပို၍ ကြောက်ရွံ့လာသည်။ ခေါ်သံကြားတဲ့နေရာကို ကြည့်လိုက်သည်။

"အမလေး သရဲ သရဲ"

အော်သံနှင့်အတူ ထိုနေရာမှာ သတိလစ်ကျသွားသည်။

စိုးရိမ်စိတ်များစွာဖြင့် ဦးတင်မြင့်ရဲ့ အိမ်ကို ရွာသားများ ရောက်ရှိလာကြသည်။ သတိလစ်နေတဲ့ အာကာရဲ့ သတင်းကို လာရောက် မေးနေကြသည်။

၎င်းသည် သုံးရက်တိတိ သတိလစ်နေသည်။ ဦးတင်မြင့်နှင့် ဇနီး ဒေါ်ခက်ထားတို့ သားအတွက် သောက ရောက်နေကြသည်။

နာမည်ကြီးဆေးဆရာများကို အိမ်ပင့်ပြီး ဆေးဝါးကုသကြသည်။ ဘယ်လောက်အစွမ်းကုန်အောင် ကုသပေမယ့် ထူးခြားမှုမရှိ။ အားလုံးထဲမှာ ကြေကွဲနေသူ သန္တာဖြစ်သည်။ အာကာ သတိလစ်သွား၍ သန္တာအတွက် အစားထိုးမရတဲ့ ကြေကွဲမှုသာဖြစ်သည်။

မျက်ဝန်းမှာ မျက်ရည်များထွက်ကျပြီး ငိုနေသည်။ ထမင်းစားပါပြောပေမယ့် ယခင်တုန်းကလို 'ဝ'အောင် စားနိုင်အောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးသန္တာ မငိုပါနဲ့တော့ကွယ်။ သမီးငိုနေရင် အရီးလေး မနေနိုင်တော့ပါဘူးကွယ်"

"စိတ်မကောင်းလွန်းလို့ပါ အရီးခက်ရယ်၊ အာကာ အခုလို ဖြစ်ရတာ ကျွန်မကြောင့်ပါ"

"သမီးသန္တာမှာ အပြစ်မရှိပါဘူးကွယ်၊ အရီးလေးရဲ့ သား မောင်အာကာကိုက အသည်း(သဲ)ငယ်နေတာပါ"

"ဟုတ်ပါတယ် သမီးသန္တာ။ တိတ်ပါတော့ကွယ် မောင်အာကာ ဘာမှမဖြစ်ပါဘူး။ ပြန်ပြီးသတိရ လာမှာပါ ကွယ်။ ဆရာတွေ ကလည်း ဘာမှမဖြစ်ဘူးလို့ ပြောပါ တယ်"

သန္တာရဲ့ မိခင်ကလည်း ထိုသို့ပြောနေသည်။

သန္တာမိဘများနှင့် ဦးတင်မြင့်တို့ဟာ အလွန်ရင်းနှီး ကြသည်။ တစ်အိမ်မှာ အကြောင်းရှိလာရင် ဝင်ရောက် ကူညီအကြံများ ပေးတတ်သည်။ ခက်ခဲမှုတွေရှိရင် ဖြေရှင်း ပေးတတ်သည်။

အာကာနှင့် သန္တာတို့က အလွန်ရင်းနှီးသည်။ အချိန်ပြည့် တွေ့တတ်ကြသည်။ သန္တာ ယူဆတာတွေကို အာကာက လုပ်ဆောင်ပေးတတ်သည်။

ဦးတင်မြင့်တို့အိမ်မှာ မရှိတော့ အာကာတစ်ယောက် တည်း ပျင်းနေမှာ ကြောက်တာနှင့် အဖော်လွှတ်လိုက်သည်။

သန္တာသည် ခေါင်းရှော်ထားသည့် ဆံပင်များ မခြောက်သေး၍ ချည်ထားခြင်းမရှိ၊ ဖားလျားချထားသည်။

ဆံပင်အုံကောင်းတဲ့ သန္တာရဲ့ဆံပင်များက မျက်နှာ ပေါ်ကို ဝဲကျနေသည်။ နောက်ဘက်မှာ အသံများကြားနေ၍ အထိတ်တလန့်ဖြစ်နေတဲ့ အာကာကို ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ အထိတ်တလန့် ဖြစ်ကာ သတိလစ်သွားသည်။

"ရေ . . . ရေ . . . ရေပေးပါ"

"ဟာ . . . သတိရလာပြီ"

"သားလေး သတိရလာပြီ"

ဦးတင်မြင့်သည် အာကာအနားကို တိုးကပ်သွားသည်။ ဒေါ်ခက်ထား၊ သန္တာတို့သည် မျက်ရည်များကို သုတ်သိမ်းပြီး ၎င်းအနားကို တိုးကပ်သွားကြသည်။

စကားပြောနေကြသူများသည် ပြောလက်စများကို ရပ်ပြီး အာကာကို ကြည့်နေကြသည်။

ရေတောင်းနေတဲ့ အာကာကို ဦးတင်အောင်မြင့်က တိုက်လိုက်သည်။ လှဲနေရာမှထပြီး ရေကို အငမ်းမရ သောက်နေသည်။ ဝမ်းသာကုန်ကြသည်။ စိုးရိမ်စိတ်များ ပျောက်ကင်းသွားကုန်ကြသည်။

"သား သတိရလာပြီနော်"

ခေါင်းကို ညိတ်လိုက်သည်။ တစ်အိမ်လုံးကို ကြည့်နေသည်။

"အိမ်မှာ ဘာဖြစ်သေးလဲ အဖေ"

"ဘာမှ မဖြစ်ပါဘူးသားရယ်"

"ဆံပင်ဆုတ်ဖွားနဲ့ သရဲမရော၊ ဘယ်ရောက်သွားပြီလဲ"

"သရဲမရှိပါဘူး သားရယ်"

"အိမ်ပေါ်ကို သရဲမတစ်ကောင် တက်လာတာ တွေ့လိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သားကို အဖေပြောဖူးတယ်လေ မှတ်မိတယ် မဟုတ်လား၊ အိမ်တွင်းမင်းမဟာဂီရိရှိတယ် ဆိုတာလေ"

"ကျွန်တော့်မျက်စိအမြင်မမှားလောက်ပါဘူး"

"သားမမှားပါဘူး သားတွေ့တာ သရဲမဟုတ်ပါဘူး။ မင်းသူငယ်ချင်း သန္တာပါကွယ်"

ဦးတင်မြင့်စကားကို မယုံသလိုနှင့် ပတ်ဝန်းကျင်ကို ကြည့်နေသည်။ သန္တာကို တွေ့လိုက်သည်။

"ဟုတ်တယ် . . . အာကာ။ အဲဒီနေ့က သား အဖော်ရအောင်ဆိုပြီး သမီးသန္တာကို လွှတ်လိုက်တာ"

ဦးတင်မြင့်စကား ပြီးဆုံးတာနှင့် သန္တာက ကြားဝင်ပြောလိုက်သည်။ သန္တာကို ယုံကြည်သည်။ သူမသည် အာကာကို ဘယ်တုန်းကမှ မဟုတ်တာတွေ မပြောတတ်။ အားလုံးစိုးရိမ်နေကြသည်။ သန္တာကို ဘယ်လို တုန့်ပြန်လိုက်လဲ . . . ။

"ငါ ကြောက်တတ်မှန်းသိလို့ တမင်လုပ်လိုက်တာပေါ့ ဟုတ်လား သန္တာ"

"နင် မကြိုက်တာ ဘယ်တုန်းက ငါလုပ်ဖူးလို့လဲ အာကာ။ ငါ့ကို အထင်မလွဲပါနဲ့ဟာနော်"

"ဟုတ်ပါတယ် . . . သားရယ်။ သား သတိလစ်နေတဲ့အချိန်မှာ သမီးလေးသန္တာဟာ ငိုနေတယ်။ သူ့ကြောင့် ဖြစ်ရတာဆိုပြီး စိတ်မကောင်းဖြစ်နေတယ်ကွယ်"

"ငါ့ကို ခွင့်လွှတ်ပါ သန္တာ"

အာကာရဲ့ တောင်းပန်သံဖြစ်သည်။ သန္တာကို ဘယ်တုန်းကမှ အပြစ်ပြောသူမဟုတ်။ သူမငိုနေရသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောသံကြားရတော့ စိတ်မကောင်းဖြစ်သွားသည်။ လူကြီးများကတော့ အာကာ သတိပြန်ရလာတော့ ဝမ်းသာနေကြသည်။

"ဒါနဲ့ ကိုတင်မြင့်"

"ပြောစရာရှိလို့လား အစ်ကိုတင်မောင်"

"သူကြီးကပြောတယ်။ သရဲခြေြေးတဲ့ညအတွက် ဘာတွေ စီစဉ်ထားလဲတဲ့"

"လောလောဆယ်တော့ ． ． ． မစီစဉ်ရသေးဘူး အစ်ကို တင်မောင်။ ညကျမှ ကျွန်တော်လာတော့မယ်လို့ ပြောပေးပါဗျာ"

"ကျွန်တော် သဘောပေါက်ပါတယ်။ အရင်နှစ်ထက် ပိုပြီး စည်ကားချင်တယ်တဲ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



(၁၇)

သရဲမကောင်းဆိုးဝါးတွေ မောင်းထုတ်တာ အစဉ်အလာတစ်ခုလိုဖြစ်နေသည်။

"ကိုတင်မြင့်ရဲ့ တင်ပြမှုများကို အကြံပေးစရာရှိကြလား"

"အစ်ကိုတင်မြင့်ပြောတာတွေ ကောင်းပါတယ်။ တစ်ခုပဲ တင်ပြချင်ပါတယ်"

"ဘာများလဲ"

"အစီအစဉ်များပြီးတာနဲ့ လူငယ်တွေ ထိန်းသိမ်းဖို့ပါ။ စားသောက်ပြီးတာနဲ့ ရွာကိုဝင်ပြီး သရဲခြောက်တမ်း မကစားခိုင်းဖို့ပါ"

"ဒါဟာ ကောင်းတဲ့အကြံပဲ"

"ဟုတ်တယ် လူငယ်တွေဟာ ပွဲပြီးတာနဲ့ အိမ်ပေါ်တက်ပြီး သရဲခြောက်တတ်ပါတယ်။ သူတို့က အပျော်သဘော လုပ်ကြတာပါ"

"ဟုတ်တယ်လေ ဒါဟာ နှစ်တိုင်းပြုလုပ်နေကြအလုပ်ပဲ"

ကြားက ဝင်ရောက်ပြောလာသည်။ ဦးတင်မြင့်သည် ကြားက ဝင်ရောက်ပြောသူကို မကျေနပ်တဲ့ အကြည့်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

အားလုံးကလည်း ဦးတင်မြင့်ကို အထင်သေးသွားကြသည်။ ပွဲပြီးတာနှင့် လူငယ်တွေဟာ ပျော်ရွှင်စားသောက်ကြသည်။ ပြီးတာနှင့် ရွာရှိအိမ်များပေါ်ကို တက်ပြီး နောက်ပြောင်ကာ ခြောက်လှန့်ကြသည်။ တစ်ဖက်သားအော်ဟစ်ရင် ပျော်ရွှင်နေကြသည်။

"မဖြစ်ပါဘူး ။ ။ ။ ကိုတင်မြင့်ရ"

"မောင်တင်မြင့်ပြောတာကို အဘလက်ခံတယ်"

အဘိုးစံမြကို ကြည့်လိုက်ကြသည်။

"မောင်တင်မြင့် ပြောတာမှန်တယ်၊ အခုရွာမှာလုပ်တဲ့ အလုပ်က ရွာမှာနေထိုင်သူတွေအတွက် ဘေးဥပါဒ်ကင်းအောင် လုပ်နေတာပဲ၊ မသမာသူတွေက အခွင့်အရေးယူပြီး ရွာကိုဒုက္ခပေးနိုင်တယ်။ အဲဒီလိုဖြစ်သွားရင် သံသယတွေ ဖြစ်ပေါ်ပြီး အငြိုးတွေထားတတ်တယ်။ လွန်ခဲ့တဲ့နှစ်သုံးဆယ်လောက်က တစ်ကြိမ်ကြုံဘူးကယ်ကွယ့်"

"အဲဒါ ဘယ်ကစတာလဲ အဘစံမြ"

"ဒီအစီအစဉ်ဟာ အဘိုးတို့ မမွေးခင်ထဲက ပြုလုပ်ခဲ့ကြတာပဲ။ ကျန်ခဲ့တဲ့နှစ်များက မရိုးသားတဲ့ လူတစ်စုက အခွင့်အရေးယူပြီး ရက်စက်တဲ့လုပ်ရပ်ကို ပြုလုပ်သွားကြတယ်။ လွန်စွာကြေကွဲစရာကောင်းတဲ့ ဖြစ်ရပ်တစ်ခုပေါ့ကွယ်"

အဘိုးစံမြသည် ဇာမဏီဆေးပြင်းလိပ်ကြီးကို မီးညှိပြီး မှိုက်လိုက်သည်။ ရွာသားများသည် အဘိုးစံမြပြောလာမယ့် စကားကို နားထောင်နေကြသည်။ ထိုကိစ္စကိုပြုလုပ်သူများ

www.burmeseclassic.com

www.burmeseclassic.com



က ဘယ်ရွာသားတွေလဲဆိုတာ ရွာသားများ ကောင်းကောင်း မသိလိုက်အောင် ဖြစ်သည်။

ရွာအကြီးအကဲများက ရွာသားများကို အသိမပေးဘဲ ကိစ္စကို တိတ်တိတ်လေးဖြေရှင်းလိုက်ကြသည်။ ၎င်းအချိန်မှာ လူမိုက်ငမိုးဆိုတာ လွန်စွာနာမည်ကြီးသည်။ လူမိုက်ဓါးငမိုး ဟာ အလွန်ချမ်းသာတဲ့ လူတစ်ယောက်၊ တပည့်များစွာ ရှိသည်။ ဓါးငမိုးဟာ ဘယ်သူ့ကိုမှ မဟုတ်တာမလုပ်။ လယ်ယာများစွာ ပိုင်ဆိုင်ထားသည်။ ဆင်းရဲဒုက္ခရောက်သူများ ကို ကူညီတတ်သည်။ ဓါးငမိုးကို ရိုသေလေးစားကြသည်။

"အဲ့ဒီကိစ္စက ဘယ်လိုကစဖြစ်တာလဲ အဘစံမြ"

"သရဲပြေးတဲ့ ညကပေါ့ကွယ်၊ ရွာမှာ ဓါးငမိုးဆိုတဲ့ လူမိုက်တစ်ယောက် ကြီးကျယ်တဲ့အချိန်ပေါ့။ ရွာလူငယ်တွေ ဟာ ရွာကိုပတ်ပြီး သရဲတွေကို မောင်းထုတ်ပြီး ရွာလယ်က ဦးဖြူအိမ်မှာ စားသောက်ပြီး အိမ်ကိုပြန်ကြတယ်။ အဲဒီအချိန် မှာပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



(၁၈)

အချိန်သည် ညဉ့်နက်ရောက်ရှိနေသည်။

ရွာလူငယ်များသည် နောက်ပြောင်ခြောက်လှန့်ပြီး နေထိုင်ရာ အိမ်ကိုပြန်ကြသည်။ အော်သူ၊ ရယ်သူ၊ နောက်ပြောင်သူတွေနှင့် ဆူညံနေသည်။ ၎င်းကိစ္စကို လူကြီးတွေက ကျေနပ်သည်။ အချိန်နှောင်းလာပြီဖြစ်၍ ရွာသားများပြန်အိပ်ကြသည်။ အမှောင်ရိပ်ဝယ် လူတစ်စုသည် သွက်လက်တဲ့ ခြေလှမ်းများဖြင့် လျှောက်လှမ်းနေကြသည်။

ကြီးမားတဲ့ အိမ်ကြီးတစ်လုံးရဲ့ ခြံအတွင်းကို ဝင်လိုက်ကြသည်။ လူသုံးယောက်က အိမ်အနောက်ကို သွားပြီး နောက်ဘက်ကနေပြီး အိမ်ပေါ်တက်ကြသည်။ ရွာမြောက်ပိုင်းက လယ်သူဌေးဦးဘဖေအိမ်ဖြစ်သည်။ ဦးဘဖေရဲ့ မိသားစုသည် အိမ်ရှေ့တွင် ရေနွေးကြမ်းသောက်ရင်း စကားပြောနေကြသည်။ ဦးဘဖေသည် သရဲမောင်းထုတ်ရတဲ့ အကြောင်း များကို ပြောပြနေသည်။

"အမယ်လေး ....။ ။ သရဲ . . . သရဲ"

အိမ်ရှေ့စကားပြောနေကြတဲ့ ဦးဘဖေနှင့် တခြားလူများက အခန်းထဲမှာအိပ်နေတဲ့ သမီးငယ်ရဲ့ အော်သံဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . သမီးဘယ်သူလဲ"

"မသိဘူး . . .။ ဒီမှာ မဲမဲကြီးတွေ့တယ်"

"သား . . . သွားကြည့်စမ်း"

"တစ်ယောက်မှ မလှုပ်နဲ့ အားလုံးသေကုန်မယ်"

လူလေးယောက်မိသားစုကို ဝိုင်းထားလိုက်သည်။ ၎င်းတို့သည် မျက်နှာကို အဝတ်နက်များဖြင့် ပိတ်ဆည်းထားသည်။

"ဟဲ့ . . . ကောင်လေးတွေ အချိန်မတော် လူကြီးတွေကို မနှောက်ကောင်းဘူး။ မင်းတို့ကွယ် မလုပ်ကောင်း၊ မကိုင်ကောင်း။"

"ကျုပ်တို့ နှောက်နေတာမဟုတ်ဘူး။ ခင်ဗျားတို့ကို ဓားပြတိုက်နေတာ။ ဒီမှာတွေ့လား သေနတ်။"

ဦးဘဖေနှင့် မိသားစုများ ထိတ်လန့်တုန်လှုပ်သွားကြသည်။

"အဘိုးကြီး ရှိတာအကုန်ထုတ်"

"အဲဒီလောက် မချမ်းသာပါဘူး ငါ့တူတို့ရာ"

"အဘိုးကြီး သေချင်လို့လား။ ဟေ့ကောင်တွေ တွေ့အောင်ရှာကြ။ မြန်မြန်သွား အချိန်မရှိဘူး။"

"ဟုတ်ကဲ့ . . . ဆရာကြီး။"

ရွာသားများက အပျော်သဘောနှင့် သရဲလာခြောက်သည်ဟု ထင်ကြသည်။ လက်တွေ့မှာတော့ ဓါးပြတိုက်ခံနေခြင်းဖြစ်သည်။ မိသားစုများ ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေသည်။ ဓါးပြများသည် အခန်းတွင်းကို ရှာဖွေနေကြသည်။ အပင်ပန်းခံပြီး ရှာဖွေစုဆောင်းထားတာတွေ ဓါးပြတိုက်ခံရတာ

www.burmeseclassic.com

www.burmeseclassic.com



တို့ ဒေါသထွက်နေကြသည်။ ခုခံတိုက်ခိုက်ရန် လက်ထဲတွင် သက်နက်အဆင်သင့် မရှိအောင်ဖြစ်နေကြသည်။

"အကုန်မယူသွားပါနဲ့ ဆရာကြီးတို့ရာ"

"အဘိုးကြီး စကားမရှည်နဲ့ ပါးစပ်ပိတ်ထား"

"တောင်းပန်ပါတယ် ဆရာကြီးတို့ရာ"

"ဟာ . . ... ဒီအဘိုးကြီး လျှာရှည်တာပဲ . . . ကဲကွာ"

"အား . . . အမလေးဗျာ"

ဦးဘဖေနောက်ကို လွင့်ကျသွားသည်။ ပါးစပ်မှ သွေးများထွက်ကျလာသည်။

"ဟော့လူတွေ ခင်ဗျားတို့ တယ်ရိုင်းပါလား။"

"မင်းသေချင်လို့လား။"

"ကျုပ်သေရမှာကို မကြောက်ဘူး။ ကျုပ်အဖေကို အဲဒီလိုမလုပ်ပါနဲ့။"

လူဆိုးခေါင်းဆောင်သည် သေနတ်နှင့် ပစ်လိုက်သည်။

"ဒိုင်း"

ကျယ်လောင်တဲ့အသံ ထွက်ပေါ်လာသည်။ လူဆိုးခေါင်းဆောင် ပစ်လိုက်သော ကျည်ဆံရင်ဝကို ထိမှန်သွားသည်။ အနောက်ကို လွင့်ကျသွားသည်။

"သား . . . လူလေး ကိုလတ် ကိုလတ်"

လဲကျသွားသူထံ မိသားစုများဝိုင်းအုံလာကြသည်။ လူဆိုးများသည် မိသားစုကို ခွဲပေမယ့် မရအောင်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူယုတ်မာတွေ"

ဦးဘဖေသည် လူဆိုးခေါင်းဆောင်ထံ ဝင်ရောက်လိုက်သည်။ ညှာတာမှုကင်းမဲ့တဲ့ လူဆိုးက ဦးဘဖေအား ဆက်လက်ပစ်လိုက်သည်။ ကျည်ဆံထိမှန်ပြီး လဲကျသွားပြန်သည်။ ရွာရှိလူများအတွက် အထိတ်တလန့်ဖြစ်သွားသည်။ နှစ်ပေါင်းများစွာ ငြိမ်းချမ်းစွာ နေထိုင်လာသော ရွာသားများအတွက် သေနတ်သံဟာ အလွန်ထူးဆန်းနေသည်။

"ခါးငမိုးကွ . . . တစ်ယောက်မှ မလှုပ်နဲ့ဟေ့။ ခွေးကောင်တွေ မင်းတို့ကို ငါတို့ဝိုင်းထားပြီးပြီ"

ခါးငမိုးနှင့် တပည့်များသည် ဦးဘဖေအိမ်ကို ဝိုင်းထား ကြသည်။ လူဆိုးများသည် ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေသည်။ ခါးငမိုးသည် လူဆိုးလူမိုက်တွေထက် ပိုမိုက်တဲ့သူတစ်ယောက် ဖြစ်နေသည်။ အနိုင်ရနေတဲ့ ခါးပြများက ခါးငမိုးကို မကြောက်။ ရင်ဆိုင်ရန် အသင့်ဖြစ်နေသည်။

"ဟေ့ကောင်ငမိုး . . . ကိုယ်နဲ့ မဆိုင်တာ ဝင်မရှုပ်နဲ့"

"ဒါ ငါ့ရွာကွ။ ငါနဲ့ သက်ဆိုင်တာပေါ့။ မင်းက ငါ့ကိုစော်ကားရုံမကဘူး။ ငါ့ရွာကိုပါ ဒုက္ခပေးတယ်။ စိတ်ချပါ။ မင်းကို ငါမသတ်ဘူး။ အရှင်ဖမ်းမယ်၊ ဟေ့ကောင်တွေ ဝိုင်းထားကွ။ ဘယ်နေရာက ဆင်းလာပါစေ၊ အလွတ်မပေးနဲ့ အရှင်ဖမ်းကြ"

"ဟေ့ကောင်ငမိုး၊ မင်းသတ္တိရှိရင် တက်လာခဲ့လေကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ရွာသားတွေ အိမ်အနားကို မကပ်ကြပါနဲ့၊ ခပ်ဝေးဝေးနေကြပါ။ ဒီကိစ္စကို ကျုပ်ရှင်းပေးပါမယ်"

ဦးဘဖေအိမ်ခြံအတွင်းအပြင်မှာ မီးတုတ်မီးများဖြင့် ထိန်လင်းနေသည်။ ရွာသားများ စုပုံလာကြသည်။ ခါးငမိုးစကားကို နားထောင်ကြပေမယ့် အိမ်ပေါ်ရှိ မိသားစုကို စိုးရိမ်နေကြသည်။

"ဟေ့ ငမိုး မင်းသတ္တိရှိရင် အိမ်ပေါ်တက်လာလေကွာ"

ခေါင်းဆောင်က သေနတ်ကိုကိုင်ပြီး စိန်ခေါ်နေသည်။

"ဒိုင်း" "အား" "ဒုန်း ဒုန်း"

လက်ထဲမှာ ကိုင်ထားတဲ့ သေနတ်လွင့်ကျသွားသည်။ ခါးငမိုးသည် လူဆိုးခေါင်းဆောင်ရဲ့ သေနတ်ကိုင်ထားတဲ့ လက်ကို ပစ်လိုက်သည်။ အနောက်ကို လွင့်သွားသည်။ လူဆိုးခေါင်းဆောင်သည် လွင့်ကျသွားတဲ့ သေနတ်ကို ကောက်ရန်ကြိုးစားနေသည်။ ခါးငမိုးသည် သေနတ်ကို ခြေထောက်နဲ့ နင်းထားလိုက်သည်။ ၎င်းတပည့်များက လူမိုက် များကို ဝိုင်းထားလိုက်ကြသည်။

"ဟေ့ သူတို့ကို ဖမ်းကြ။ ခုခံမယ် မကြံနဲ့ လက်ထဲက သေနတ်ကဘယ်သူ့ကိုမှမသနားဘူး"

တပည့်များသည် လူဆိုးများကို ဖမ်းဆီးပြီးကြိုးနဲ့ ချည်လိုက်ကြသည်။

"ဒိုင်း" "အား"

ရုတ်တရက် သေနတ်သံတစ်ချက်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးတစ်ယောက်သည် ရုတ်တရက်အနောက်ကနေ ဓါးနှင့် ဝင်ခုတ်သည်။ ဓါးငမိုးသည် မကြည့်ဘဲ လက်ကို သေနတ်ဖြင့် ပစ်လိုက်သည်။

ဓါးငမိုးနှင့်အဖွဲ့သည် ဓါးပြခြောက်ယောက်ကို အရှင် ဖမ်းလိုက်သည်။ ၎င်းတို့ကို ကြိုးဖြင့်တုတ်ပြီး ခေါ်ဆောင်သွား သည်။ ရွာသူကြီးနှင့် ရွာသားများက ဦးဘဖေတို့ မိသားစု ကို ကူညီရန် အိမ်ပေါ်ကို တက်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၉)

ရှာသားရဲ့တောင်းဆိုမှုကို လက်ခံလိုက်သူမှာ ဓါးငမိုး ဖြစ်သည်။ ဓါးငမိုးသည် ရှာလူကြီးများကို အသိပေးလိုက် သည်။ ၎င်းရဲ့ ဆုံးဖြတ်ချက်ကို လက်ခံလိုက်ကြသည်။

"ကဲ ခင်ဗျားတို့ စားချင်တာကို ကျွေးတဲ့အတွက် ကျုပ်ဘက်က တာဝန်ကျေတယ်လို့ ထင်ပါတယ်"

"ကျုပ်တို့ကိုဘာလို့ ပုလိပ်လက်ကို မအပ်သေးတာ လဲ ဓါးငမိုး"

"ကျုပ်က ဘယ်သူ့ကိုမှ ပုလိပ်လက်ကို မအပ်ပါဘူး။ ကျုပ်မရဏမင်းထံကိုပဲ အပ်ပါတယ်"

"ဘာပြောတယ် ဓါးငမိုး"

"မင်းသွေးရူးသွေးတန်းဖြစ်နေလား သေနတ်ဖိုးထင်"

သေနတ်ဖိုးထင်သည် သေနတ်ပစ်ရာတွင် လွန်စွာ တော်သည်။ သတ်မှတ်တဲ့နေရာကို ထိအောင်ပစ်နိုင်စွမ်းရှိ သည်။ ဓါးငမိုးနှင့် ရင်ဆိုင်တဲ့အခါ ရှုံးနိမ့်ရသည်မှာ အကြောင်း များစွာရှိသည်။

အထင်သေးခြင်း၊ သေနတ်ရှိခြင်း၊ အသာစီးရနေ ခြင်း စသည့် အကြောင်းများကြောင့်ဖြစ်သည်။

ဓါးငမိုးက ပရိယာယ်ကြွယ်သည်။ သေနတ်ပေးတာ တော်ပေမယ့် ကျွမ်းကျင်သည်။ ကျားဟု ထင်မှန်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ဖိုးထင်သည် ယခုတော့ သားကောင်ဖြစ်သွားသည်။

"မင်း သတ္တိရှိရင် ငါ့ကိုလွှတ်ပေးပါ"

"မုဆိုးဟာ ဖမ်းမိထားတဲ့ သားကောင်ကို ပြန်လွှတ်ပေးတဲ့ ထုံးစံမရှိဘူးဖိုးထင်။ အဲဒီလောက်လည်း အချိန်မပေးနိုင်ဘူး။ နောက်ထပ်သားကောင်တွေ ဖမ်းဖို့ပဲအချိန်ရှိတယ်။ စိတ်သာချ နေရောင်တောင်ကွယ်တာနဲ့ မင်းတို့အဖွဲ့ကို ငါပြန်ပြီးလွှတ်ပေးပါ့မယ်။ ငါ့သေနတ်ထဲမှာလည်း ကျည်တောက်တွေ အပြည့်ရှိနေပါတယ်"

"ကျည်တောင့်ကို မကြောက်လို့ ဓါးပြလုပ်နေတာ"

"အေးပါကွာ၊ ရွာနောက်ဘက်ရောက်တော့ မင်းသိရမှာပေါ့။ ပော့ကောင်တွေ ဖိုးထင်တို့အဖွဲ့ကို ကြိုးတုတ်ပြီး ခေါ်သွားကြ"

"ဟုတ်ကဲ့ဆရာ"

ဓါးပြဖိုးထင်နှင့် အဖွဲ့ကို လက်ပြန်ကြိုးတုတ်လိုက်ကြသည်။ ပတ်ဝန်းကျင်သည် အမှောင်ထုကို လွှမ်းမိုးနေသည်။ ရွာသားများသည် နေထိုင်ရာအိမ်သို့ ပြန်ကြသည်။ ဖိုးထင်တို့ အဖွဲ့ကို ကြိုးတုတ်ပြီး ခေါ်သွားကြသည်။ ရွာအနောက်ကိုရောက်တော့ ကျယ်လောင်တဲ့သေနတ်သံထွက်ပေါ် သွားပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၀)

"ဓါးပြဖိုးထင်တို့ကို ဘာလုပ်လိုက်လဲ အဘ"

ရွာသားများရဲ့မေးခွန်းကို ရုတ်တရက်ဖြေလိုက်ခြင်း မရှိ။ ရေနွေးကြမ်းပန်းကန်ကို မယူပြီး အေးဆေးစွာ သောက်နေသည်။ အသက်ကြီးလာ၍ စကားများများပြောရင် မောတတ်သည်။

မသိသေးတဲ့ လူငယ်များကိုသာ ပြောပြနေသည်။

အတွေ့အကြုံရှိတဲ့သူ တစ်ယောက်အနေနဲ့ မဖြစ်သင့်တာတွေမဖြစ်စေအောင် ကြိုတင်သတိပေးတားမြစ်တဲ့ သဘောဖြစ်သည်။

တစ်ချိန်တုန်းက သရဲပြေးတဲ့ညပွဲတော်ကျင်းပလျှင် ရွာသားများက ထိတ်လန့်တုန်လှုပ်ပြီး အိမ်တွင်းမှာသာ အနေများကြသည်။ တစ်အိမ်တစ်ယောက်မလိုက်မနေရ အမိန့်ထုတ် ထားသည်။

တစ်ချို့က ပိုက်ဆံနှင့် ငှားကြသည်။

ယခုနောက်ပိုင်းတော့ သရဲပြေးတဲ့ပွဲတော် တစ်နှစ်တစ်ကြိမ်လုပ်တာကို နည်းနေသည်။ နှစ်ကြိမ်လောက်ကျင်းပချင် တောင်းဆိုသူများရှိသည်။

လူကြီးများက ရိုးရာကိုထိန်းသိမ်း၍ တောင်းဆိုသောတာတွေကို လက်မခံ။

www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒီကိစ္စကို အဘလည်း ခုထိ သေသေ ချာချာ မသိရဘူး။ သံလုံးပြောတာကတော့ ရွာနောက်ဘက် ကန်မှာ သေနတ်နဲ့ပစ်သတ်ပြီး မြေမြှုပ်လိုက်တယ်တဲ့။ ရွာကို ဓါးပြတိုက်တဲ့သူတွေကို ရှင်းပစ်ဖို့ အမိန့်ပေးခဲ့တယ်လို့လည်း ကြားတယ်ကွယ့်"

"အဘက ဘာကြောင့် မသိရတာလဲ"

"အင်း အဲဒီတုန်းက အဘတို့ဟာ လူငယ်တွေပဲ ရှိသေးတယ်။ လူကြီးတွေက ခွင့်မပြုဘူး။ အခုလောက် သိရတာတောင် ဓါးငမိုး သေသွားမှသိရတာ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူကိုမှမပြောရ။ သတင်းပေါက်ကြားရင် သတ်ပစ်မယ်လို့ အမိန့်ထုတ်ခဲ့တာ"

"ဘာကြောင့်လဲ အဘ"

"အကြောင်းတွေရှိတယ်။ ဒီကိစ္စသိသွားရင် ရွာသား တွေ ကြောက်လန့်ကုန်မှာရယ်၊ နောက်တစ်ခုက ရွာလူကြီးက မသတ်ရဘူး ဆုံးမပြီး ပြန်လွှတ်ပေးရမယ်လို့ ပြောထားတယ်။ အဘကြားတာက ဓါးငမိုးဟာ လူသတ်ဓါးပြတိုက်တဲ့ အလုပ် ကို အလွန်မုန်းတီးတာတဲ့။ အခုကိစ္စက ဓါးငမိုးမကြိုက်တဲ့ အလုပ်နှစ်ခု ဖြစ်နေတယ်"

"ကျွန်တော်တို့ သဘောပေါက်ပြီ အဘ"

အဘစံမြပြောတဲ့ စကားသည် ရွာသားများသဘော ပေါက်သွားကြသည်။ ရွာသားများသည် သရဲပြေးညာမှာ အပျော်ကျူးလွန်ဖို့ စီစဉ်ထားကြသည်။ ယခုတော့ ထိုအစီ အစဉ်ဖျက်သိမ်းရန် နီးစပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘစံမြသည် ရှာကိုဂရုစိုက်သည်။ ရှာမှာ ဘေးဥပါဒ် မဖြစ်ရန် ကြိုးစားနေသူဖြစ်သည်။ ရွာသားလူငယ်တစ်ချို့က အဘစံမြကို မကျေနပ်သူများလည်း ရှိသည်။

"အဘတို့ဟာ အသက်ကြီးသွားပြီ။ ဒီရွာကြီးရဲ့ အနာဂတ်ဟာ ကလေးတွေရဲ့ လက်ထဲမှာပဲရှိတယ်။ အဘက ကလေးတွေကို ရွာကိုဂရုစိုက်ဖို့ အမြဲတမ်းပြောနေတာပဲ ပေါ့ကွယ်။ ရှေ့လူကြီးတွေရဲ့ ထိန်းသိမ်းခဲ့တာကို အဘတို့ ကလည်း ထိန်းသိမ်းခဲ့ရတယ်"

"ဒီလို သရဲခြေးတဲ့ပွဲတော်ညဟာ အဓိကကျတဲ့ ပွဲတော်မဟုတ်ဘူး။ ရွာဒုက္ခတွေနဲ့ကြုံပြီး နေထိုင်သူတွေ အထိတ်တလန့်ဖြစ်မှာ ကြောက်လို့ပဲကွယ်။ ဒါကြောင့် အဘ ပြောနေတဲ့ အပျော်တွေ မကုန်ပါနဲ့ဆိုတာ အဲဒါကြောင့်ပါပဲ ကွယ်"

"ဒါနဲ့ အဘစံမြကို တစ်ခုလောက်မေးချင်တယ်"

"ဘာမေးမှာလဲကွယ် မေးလေ"

"သရဲဆိုတာ ပြောရခက်တယ်။ ရှိတယ်လို့လည်း ပြောလို့ရသလို မရှိဘူးလို့လည်း ပြောလို့ရတယ်"

"သူတို့က လူတွေကို ခြောက်လှန့်လို့ရတယ်ဆိုတာ ဟုတ်လား အဘ"

"အဘ လေ့လာမိသလောက်ပြောရရင် သရဲဆိုတာ လူတွေထက်နိမ့်တယ်။ လူတွေကို ခြောက်လှန့်တယ်ဆိုတာ မဟုတ်ဘူး။ သူတို့က လူတွေကို ခြောက်လှန့်လို့မရဘူး။ အခြောက်လှန့်ခံရတယ်ဆိုတာ အဲဒီလူဟာ လူတွေထက် ထံနိမ့်လို့ အခြောက်ခံရတာပဲ။ ခြောက်တယ်ဆိုတာတော့

www.burmeseclassic.com



မဟုတ်ဘူး။ ရှောင်တိမ်းလို့မရလို့ ခြောက်လှန့်တာပဲကွယ်"

"ဒါဆို ကံကောင်းနေသူတွေကို ခြောက်လှန့်လို့ မရဘူးပေါ့"

"အေးပေါ့ကွယ်။ အဲဒီလိုပဲ ပြောလို့ရတယ်"

"အဲဒါဆို သရဲနေတဲ့သစ်ပင်က သရဲကို မောင်းထုတ်လို့ရတယ်ပြောတယ်။ ဟုတ်လား အဘ"

"အဲဒီလုပ်ရပ်က မကောင်းဘူးကွယ်"

အဘစံမြသည် ခပ်ပြတ်ပြတ်ပြောပြီး ရေနွေးကြမ်းတစ်ခွက်ကို ယူပြီး သောက်လိုက်သည်။ ဘယ်အတွက်ကြောင့် ယခုလို ပြောရတာလဲဆိုတာ သိချင်နေကြသည်။

သရဲနှင့် ပတ်သက်တာတွေကို သေချာရှင်းပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၁)

"သရဲ ... သရဲ"

ဆူညံတဲ့အသံတစ်ခု ထွက်ပေါ်လာသည်။ အသံပိုင်ရှင်များသည် ထွက်ပြေးကုန်ကြသည်။ ၎င်းတို့သည် အလုပ်သိမ်း ပြီး နေထိုင်ရာ အိမ်ကိုပြန်လာကြသည်။

ရွာနှင့် ခပ်လှမ်းလှမ်းတွင် လယ်တဲကုန်းတစ်ခုရှိသည်။ တဲကုန်းတွင် ထိန်ပင်ကြီးသုံးပင် ရှိသည်။

ငှက်ပျောပင်များ၊ စပါးလင်ပင်များက တောလေးတစ်ခုလိုဖြစ်နေသည်။ အခု လူကြီးတွေက တဲကုန်းမှာ သရဲရှိသည်ဟုပြောသည်။

အခြောက်ခံရသူများရှိသည်။ တကယ်တမ်းတိတိကျကျ မေးကြည့်လျှင် ဘယ်သူအခြောက်ခံရတယ်ဆိုတာ ထွက်ပေါ်လာခြင်းမရှိ။

ရွာသားများသည် ရွာကိုဦးတည်ပြေးနေသည်။ ဝတ်စုံအနက်နှင့် အရာတစ်ခုသည် တဟီးဟီးရယ်ပြီး အနောက်တနေ လိုက်နေသည်။

"ဟော့ ... ကောင်တွေ ငါ့ကိုစောင့်ပါဦးကွာ"

"မြန်မြန်လာကွာ၊ ဟိုမှာလိုက်လာပြီ။ မှီသွားရင် မင်းအသက်ကို နှုတ်ယူသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ငါလည်းပြေးနေတာပဲ"

"မဖြစ်ဘူး အဖေဆူနေဦးမယ်"

"သရဲအခြောက်ခံရလို့ ပြောလိုက်ပေါ့ကွာ"

"ငါ့အဖေအကြောင်း မင်းလည်းသိသားနဲ့"

တင်းတောင်းကြီးကို ထမ်းထား၍ ပြေးရတာကို ချုပ်ကိုင်သလို ဖြစ်နေသည်။ ဒေသတွင် တင်းတောင်းက စပါးခြင်ရာတွင် အလွန်အရေးကြီးသည်။ တင်းတောင်းသည် လယ်ယာ လုပ်ကိုင်သူတိုင်း မပိုင်ဆိုင်နိုင်တဲ့အရာတစ်ခု ဖြစ်သည်။

အနောက်လိုက်လာတဲ့ အကောင်ကြီးကို ကြောက်ရွံ့နေကြသည်။ လယ်ကသင်းပေါ်တွင် အပင်ကြီးများအစုလိုက် အစုလိုက်ပေါက်၍ အနောက်ကလိုက်နေသည်ဟု ထင်မှတ်နေသည်။

အမှောင်ထုများပို၍ မှောင်နေသည်။

တိတ်ဆိတ်မှုများက စိတ်ကိုခြောက်လှန့်နေသည်။

"အား ... အမလေး"

www.burmeseclassic.com

www.burmeseclassic.com



(၂၂)

အော်ဟစ်သံနှင့်အတူ အသားများ တစပ်စပ် ဆူနေ်လှုပ်နေသည်။ ကြက်သီးများထလာသည်။ ဇောချွေးများ အဆက်မပြတ် ထွက်ကျလာသည်။ ကြောက်စရာ ကောင်း လွန်းတဲ့ သရဲမျက်နှာကို သေချာကြည့်နေသည်။

ပတ်ဝန်းကျင်မှ ထွက်ပေါ်နေတဲ့အသံကို ဂရုမစိုက် နိုင်အောင် ဖြစ်နေသည်။

မျက်နှာကြီးက တစ်ခုခုပြုလုပ်လာလိမ့်မည်ဟု ထင်မှတ်နေသည်။ မျက်နှာကြီးရဲ့ မျက်လုံးတွေက ပြူးထွက် လာသလို ပြန်မှိတ်သွားသလို ထင်မှတ်နေသည်။

"အမလေး . . . သေပါပြီဗျာ"

လျှာမည်းမည်းကြီးက ထွက်ကျလာသည်။ ထိုလူရဲ့ မျက်နှာအနားကို ရောက်ရှိရန် ဦးတည်နေသည်။ ကြောက်ရွံ့ စိတ်များနှင့် အနောက်ကို ဆုတ်နေသည်။

"ဟော့... ကောင်တွေ ဒီမှာ ဘာလာလုပ်နေတာလဲ"

"ဟာ... ဦးလေး ဖိုးအေးပါလား။ ဒီမှာ ကျွန်တော်တို့ လေ့ကျင့်နေတာလေ"

"ဘာလုပ်ဖို့ လေ့ကျင့်နေတာလဲ"

"သရဲပြေးတဲ့ည ရောက်တော့မယ်လေ၊ ဦးလေး ဖိုးအေးရ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ မင်းတို့လုပ်တာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ဦးလေးဖိုးအေးရာ"

ကိုဖိုးအေးသည် နားမလည်စွာဖြင့် လေးမျိုးနှင့် ကိုအောင်အေးတို့ကို ကြည့်လိုက်သည်။ အာကာကတော့ ညောင်ပင်ကြီးကိုမှီပြီး အော်ဟာစ်နေသည်။

ငင်းတို့အဖွဲ့မှာ အောင်အေးက ဆရာကြီး . . .

ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲဖြစ်ဖြစ် အောင်အေးရဲ့ အကြံအဉာဏ်တွေသာဖြစ်သည်။

"မင်းတို့ကြောင့် ခက်တာပဲကွာ။ လူကြီးတွေက တားမြစ်ထားတာ မင်းတို့သိနေတာပဲ"

"ဦးလေးဖိုးအေးကသာ ကျွန်တော်တို့ကို ပြောနေတာ၊ မျိုးထွန်းတို့ အဖွဲ့လေ့ကျင့်နေတာ လွန်ခဲ့တာ သုံးလေးလက ဦးလေးဖိုးအေး ဘာသိလို့လဲ"

"ငါက ဘာသိရမှာလဲကွာ"

"ဟိုတစ်ညက အာကာကို သုသာန်မှာ ခြောက်လှန့်တာ ဘယ်သူတွေထင်လဲ"

"သရဲမဟုတ်ဘူးလား"

"ဘယ်ကသရဲရမှာလဲ။ ကျော်ဇေယျတို့ အဖွဲ့ခြောက်တာ"

"ဟေ... ဘယ်လို ဘယ်လို ကျော်ဇေယျတို့ ဟုတ်လား"

အာကာက ဝင်ရောက်မေးလိုက်သည်။ သရဲဘာကယ် ခြောက်သည်ဟု ထင်မှတ်နေသည်။ ထိတ်လန့်မှုတစ်ခုနှင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့လျှင် သရဲခြောက်သည်ဟု ထင်မှတ်နေသည်။ အဖော်မရှိ တစ်ယောက်တည်း ရှိနေလျှင် သရဲခြောက်သည်။ မကောင်းဆိုးဝါးတွေ ခြောက်လှန့်နေသည်။ သရဲခြောက်တာမဟုတ်မှန်း သိရ၍ ကျော်ဇေယျအဖွဲ့ကို ဒေါသထွက်နေမိသည်။

"ဟုတ်တယ်အာကာ ဒီအကြောင်းကို တစ်ခြားလူ ပြောတာ မဟုတ်ဘူး။ ကျော်ဇေယျကိုယ်တိုင် ပြောတာ။ မင်းတို့ ငါပြောတာ မှတ်မိသေးလား"

"မင်းဘယ်တုန်းက ပြောဖူးလို့လဲ"

"အဘဦးတင်မြင့် မင်းမဟာဂီရိအကြောင်းပြောတဲ့ ညကမင်းကို ငါပြောတယ်။ ငါတို့ရွာမှာ သရဲဘယ်တုန်းကမှ မရှိဘူးဆိုတာလေကွာ"

"အေး . . . အဲဒါတော့ ငါလည်းအမှတ်မဲ့ကွာ"

"ကျော်ဇေယျတို့ဟာ မင်းကိုခြောက်တာ အောင်မြင်တယ်ဆိုပြီး မခင်နုအိမ်မှာ အရက်သောက်ကြတယ်။ အဲဒီညက ငါကလည်း ကျော်ထင်ကိုခေါ်လို့ လိုက်သွားရင်း ကြားရတာပဲ"

"အေး . . . ဒင်းတို့ ငါ့ကိုခြောက်တော့ ငါကလည်း ပြန်ပြီး ခြောက်ရတာပေါ့ကွာ"

"ဟား . . . ဟား . . . ဟား"

အာကာစကားကို သဘောပေါက်ပြီး ရယ်လိုက်ကြသည်။ ပြောမိတဲ့စကားကို ရှက်သလိုဖြစ်သွားသည်။ သရဲခြောက်တုန်းက ဘယ်လိုမှပြောမရသူက မကျေနပ်ဖြစ်ပြီး ပြန်ခြောက်မယ်ဆိုတော့ ရယ်စရာဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အာကာကိုကြည့်နေကြသည်။ ၎င်းသည် သရဲ အခြောက်ခံရပြီးတဲ့နေ့ကစပြီး အရိပ်ကိုတောင် သရဲထင်နေသည်။

ကျော်ဇေယျတို့ကို ပြန်ချေပဦးမည်တဲ့။ ကျော်ဇေယျတို့ အဖွဲ့က သရဲကိုတွေ့ရင် အရှင်ဖမ်းပြီး မျက်လှည့်ပြစားမည်ဟု ကြိမ်ဝါးထားသူများ ဖြစ်သည်။

"ဘာလို့ရယ်တာလဲ ငါ့စကားကိုမယုံလို့လား"

"ဒီလိုပုံစံနဲ့ ဟိုကောင်တွေကို ယှဉ်လို့မရဘူး။ မင်းကို သရဲဆိုပြီး ဖမ်းလိုက်မယ်။ လူကြားထဲ မျက်လှည့်ပြစား လိုက်မယ်"

"အဲဒါတော့ ဟုတ်တယ် အာကာ"

"ငါဒီလိုစဉ်းစားမိတယ်"

"ဘယ်လိုလဲ ဦးလေးဖိုးအေး"

အားကိုးကြီးစွာမေးလိုက်သည်။ ကိုဖိုးအေးသည် ထိုကိစ္စနှင့် ပတ်သက်လျှင် အတွေ့အကြုံရှိသူတစ်ယောက် ဖြစ်သည်။ အတွေ့အကြုံများကို ရှေ့နောင်တော်တွေထံက ရရှိထားသူဖြစ်သည်။

"ငါအကြံပေးရရင်တော့ မင်းတို့မျက်နှာတွေကို ပြောင်းပစ်ရမှာပဲ"

"ဗျာ . . . ဘယ်လို ဦးလေးဖိုးအေး"

"ဟုတ်တယ်လေကွာ . . . မျက်နှာတွေ ပြောင်းပစ်မှ မင်းတို့ကို ကြောက်လန့်ကုန်မှာပေါ့"

"မျက်နှာကို ဘယ်လိုပြင်မှာလဲ ဦးလေးဖိုးအေး"

"အရုပ်ဆိုးအောင်လို့ပေါ့ကွာ၊ မျက်နှာတစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ပြီး သွေးများစီးကျနေရမယ်၊ အဲဒါမှသူတို့က အထိတ်တလန့် ထွက်ပြေးကြမှာ"

"ဟာ ... မဖြစ်ဘူး အဲဒီလို အလုပ်မခံရဲဘူး"

အထိတ်တလန့် ငြင်းလိုက်သည်။ အာကာသည် အသားနာမှာကို ကြောက်လန့်နေသည်။ ၎င်းကလုပ်ရင်တောင် မီဘများက လက်ခံမှာမဟုတ်။ ရှားပါးတဲ့သား တစ်ခုခုဖြစ်သွားရင် မိခင်ဒေါ်ခက်ထား သေနိုင်သည်။ အာကာရဲ့ အမူအကျင့် လုပ်ရပ်ကို ကိုဖိုးအေးက ကျေနပ်နေသလို လေးမျိုးနှင့် အောင်အေးတို့ကလည်း ထိတ်လန့်နေကြသည်။ တစ်ဖက်သား ကြောက်လန့်အောင်ပြုလုပ်ကာ အလွယ်လေးဟု ထင်မှတ်နေကြသည်။ ကိုဖိုးအေးပြောပြမှ ကြီးကျယ်ခန့်ညား နေသည်။ နားမလည်စွာ ကြည့်နေသည်။

ကိုဖိုးအေးသည် စက္ကူဆေးလိပ်ကို ဖွာရှိုက်နေသည်။

"ဟုတ်တယ်ဗျာ ... ဦးလေးဖိုးအေးကလည်း တစ်ခြား နည်းလမ်းတစ်ခု ရှာကြည့်ပါဦး"

"မင်းတို့တော်တော်ညံ့တဲ့ကောင်တွေပဲ။ အဲဒီတော့ မင်းတို့ ငါ့ကိုပြုစုမလား"

"ဦးလေးဖိုးအေး လုပ်ဆောင်ချက်အောင်မြင်ရင် ပြုစုမယ်ဗျာ"

"အဲဒီလိုပြောလို့ မရဘူးလေကွာ။ ငါက ဘယ်လောက် လုပ်ဆောင်ချက် ကောင်းကောင်း၊ မင်းတို့ မကြိုးစားရင် အောင်မြင်မှာမဟုတ်ဘူး။ ကြိုးစားရောက မင်းတို့ အလုပ်လေ။ ရှမ်းရှင်စကားနဲ့ပြောရရင် ငါကဒါရိုက်တာ။

www.burmeseclassic.com



မင်းတို့က သရုပ်ဆောင်တွေ"

"သဘောပေါက်သွားပြီ ... ဦးလေးဖိုးအေး ခိုင်းတာကို ကျွန်တော်တို့က လုပ်ရမယ်ဆိုတာလား"

"အေး ... ဟုတ်တယ် ငါပြောတာ အဲဒါပဲ"

"ဒါဆို မင်းတို့ ငါပြောတဲ့အတိုင်း လုပ်ဆောင်ကြ။ တစ်ခုတော့ရှိတယ် သတ္တိရှိဖို့တော့ အရေးကြီးတယ်နော်"

"အဲဒီအတွက်တော့ စိတ်ချ။ ဦးလေးဖိုးအေး ကျွန်တော်အနားမှာ ရှိနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



(၂၃)

ကျော်ဇေယျသည် ရွာမြောက်ရှိ သုသာန်မှ တစ်ယောက်တည်း ရွာကိုပြန်နေသည်။ ၎င်းသည် သုသာန်မှာ နေ့စဉ်ထိုင်နေတတ်သည်။ သုသာန်ကို ဖြတ်သန်းသွားလာနေသူတွေကို သရဲအဖြစ်နှင့် ခြောက်လှန့်တတ်သည်။ အခြောက်ခံရသူများကြောင့် လန့်အော်ဟစ်ထွက်ပြေးကြလျှင် ပျော်ရွှင်တတ်သည်။

အချိန်သည် ညကိုးနာရီကျော်နေသည်။ ပတ်ဝန်းကျင်မှာ သွားလာသူများ ကင်းမဲ့နေသည်။ လမိုက်ရက်ဖြစ်နေ၍ အမှောင်ထုက ဘယ်အရာကိုမှ မမြင်တွေ့ရအောင် ဖြစ်နေသည်။ အတွေးများနှင့် လမ်းလျှောက်လာသည်။ ရွာကို နီးကပ်လာသည်။

ရွာဦးထိပ်က ကုက္ကိုပင်ကြီးအနားကို ရောက်ရှိလာသည်။ အရိပ်တစ်ခုက ဖြတ်သွားသလို ခံစားလိုက်ရသည်။ ကြက်သီးများထသွားသည်။ ခြေလှမ်းများ တုန့်ဆိုင်းသွားသည်။ ခပ်ဝေးဝေးမှာ အရိပ်တစ်ခုဖြတ်လျှောက်နေသလို ထင်မှတ်နေသည်။

ထိုနေရာကို နေ့စဉ်ဖြတ်သန်းသွားလာနေသည်။ တစ်ခါမှ မကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်ကို ထိုနေ့မှ ကြုံတွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ဘယ်လိုဖြစ်တာပါလိမ့်။ ငါနေ့တိုင်း သွားနေတာပဲ"

"ဖျောင်း"

"အမလေး"

ရုတ်တရက် အော်ဟစ်လိုက်မိသည်။ ခြေလှမ်းများ ရပ်တန့်သွားသည်။ ထိတ်လန့်တုန်လှုပ်သွားသည်။ အသံရှိရာကို ကြည့်နေသည်။

သဲသဲကွဲကွဲ တွေ့မြင်ရခြင်းမရှိအောင် ဖြစ်နေသည်။

"ငါဘာဖြစ်နေတာလဲ။ ဒီနားမှာ ဘာမှမရှိပါဘူး"

တစ်ယောက်တည်းတွေ့လိုက်မိသည်။ ကြောက်စိတ်များက ဖျောက်မရပေ။ ကြက်သီးများကထဆဲ ...

သီချင်းတစ်ပုဒ်ကို ဆိုလိုက်မိသည်။ ကျယ်လောင်တဲ့ အသံက ပတ်ဝန်းကျင်ကို လွှမ်းမိုးနေသည်။ အစမရှိ အဆုံးမရှိ သီချင်းကိုသာသီဆိုနေရသည်။ မသဲကွဲတဲ့ အမှောင်ထုကို ဂရုစိုက်ကြည့်နေသည်။ ပိုးစုန်းကြူး အလင်းရောင်လေးများ ထွက်ပြေးနေသည်။

မည်းမည်းအရာတစ်ခုသည် အရှိန်ဖြင့် ပြေးလာသည်ကို တွေ့လိုက်ရသည်။

"ဟာ ... ဟို ဟို"

ကုက္ကိုပင်အနားအရောက်တွင် ပျောက်ကွယ်သွား သည်ဟု ထင်မှတ်နေမိသည်။

"သုသာန်မှာထိုင်ပြီး လူတွေကို ခြောက်လှန့်တာ ကို မကြားချင်ဘူး။ ဒါပေမယ့် သိပ်မိုးမချုပ်စေနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



ချာထိပ်က ကုက္ကိုပင်မှာရှိတယ်လို့ ငါကြားဖူးတယ်။ မင်း အတွက် မကောင်းဘူး ကျော်ဇေယျ''

သူငယ်ချင်း မျိုးထွန်းစကား ဖြစ်သည်။ မျိုးထွန်း သည် နောက်ပြောင်တတ်သည်။ အချိန်သတ်မှတ်ချက်တော့ ရှိသည်။ အန္တရာယ်ကျရောက်လာမှာကို မလိုလား။ တစ်ခြား သူတွေကို စနောက်ပြီးသည်နှင့် ခပ်စောစောအိမ်ကိုပြန် တတ်သည်။ ကျော်ဇေယျကတော့ ထိုသို့မဟုတ်။

ယခုတော့ တွေ့နေရပြီ။ သရဲအခြောက်ခံနေရသည်။ သရဲဆိုတာ ဘယ်လိုပုံစံလည်းဟု သိချင်သည်။ သေချာ ကြည့်ပေမယ့် မသဲကွဲတဲ့ မည်းမည်းအရာတစ်ခု ဖြစ်သည်။

ဓါတ်မီးသာပါလာလျှင် ထိုအရာကို ကြည့်ချင်သည်။ ယခုတော့ အခက်ခဲပေါင်းများစွာနှင့် ကြုံတွေ့နေရသည်။ အနောက်ဆုတ်ရင် ကောင်းမလား၊ ရှေးတိုးရင်ကောင်းမလား ခွဲမရအောင် ဖြစ်နေသည်။

မည်းမည်းအရာဝတ္ထုသည် ကုက္ကိုပင်အနားတွင် ရောက်ဆုံးသွားသည်။ ခြေသံများကို သဲကွဲစွာကြားနေရ သည်။ မည်သည့်နေရာက ထွက်ပေါ်လာတဲ့ ခြေသံမှန်း သိအောင် ဖြစ်နေသည်။ စိုးရိမ်စိတ်တွေနှင့် လျှောက်လှမ်း လာရာ ကုက္ကိုပင်အနားကို နီးကပ်လာသည်။

''ဟာ ... ဘာလဲဟ''

''အမလေး အလွန်ထူးဆန်းနေပါလား''

အပေါ်မှာ ရှိနေတဲ့ ကုက္ကိုကိုင်းကြီးတစ်ကိုင်း အောက်ကို ညွှတ်ကိုင်းကျလာသည်။ ကုက္ကိုကိုင်းသည် ဖြည်းဖြည်းညွှတ်ကိုင်းကျလာရာ လူတစ်ယောက်အရပ်

www.burmeseclassic.com

www.burmeseclassic.com



မလွတ်အောင် ဖြစ်လာသည်။

ကျော်ဇေယျသည် ပြတ်သားတဲ့ဆုံးဖြတ်ချက်ကိုချပြီး ရှာကို ဦးတည်ပြေးရန်ပြင်သည်။ ၎င်းသည် အရှိန်ယူပြေးနေသည်။ ညွှတ်ကိုင်းနေတဲ့ ကုက္ကိုကိုင်းအနီးကိုရောက်ရှိလာသည်။

"ဖျောင်း"

"အမလေး"

ကျော်ဇေယျသည် မြေပေါ်လဲကျသွားသည်။

"ဟီး ဟီး ဟီး"

ရယ်သံကို ကြားလိုက်သည်။ ကျော်ဇေယျ သတိလစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၄)

"ဟား ဟား ဟား..."

ရယ်သံများသည် ဝန်းကျင်ကို လွှမ်းမိုးသွားသည်။ အာကာသည် ထိတ်လန့်တဲ့မျက်နှာလေးနှင့် မရယ်နိုင်အောင် ဖြစ်နေသည်။ ကိုဖိုးအေးသည် အာကာမျက်နှာကို ကြည့်နေသည်။

"သူရသတ္တိနဲ့ ပြည့်စုံပါပေကွာ။ မင်းလိုလူ ဒီတစ်ခါပဲ တွေ့ဖူးတယ်အာကာ။ မင်းဒီလိုသာကြောက်ရွံ့နေမယ်ဆိုရင် ကိုကောင်တွေကို အနိုင်ရဖို့မလွယ်ဘူး။ သူတို့ကို အနိုင်ယူချင်တယ်ဆိုရင် ငါ့ စကားကို သေချာနားထောင်ရမယ်"

"ဦးလေးဖိုးအေး စကားကို နားထောင်ပြီး လုပ်လိုက်တာ အခု အောင်မြင်တယ်မဟုတ်လား"

"ဒါ အောင်မြင်တယ်လို့ မခေါ်ဘူး ဟကောင်ရ။ အခုလုပ်ရပ်က မင်းတစ်ယောက်တည်းအစွမ်းနဲ့ အောင်မြင်တာ မဟုတ်ဘူး။ အောင်အေးနဲ့ ငါတို့ကူညီလို့ အောင်မြင်တာကွာ"

"ကျွန်တော်လည်းပါတယ်လို့ ပြောဦးလေ ဦးလေးဖိုးအေး"

လေးမျိုးကြားက နေရာဝင်ယူလိုက်သည်။ လေးမျိုးက လူတစ်မျိုး။ ဟုတ်ဟုတ်မဟုတ်ဟုတ် ၎င်းနာမည်ကို ရှေ့တန်းတင်ပြီး ပြောတာကို နှစ်သက်သည်။

ယခု ကိုဖိုးအေးစကားမှာ ၎င်းနာမည်မပါဝင်၍ မကျေမနပ်ဖြစ်နေသည်။ ဦးဖိုးအေးက နာမည်ကို ပြန်ပြောသည်။ ကျေနပ်တဲ့ အပြုံးနှင့် ကျေနပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို အာကာရ . . ."

"ဆက်ပြောလေကွာ ဘာကြောင့် ရပ်ထားရတာလဲ"

"ဦးလေးဖိုးအေးပြောလို့ ကျွန်တော်ပြောမယ့် စကား ဘယ်ရောက်သွားမှန်းမသိတော့ဘူး။ အဲ . .. . ဟို . . . အင်း"

"ဟား . . . ဟား . . . ဟား"

ဟားတိုက်ရယ်မောလိုက်ကြသည်။ လေးမျိုးရှက်သွားသလို ဖြစ်သွားသည်။ ကြောက်ရွံ့ထိတ်လန့်နေတဲ့ အာကာ အတွက် ဟာသဝတ္ထုတစ်ပုဒ် ဖတ်လိုက်ရသလို ထင်မှတ်မိသည်။

"အသာနေစမ်းပါမောင်မျိုးရာ၊ ဦးလေးဖိုးအေးရဲ့ အစီအစဉ်တွေကို နားထောင်စမ်းပါဦး"

"အေး . . . ငါတို့ စဉ်းစားမိတယ်ကွာ"

ကိုဖိုးအေးသည် ပြောလက်စ စကားကို ရပ်ပြီး ဆေးလိပ်ကို တစ်ချက် နှစ်ချက် ဖွာရှိုက်လိုက်သည်။

ကျန်သူများက ကိုဖိုးအေးပြောလာမယ့်စကားကို စောင့်မျှော်နေမိသည်။ ကိုဖိုးအေးပြောတဲ့စကားနှင့် လုပ်ရပ်များက အောင်မြင်မှုတွေ ရရှိနေတတ်သည်။ ဒါကို လက်ခံယုံကြည်ကြသည်။

သရဲကို ကြောက်ရွံ့နေတဲ့ အာကာသည် ကိုဖိုးအေး ကြောင့် ထိုစိတ်များ လွင့်စင်ပျောက်ကွယ်နေသည်။

"ဦးလေးဖိုးအေး စဉ်းစားတယ် ဆိုတာ ဘာလဲ"

"အဲဒါတော့ ပြောပါဦး လေးဖိုးအေး"

"မင်းစိတ်ဝင်စားသွားပြီလား အာကာ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ့်ကို စိတ်ဝင်စားပါတယ်"

"အခု အစီအစဉ်ပြောတာနဲ့ ပိုပြီးစိတ်ဝင်စားစရာ ကောင်းတယ်။ ရော့ . . . ဒါလေးကို ကြည့်လိုက်"

ကိုဖိုးအေးသည် အိတ်တွင်းမှ ယူလာတဲ့ ပစ္စည်း လေးတစ်ခုကို ထုတ်ယူပြီး အာကာကိုပေးလိုက်သည်။ သေချာထုပ်ထား၍ မည်သည့်အရာ ဆိုတာမသိရပေ။

အောင်အေးတို့ အထုပ်လေးကို စိတ်ဝင်စားသွား သည်။ အထုပ်ပိုင်ဆိုင်ထားတဲ့ အာကာကတော့ စိတ်ဝင် စားကြည့်နေသည်။

"ဒါက ဘာအထုပ်လေးလဲ ဦးလေးဖိုးအေး"

"မင်းကြည့်လေကွာ"

အထုတ်လေးကို ရှေ့နောက်ကြည့်နေသည်။

သေသေသပ်သပ် ထုပ်ထား၍ အတွင်းမှာ မည်သည့် အရာ ရှိနေသည်ဆိုတာ မသိအောင်ပင် အာကာရဲ့လုပ်ရပ် များက ကိုဖိုးအေးအတွက် ဟာသတစ်ပုဒ်လို ဖြစ်နေသည်။ မောင်မျိုးနှင့် အောင်အေးတို့သည် ၎င်းလုပ်ရပ်ကို အားမလို ဖြစ်နေသည်။

"ပေးစမ်းပါ"

"ဟာ . . . အစ်ကိုမျိုး ဘာလုပ်တာလဲ"

"မင်းကြည့်ရတာ စိတ်မရှည်တော့ဘူး"

"ဟော့ . . . မောင်မျိုးမင်းမလုပ်ပါနဲ့"

"အာကာဖြစ်ရပ်ကို စိတ်မရှည်လို့ပါ အစ်ကိုအောင် အေး"

"အာကာ မြန်မြန်ဖွင့်ကွာ၊ ဒါနဲ့ ဦးလေးဖိုးအေး

www.burmeseclassic.com

www.burmeseclassic.com



အထုပ် ထဲမှာဘာရှိလဲ''

"သိရမှာပေါ့ မောင်မျိုးရာ''

အာကာသည် အထုပ်မှကြိုးများကို ဖြုတ်လိုက်သည်။ ငှက်ပျောဖက်များကို ဘေးကိုဖယ်လိုက်သည်။ အတွင်းမှာ အထုပ်နှစ်ခုဖြစ်နေသည်။

တစ်ထုပ်ကို ဘေးကိုဖယ်လိုက်သည်။

ကျန်တစ်ထုပ်ကို ဖြည်နေသည်။ သေသပ်လှ၍ အတွင်းမှာ ဘာရှိနေသည်ဆိုတာ မသိအောင်ဖြစ်နေသည်။

"မြန်မြန်ဖွင့်စမ်းပါ အာကာရာ''

"အေးပါကိုမျိုးရာ''

အထုပ်ကို ဆက်လက်ဖွင့်နေသည်။ မောင်မျိုးက တော့ လုပ်နေတာကြာသည်ဟု ထင်မှတ်နေသည်။

အထုပ်ကို ဖွင့်နေရတာ စိတ်ထဲမှာတော့ စိုးရွံ့နေ သည်။

"အား ... အမလေး''

လက်ထဲမှာကိုင်ထားတဲ့ အထုပ်ကို ပစ်ချလိုက်သည်။

အထုပ်လေးသည် မြေပေါ်ကိုပြုကျသွားသည်။ အာကာရဲ့ ဖြစ်ရပ်အတွက် ဟားတိုက်ရယ်လိုက်ကြသည်။ အထုပ်တွင်းမှာ ပုတ်သင်ညိုခေါင်းစိမ်းတစ်ကောင်ဖြစ်သည်။ ပုတ်သင်ညိုသည် လှုပ်လှုပ်ရွရွဖြစ်နေသည်။ ကိုဖိုးအေးသည် ပုတ်သင်ညိုကို ခေါင်းမူးအောင်ရိုက်လိုက်သည်။ အထုပ်ထဲမှာ အတန်ကြာအောင်နေရ၍ ခေါင်းမူးအနည်းအကျဉ်းပြသွား သည်။ ပုတ်သင်ညို လှုပ်ရှားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အာကာအထိတ်တလန့် အော်ဟစ်လိုက်သည်။

"ဘာလုပ်တာလဲ ဦးလေးဖိုးအေး"

"သရဲခြောက်မယ့်အကောင်က ဒါကိုတွေးကာ ကြောက်နေ ဘယ်လိုလုပ်ပြီး သူများကို ခြောက်လို့ရမှာလဲ"

"ဦးလေးဖိုးအေးက ရုတ်တရက်ကြီးဆိုတော့ ကြောက်သွားတာပေါ့"

"သရဲဘယ်နေရာမှာ ဘယ်လိုခြောက်မယ်ဆိုတာ ကြိုတင်သိရလို့လား"

"အဲဒါတော့ ဘယ်သိရပါ့မလဲ"

"အခု ငါလုပ်တာက မင်းကြိုတင်ပြင်ဆင်လို့ ရတယ်။ အကောင်ကြီးပြထားတာကွာ။ ဒီမှာ ငါပြောမယ်၊ ဘယ်နေရာမှာ ဘာပဲလုပ်လုပ် သတိရှိရမယ်။ အသေးအဖွဲလေးကို ကြီးကျယ်တင်ထင်ပြီး အော်တာ သတိမရှိလို့ပဲကွာ၊ အဲဒါ မှတ်ထား"

"ဦးလေးဖိုးအေး ပြောတာ သေချာမှတ်ထား ပါတယ်"

အောင်အေးစကားသည် အာကာကို တက်ကြွစေသည်။ ဘယ်လိုအရာတွေ့တွေ့ ကြောက်လန့်တတ်တဲ့ အာကာသည် ရင်းစိတ်တွေကို ပျောက်ကွယ်သလို ထင်မှတ်နေမိသည်။

ကျော်ဇေယျတို့ကို အနိုင်ယူလိုစိတ်များ ထွက်ပေါ်လာသည်။ ကျော်ဇေယျတို့သည် သရဲမကြောက်၊ သရဲရှိသည် ဆိုသောစကားကို လက်မခံ။ မကြောက်တတ်တဲ့ သူတွေကို ခြောက်လှန့်ဖို့ဆိုတာ မလွယ်ကူအောင် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ အာကာ ... ဟိုကျန်သေးတဲ့ အထုပ်ကို ဖြည်လိုက်ဦး"

"အဲဒီအထုပ်ကို မဖြေလို့မရဘူးလား ဦးလေးဖိုးအေး"

"မရဘူး ... ငါပြောတဲ့အတိုင်းလုပ်"

"အဲဒီအထဲမှာ ဘာရှိလဲ ဦးလေးဖိုးအေး"

"သိချင်ရင် အထုပ်ကိုဖြေလိုက်"

စောစောကမြင်ကွင်းကြောင့် ထိတ်လန့်သွားသည်။ ရှေ့မှာကျနေတဲ့ အထုပ်ကိုကြည့်ပြီး စိုးရိမ်ထိတ်လန့်နေသည်။ ၎င်းအထုပ်ကို စိုက်ကြည့်နေသည်။

အာကာဖြစ်ရပ်ကို သဘောကျနေသည်။

"အာကာ ဘာကြည့်နေတာလဲ လုပ်လေကွာ"

ကိုဖိုးအေးကို တစ်ချက်ကြည့်လိုက်သည်။ အထုပ်ကို ယူလိုက်သည်။ ကိုဖိုးအေးက အထုပ်ကို ဖြေရန်အတွက် တန်ပြောနေသည်။ ငြင်းမရ၍ အနားကို ယူလိုက်သည်။

နောက်ဆုံးတော့ အထုတ်ကိုဖြေနေသည်။

"စိတ်မတည်ငြိမ်လို့ဖြစ်တာ စိတ်ကိုထိန်းပါ"

ဟုစကားကို ကြားယောင်နေသည်။

သတိကြီးစွာနှင့် အထုတ်ကို ဖြည်နေသည်။

"အို ... ဘာကြီးလဲဟ"

အတွင်းကအရာဝတ္ထုကြောင့် အံ့ဩသွားသည်။ အာကာသည် ထိုအရာကို သေချာကြည့်နေသည်။ အနေ... အသာယာ ဆုတ်လိုက်သည်။ ဘာတွေထွက်လာမလဲဟု တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးအေးလက်သည် အထုပ်ရှိရာကို ရောက်ရှိသွားသည်။ အထုပ်တွင်းမှ အရာကိုယူပြီး အာကာကိုပေးလိုက်သည်။

"ဘာကြီးလဲဟာ"

"မကြောက်ပါနဲ့ အာကာရာ၊ ဒါကအသက်မဲ့အရာတစ်ခုပါ။ မင်းအတွက် ငါယူလာခဲ့တာ"

"ကျွန်တော်ဘာလုပ်ရမှာလဲ"

"ငါ့ကိုပေးစမ်း"

လေးမျိုး ဆွဲယူလိုက်သည်။ ဘယ်အရာမဆိုဝင်ရောက်စွက်ဖက်တတ်တဲ့ လေးမျိုးသည် လက်ထဲရောက်ရှိနေတဲ့ အရာလေးကို သေချာကြည့်နေသည်။

"ဟာ မျက်နှာဖုံးစွပ်လေးပဲ၊ ဦးလေးဖိုးအေးကျွန်တော့်ကို ပေးဗျာ"

"အာကာအတွက် ငါအိမ်ကခိုးယူလာခဲ့တာ၊ အဲဒီမျက်နှာဖုံးက ငါ့အဘိုးငယ်ငယ်တုန်းက အသုံးပြုခဲ့တဲ့ ပစ္စည်းလေးပဲ"

"ဒီမျက်နှာဖုံးက ရာဇဝင်ရှိတယ်ဆိုတဲ့ သဘောလား ဦးလေးဖိုးအေး"

"သိပ်သေချာတာပေါ့ကွာ၊ တစ်ခုပဲပြောချင်တယ်၊ ပြီးတော်ပြီးတာနဲ့ ငါ့ကိုပြန်ပေးရမယ်။ ငါ့အဖေသိသွားရင် ငါတီးခံရမှာ သေချာတယ်"

"စိတ်ချပါ ဦးလေးဖိုးအေးရာ"

"အဲဒါမင်းယူထား ॰॰॰॰ ဘယ်သူ့ကိုမှမပြနဲ့"

"အဲဒါကိုတော့ ကတိပေးတယ်။ ဘယ်သူမှ မသိစေ

www.burmeseclassic.com

www.burmeseclassic.com



ရပါဘူး''

အာကာသည် မျက်နှာဖုံးကို သေချာကြည့်နေသည်။

မျက်နှာဖုံးသည် နှစ်တွေအတန်ကြာတယ်ဆိုပေမယ့် လွန်စွာကြောက်စရာကောင်းနေဆဲ ဖြစ်နေသည်။ အောင်အေးနှင့် လေးမျိုးတို့ မျက်နှာဖုံးကို စိတ်ဝင်စားနေသည်။ ၎င်းတို့သာ မျက်နှာဖုံးကို ရလိုက်လျှင် ညမအိပ်ဘဲလိုက်ပြီး ခြောက်လှန့်မှာ သေချာသည်။ ရွာထဲမှာရှိတဲ့ မကျေနပ်သူတွေကို ခြောက်လှန့်မှာသေချာသည်။

ကိုဖိုးအေးက ၎င်းတို့အကြောင်းကိုသိနေ၍ အာကာကို ရွေးချယ်ပေးလိုက်သည်။ အာကာက သရဲကြောက်တတ်သည်။ တစ်ဖက်သားလူတွေရဲ့ ခြောက်လှန့်ခံနေရတာကို ဘဝင်မကျအောင် ဖြစ်နေသည်။ ကိုဖိုးအေးသည် အင်္ကျီနှင့် လုံချည်တွေကို အရောင်ပြောပြနေသည်။

''အာကာ ဒီညင့်ါကို ခဏငှားလိုက်ကွာ၊ မနက်ဖြန် ပေးမယ်''

''မပေးပါဘူး . . . ဦးလေးဖိုးအေးက ငါ့ကိုပေးထားတာ''

''ကဲ . . . အာကာ ဒီညကစပြီး မင်းရဲ့အစွမ်းအစကို ငါတို့စောင့်ကြည့်ကြမယ်''

''စိတ်ချပါ ဦးလေးဖိုးအေး''

အာကာ ခြောက်လှန့်ချင်တဲ့သူက ကျော်ဖေဖြူတို့ အဖွဲ့ဖြစ်သည်။ ၎င်းတို့သည် တစ်ရွာလုံးကို နေ့ခင်းပြောင်နေသည်။

ပြီးတာနှင့် ရယ်မောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၅)

"ဟား . . . ဟား . . . ဟား ဖြစ်မှဖြစ်ရလေ ကျော်ဇေယျ ရာ။ သရဲမကြောက်တဲ့အကောင်က သရဲကြောက်လို့တဲ့။ နားရှိ လို့သာ ကြားရတာ ယုံဖို့တော့ တော်တော်ခက်နေတယ်"

ကျော်ထင်နှင့်မျိုးထွန်းတို့ ရယ်လိုက်ကြသည်။

ကျော်ဇေယျအတွက် ဒေါသထွက်နေသည်။

၎င်းသည် ထိုစကားမျိုးတစ်ခါမှ မပြောဘူးပေ။ ယခု ပြောလာခြင်းသည် အလွန်ထူးဆန်းနေသည်။ သူငယ်ချင်း အချင်း မဟုတ်တာတွေပြောနေသည်ဟု ထင်မှတ်နေသည်။

"ငါတကယ်ပြောတာ ကျော်ထင်၊ မင်းတို့ကို ငါ မညာဘူးကွာ"

"မင်းရဲ့ မဟုတ်တဟုတ်ပုံပြင်လေးကို နားထောင်ရ တာပေါ့ကွာ။ ပြောကြည့်ပါဦး"

"ဒါက ငါကိုဖွဲ့တာပဲ"

"မင်းကိုငါတို့ ဘယ်လောက်ယုံတယ်ဆိုတာ မင်း အသိဆုံးနေမှာပါကွာ"

"ကျော်ထင်ကလဲကွာ၊ မင်းဖြစ်ချင်တာတွေပဲ ပြောနေ တယ်။ တစ်ဖက်က အဖြစ်ကိုလည်း မေးကြည့်ပါဦး။ ပြီးမှ ဟုတ်တယ်မဟုတ်ဘူးဆိုတာ စဉ်းစားပေါ့။ ကဲ ကျော်ဇေယျ

www.burmeseclassic.com

www.burmeseclassic.com



ပြောကွာ။ သူနားမထောင်ရင်နေ ငါနားထောင်မယ်ကွာ''

မျိုးထွန်းစကားသည် ကျော်ဇေယျ အားတက်သွားသည်။ ရှေ့မှာရှိတဲ့အရက်ခွက်ကိုယူပြီး သောက်လိုက်သည်။ ကျော်ထင်ပြောမယ့် စကားများ ပျောက်ကွယ်သွားသည်။

''ငါ့အိမ်မှာ စိတ်ညစ်တာနဲ့ သုသာန်မှာသွားပြီး ထိုင်တယ်ကွာ။ ဒါကတော့ မင်းတို့သိနေတာပဲ။ အဲဒီညက ကိုးနာရီကျော်တော့ ငါပြန်လာတယ်ကွာ ... ရွာထိပ်က ကုက္ကိုပင်ကြီးအောက်မှာ မည်းမည်းကြီးတစ်ခုကို တွေ့လိုက်ရတယ်။ ငါတော်တော့်ကို ထိတ်လန့်သွားတယ်။ အရိပ်မည်းကြီးဟာ ငါ့ဆီကို လာနေသလိုပဲ။ ငါ ကုက္ကိုပင်အောက်ကိုရောက်တော့ သစ်ကိုင်းကြီးက လမ်းမကို ပိတ်ပြီး ကျလာတယ်ကွာ''

''ရုတ်တရက်ဆိုတော့ ငါလည်း ဘာလုပ်ရမှန်းမသိတော့ဘူး။ နောက်ဆုံးတော့ ငါလည်း ခပ်ပြတ်ပြတ်ဆုံးဖြတ်လိုက်တယ်။ ဘာတွေပဲဖြစ်ဖြစ်ဆိုပြီး ခြေဦးတည့်ရာပြေးတယ်။ ခပ်ဝေးဝေးရောက်တော့ သစ်ကိုင်းကြီးအပေါ်ကိုပြန်တက်သွားတယ်ကွာ''

''ဟာ မင်းတကယ်ပြောတာလား ကျော်ဇေယျ''

''ငါတကယ်ပြောတာ''

''မယုံဘူး ငါတော့ မယုံဘူးဟေ့''

တဟဲဟဲရယ်ပြီး ပြောလိုက်သည်။ ကျော်ထင်ရယ်သည့် ပုံစံသည် တစ်ဖက်သား လှောင်ပြောင်နေသလို ထင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျသည် မကျေနပ်တဲ့အကြည့်ဖြင့် ကျော်ထင်အား ကြည့်နေသည်။ ကျော်ထင်ကတော့ အရက်ခွက်ကိုကိုင်ပြီး ရယ်နေသည်။

၎င်းလုပ်ရပ်ကို မနှစ်သက်သူက မျိုးထွန်းဖြစ်သည်။ မျိုးထွန်းသည် ကျော်ဇေယျကို မျက်လုံးတစ်ဖက်မှိတ်ပြပြီး အချက်ပေးလိုက်သည်။

"မင်းတကယ်မယုံဘူးလား ... ကျော်ထင်"

"ငါတို့ရွာဟာ ဘယ်တုန်းကမှ သရဲမှမခြောက်တာ၊ အခု ခြောက်တယ်ဆိုတာတော့ မဖြစ်နိုင်ဘူး။ တကယ်ပဲ သရဲခြောက်တယ်ဆိုရင်တောင် အတုပဲဖြစ်ရမယ်"

"ကျော်ဇေယျပြောတာကို မယုံဘူးလား ကျော်ထင်"

"စကားတစ်ခွန်းကို နှစ်ခါမပြောဘူး မျိုးထွန်း"

"ဘယ်လိုပြောပြော မယုံဘူးကွာ"

"အဲဒါဆို မင်းနဲ့ ငါနဲ့ အလောင်းအစားလုပ်မယ်"

"သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့ကွာ။ ဘာကြေးလောင်းမလဲပြော၊ ငါကတော့ အဆင်သင့်ပဲ"

"မျိုးထွန်းမင်းအသာနေ ငါနဲ့ လောင်းမယ်။ ကြက်နှစ်ပိဿာနဲ့ စပါးငါးတင်း"

"ရတယ် ... သိပ်ကြိုက်၊ ငါက ဒါမျိုးကို စောင့်နေတာ။ ဘယ်နေ့လဲ။ ဘယ်အချိန်လဲ အစီအစဉ်ကို ပြော"

"မနက်ဖြန်ညကိုးနာရီမှာ မင်းအဲဒီကုက္ကိုပင် အောက်ကနေ ရွာထဲကိုဝင်လာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ . . . မင်းတို့က ဘယ်မှာ စောင့်နေမလဲ"

"အဘိုးလေးဉာဏ်ဦးအိမ်မှာ စကားပြောနေမယ်။ ဒါမှ မင်းအောင်တဲ့အသံငါတို့ကြားရမှာ"

အလောင်းအစားဖြစ်တဲ့ အထိမ်းအမှတ်နှင့် အရက်ခွက်ကို ပြိုင်တူသောက်ပြီး အောင်ပွဲခံနေကြသည်။

ကျော်ထင်က လူတစ်မျိုး၊ သူရဖို့ သူအသာစီးရဖို့ သာဆိုလျှင် ဘာမဆိုလုပ်တတ်သည်။ လုပ်ရဲသည်။ ယခု ဇွင်းအနိုင်ရပြီအထင်နှင့် လုပ်ဆောင်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂၆)

ပျော်ရွှင်တဲ့စိတ်များဖြင့် မှန်ရှေ့ကမခွာနိုင်အောင် ဖြစ်နေသည်။ အာကာသည် မျက်နှာကိုမှန်ရှေ့မှာထားပြီး ကြောခဏကြည့်နေသည်။ ရည်မှန်းချက်အတွက် ပျော်ရွှင်နေသည်။

"ဟယ် ... အမလေး"

ဆူညံစွာထွက်ပေါ်လာတဲ့အသံကြောင့် အာကာ အနောက်ကို လှည့်ကြည့်လိုက်သည်။ သန္တာအလွန်ထိတ်လန့်တဲ့ အမူအရာများဖြင့် လဲကျသည်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။

အာကာသည် သန္တာထံ ပြေးသွားရကောင်းမလား။

မျက်နှာဖုံးကို အရင်ချွတ်ရင် ကောင်းမလား။

နောက်ဆုံးတော့ မျက်နှာဖုံးချွတ်နေသည်။ အသားနှင့်ကပ်နေ၍ ရုတ်တရက်ဖြုတ်မရပေ။ မျက်နှာဖုံးကို မချွတ်သေးဘဲ သန္တာထံပြေးသွားရင် ကောင်းမလား။ ထိုပုံစံအတိုင်းဆိုလျှင် ဖြစ်ခဲ့ရ ဖြစ်သွားနိုင်သည်။ အဖြေမထွက်နိုင်တဲ့အတွက် စိတ်များလှုပ်ရှားလာသည်။ မျက်နှာဖုံးကို တပ်တုန်းက လွန်စွာလွယ်ကူသည်။ တကယ်တမ်း ပြန်ဖြုတ်တော့ မရအောင် ဖြစ်နေသည်။ စိုးရိမ်စိတ်များ လွှမ်းမိုးလာသည်။ လူကြီးမိဘတွေသိလျှင် အဆူခံရမှာ ရာနှုန်းပြည့်။ နောက်ဆုံးတော့

www.burmeseclassic.com



အာကာသည် မှန်ရှေ့မှာရပ်ပြီး မျက်နှာဖုံးကို ဆွဲချွတ်လိုက်သည်။

"ကဲ . . . ဟာ . . ."

"အင် . . . မှတ်ထား"

အသက်ကို ဝအောင်ရှူလိုက်သည်။ မျက်နှာဖုံးကို သိမ်းပြီး လဲကျနေတဲ့ သန္တာကို ထူလိုက်သည်။

"သန္တာ . . . သန္တာ"

အကြိမ်ကြိမ် ခေါ်လိုက်သည်။

သတိရလာသည်။ မှိတ်နေတဲ့ မျက်လုံးဖွင့်သွားသည်။ အာကာကို သေချာကြည့်နေသည်။

"ဟို . . . ဟို"

"ဘာတွေဟိုတာလဲ"

"သရဲ . . . သရဲ"

"ဘယ်ကသရဲရှိရမှာလဲ ဘာသရဲမှမရှိပါဘူး"

"ငါလာတုန်းက မှန်ရှေ့မှာ ရပ်နေတာ"

"ငါပါဟာ . . . သရဲမဟုတ်ပါဘူး"

"နင်တကယ်ပြောတာနော် . . . အာကာ"

"ကမ္ဘာလောကကြီးကို ငါညာမယ်။ နင့်ကို ဘယ်တော့မှ မညာဘူး . . . အဲဒါအမှန်ပဲ"

"ဒါဆို ငါယုံအောင် နင်သက်သေပြ"

တောင်းဆိုလာ၍ အခက်ကြုံနေသည်။ သန္တာမှ တစ်ဆင့် လူကြီးမိဘများသိသွားမှာ စိုးရိမ်နေသည်။ အာကာ သည် သန္တာအား ဘယ်လိုပြောရမယ်ဆိုတာ စဉ်းစား နေသည်။ မပြောပြဘဲနေလျှင် အိမ်မှာသရဲရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်သွားမှာ သေချာသည်။ သန္တာသည် ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့် အာကာကိုကြည့်နေသည်။ အဓိပ္ပါယ်များစွာပါနေတဲ့ သန္တာရဲ့ အကြည့်ကို မည်သည့်ပုံစံဖြစ်တောင် ရှင်းပြရမလဲဆိုတာ စဉ်းစားမရအောင် ဖြစ်နေသည်။

"နင့်အိမ်မှာ သရဲရှိတယ်။ ငါဘယ်တော့မှ မလာတော့ဘူး"

"မရှိပါဘူး သန္တာရာ"

"ငါ့မျက်လုံးနဲ့ တွေ့ခဲ့တာပါဟာ"

ထိုသို့ပြောပြီး သန္တာသည် အိမ်ပေါ်က ပြေးဆင်းသွားသည်။ အာကာသည် အနောက်ကနေ လိုက်တောင်းပန်သည်။ နောက်ကျသွားသည်။ သန္တာသည် အိမ်အပြင်ဘက်ကိုရောက်ရှိသွားသည်။ အာကာစိုးရိမ်သွားသည်။ ၎င်းကိစ္စကိုမိဘများ၊ ရွာသားများသိသွားရင် ဘယ်လိုဖြေရှင်းရမှာလဲ။ အဖေကသရဲဆိုတာ မယုံပေမယ့် အမေ ဒေါ်ခက်ထားအတွက်တော့ စိုးရိမ်စရာဖြစ်သည်။ သန္တာကိုနားလည်အောင်ရှင်းပြရန် အရေးတကြီးလိုအပ်နေသည်။ မိဘလူကြီးများက သန္တာ စကားကို ယုံကြည်ကြသည်။ သူမသည် အခြားကလေးတွေလို မဟုတ်။ မဟုတ်မမှန် ပြောဆိုတတ်သူမဟုတ်။

မိဘများက ချမ်းသာနေတော့ ပိုပြီးအထင်ကြီးလေးစားတတ်ကြသည်။ အဆိုးဆုံးကတော့ အာကာ့မိဘများက သန္တာကို သမီးရင်းကဲ့သို့ ချစ်ကြသည်။ သူမကိုအာကာနှင့် သဘောတူထားသည်။ ၎င်းတို့နှစ်ယောက်ကရည်းစားတွေ မဟုတ်ကြပေမယ့် ချစ်နေကြသည်။ ၎င်းတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်မှ တစ်ယောက်တစ်ခုခုဖြစ်နေရင် ကျန်တစ်ယောက်က မနေနိုင် အောင်ဖြစ်နေသည်။ အာကာသည် မျက်နှာဖုံးကို ကိုင်ပြီး သန္တာကိုကြည့်သည်။ စိုးရိမ်စိတ်များ လွှမ်းမိုးနေသည်။ စိတ်ထဲ တွင် အဖြေထုတ်မရဖြစ်နေသည်။ ခက်ခဲသည်မှာ ဦးလေး ဖိုးအေးရဲ့ စကားပင်ဖြစ်သည်။

"ဒီမျက်နှာဖုံးနှင့်ပတ်သက်လို့ ဘယ်လိုအကြောင်းတွေ ဖြစ်ပေါ်ပါစေ။ ဘယ်သူ့ကိုမှ အသိမပေးပါဘူးလို့ ကတိပေးကွာ"

ကိုဖိုးအေးမှာကြားချက်က မျက်နှာဖုံးနှင့် ပတ်သက်ပြီး အလွန်အရေးကြီးနေသည်။ ထိတ်လန့်သွားတဲ့ သန္တာကိုရှင်းပြရန် ခက်ခဲနေသည်။

"အာကာ"

"ဟာ ဦးလေးဖိုးအေး။ ဘယ်ကလာတာလဲ"

"မင်းဆီကိုပဲ တမင်လာခဲ့တာကွာ"

"အရေးကြီးလို့လား ဦးလေးဖိုးအေး"

"ငါတို့အတွက် အခွင့်အရေးတစ်ခုရပြန်ပြီ အဲဒါပြောဖို့ လာခဲ့တာပဲ"

ကိုဖိုးအေးက အားတက်နေသည်။ အာကာကတော့ အားမတတ်နိုင်အောင် ဖြစ်နေသည်။ စိတ်ထဲတွင် သန္တာဖြစ်ရပ်က ဖိစီးနှိပ်စက်နေသည်။ အာကာသည် မည်သည့်စကားမှမပြော။ ကိုဖိုးအေး စကားကိုသာ တိတ်ဆိတ်စွာ နားထောင်နေသည်။

ဂုဏ်ရဲ့ဖြစ်ရပ်ကို ကိုဖိုးအေးနားမလည်စွာ ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အာကာ မင်းဘာဖြစ်နေတာလဲ"

"ဒီနေ့ သန္တာအိမ်ကိုလာသွားတယ် ဦးလေးဖိုးအေး"

"ဟား... ဟား ...ဟား သရဲကြောက်တတ်တဲ့ မင်းကို အထင်သေးစကားပြောသွားလို့လား၊ မင်းပြောလိုက်ပါ ကွာ ငါသရဲမကြောက်ဘူး၊ သရဲခြောက်နေပြီလို့ ပြောလိုက် စမ်းပေါ့ကွာ။ ဒါမှသဘောကျသွားမှာပေါ့"

"ဦးလေး ဖိုးအေးပြောသလို မဟုတ်ပါဘူး"

"ဟေ ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦးကွာ"

"ဦးလေးဖိုးအေး ပေးထားတဲ့ မျက်နှာဖုံးစွပ်ပြီး မှန်ကြည့်နေတုန်း သန္တာအနောက်က ရောက်လာတယ်။ ကျွန်တော် သန္တာကို ကြည့်လိုက်တော့ လန့်ပြီးသတိလစ် သွားတယ်။ ကျွန်တော်က မျက်နှာဖုံးချွတ်သိမ်းပြီး သတိရ အောင် လုပ်ပေးလိုက်တယ်။ သန္တာသတိရလာတော့ သရဲ မြင်တယ်ဆိုပြီး ထွက်ပြေးသွားတယ်"

"ဒါလေးများ ကြီးကျယ်တာမှမဟုတ်တာ။ လွယ်တာ ကို ခက်ခဲတယ်လို့ သတ်မှတ်နေရင် အဲဒီလူရဲ့ အောင်မြင်မှု ဆိုတာ ရှိလာမှာမဟုတ်ပါဘူး အာကာရာ။ မင်းကိုပြောချင် တာက သရဲပြေးတဲ့ည ပွဲတော်မပြီးမချင်း ဘယ်သူ့ကိုမှ အသိမပေးနဲ့၊ ပွဲတော်ကလည်း နီးလာပြီကွာ"

"အဲဒီတော့ ကျွန်တော်ဘာဆက်လုပ်ရမလဲ ... ဦးလေး ဖိုးအေး"

"ဘာလုပ်ရမှာလဲ ... ငါတို့ရဲ့ အစီအစဉ်အတိုင်း ပေါ့ကွာ။ ကဲ...လာသွားကြမယ်။ ဟိုကောင်တွေ စောင့်နေကြ တယ်"

www.burmeseclassic.com

www.burmeseclassic.com



(၂၇)

အမှောင်ထုကို စိန်ခေါ်ပြီး လမ်းလျှောက်နေသည်။ ငှင်းသည် ရွာရှိရာကို ဦးတည်လာနေသည်။

ညကိုးနာရီကျော်နေ၍ ရွာတွင်နေထိုင်သူများ အိပ်စက် အနားယူနေကြသည်။ တစ်ချို့လူများက အိမ်တွင်းအလုပ်ကို လုပ်ကိုင်နေကြသည်။

ရွာလူငယ်များကတော့ အဖွဲ့လိုက်ထိုင်ပြီး စကားပြော နေတတ်ကြသည်။ လူကြီးတစ်ချို့က အိမ်တစ်အိမ်မှာစုပြီး ရှေ့ဟောင်းနှောင်းဖြစ်များ ပြောနေကြသည်။ ရွာရဲ့အကြောင်း များကိုလည်း ပြောနေကြသည်။

ထိုအချိန်တွင် လူငယ်ကတော့ ကိုယ့်ဆီ ဦးတည် လာနေသည်။ သူငယ်ချင်းများ ပြောတဲ့စကားကို သတိရ လာသည်။ 'မင်းသတိထားနော်၊ အကောင်ကြီးကကြီးတယ်' ကြက်သီး ဖျန်းကနဲလာသည်။ အရှေ့ကို ကြည့်လိုက်သည်။ မည်းမည်း အရာတစ်ခုကို တွေ့လိုက်ရသည်။ ငှင်းသည် မျက်နှာချင်း ဆိုင်လာနေခြင်းဖြစ်သည်။

လူတစ်ယောက်ဖြစ်ပါစေဟု ဆုတောင်းနေမိသည်။ ခြေလှမ်းကိုရပ်လိုက်သည်။ ရှေ့ကလာတဲ့ အရိပ်မည်းကြီးကို သေချာကြည့်နေသည်။ အလွန်အံ့ဩနေသည်။ အရိပ်ကြီး သည် ထိုနေရာတွင် ရပ်နေသည်။

"ဟိုလူ ငါ့ကိုသရဲမှတ်ပြီး ရပ်နေတာလားမသိဘူး"

စိတ်ထဲမှာ ထင်မှတ်လိုက်သည်။ ပီတိများဖြစ်ပေါ်လာ သည်။ ခြေလှမ်းများကို စတင်လိုက်သည်။ ရှေ့မှာတွေ့လိုက် ရတဲ့ မည်းမည်းအရာပျောက်ကွယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုး"

ဆေးလိပ်အနံ့ရရှိလာသည်။ မိမိဆေးလိပ်သောက်တတ်သူမဟုတ်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

ခြေသံတွေကို ကြားနေရသည်။ တစ်ဦးတစ်ယောက်ကိုမှ တွေ့ရှိခြင်းမရှိအောင် ဖြစ်နေသည်။

ထိတ်လန့်စိတ်များ လွှမ်းမိုးလာသည်။ ရှေ့တည့်တည့်ကို ကြည့်လိုက်သည်။ ကုက္ကိုပင်ကြီးအောက်မှာ မည်သည့်အရာကိုမှ မတွေ့ရ၍ စိတ်သက်သာသွားသည်။ လမ်းဘေးမှာပေါက်နေတဲ့ မိကျောင်းပင်များဟု ထင်မှတ်နေသည်။

"ဂီး ..."

"ဝှစ် ဝှစ်"

"ဖျောင်း ဖျောင်း"

ခြေလှမ်းများ ရုတ်တရက်ရပ်သွားသည်။ ထွက်ပေါ်လာတဲ့ အသံများ ကုက္ကိုပင်ကြီးပေါ်က ဖြစ်နေသည်။

ပတ်ဝန်းကျင်မှာ ထူးခြားမှုမတွေ့ရပေ။ ငှက်တစ်ကောင်ထပျံသွားတာပဲဟု ထင်မှတ်နေသည်။

"ငါကိုခြောက်တာ ကုက္ကိုပင်ကြီးက"

ကြားလိုက်ရတဲ့ အသံကြောင့် ကြက်သီးများထလာသည်။ ကုက္ကိုပင်ပေါ်က ဆင်းလာမလား။ အနောက်ကပဲထွက်ပေါ်လာမလားဟု စဉ်းစားနေမိသည်။

လျှောက်လှမ်းလာရင်းက ကုက္ကိုပင်အနားကိုရောက်ရှိ လာသည်။ မကြာခင် အပင်ကြီးအောက်က ဖြတ်လျှောက် သွားရတော့မည်။

တစ်ခြားနေရာက ရှောင်သွားရန် လွယ်ကူတဲ့ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ရွေးစရာလမ်းမရှိ။ ထိုနေရာကမသွားလျှင် အနောက်ကို ပြန်လျှောက်ရမည်။ ပြတ်သားတဲ့ ဆုံးဖြတ်ချက်ဖြင့် လျှောက်လှမ်းလိုက်သည်။

"ဝေါ"

"ဖျောင်း ဖျောင်း"

"အမလေးဗျာ"

"ကယ်ကြပါဦး"

အော်ဟစ်သံနှင့်အတူ ခြေဦးတည့်ရာထွက်ပြေးပေ၏။

"အား"

ခလုပ်တိုက်ပြီး လဲကျသွားသည်။ လွှမ်းမိုးနေတဲ့ ကြောက်စိတ်များကြောင့် ချက်ချင်းထပြီးပြေးနေသည်။

ခြေထောက်များ နာကျင်သွားသည်။ ဂရုမစိုက်နိုင်။

အရေးထဲလုံချည်ကို တက်နင်းသည်။ ကျွတ်ကြနေသည်။ အတွင်းမှာ ဘောင်းဘီပါလာ၍ ကံကောင်းနေသည်။

မည်သို့ပင်ဖြစ်ပေမယ့် လွတ်အောင်ပြေးရမှာက အဓိကဖြစ်နေသည်။ ၎င်းသည် ကုက္ကိုပင်ကြီးအောက်ကို ရောက်ရှိလာသည်။

အပင်ကြီးရဲ့အောက်ဆုံး သစ်ကိုင်းကြီးအောက်ကို ညွှတ်ကိုင်းကျလာသည်။ စိတ်များလွှမ်းမိုးနေသည်။ ညွှတ်ကိုင်း ကျလာတဲ့ သစ်ကိုင်းများကို ရှောင်တိမ်းတဲ့အနေဖြင့် ခေါင်းကို ငုံ့ပြီးပြေးနေသည်။

"ဟာ ... အမလေး"

ရုတ်တရက် အော်လိုက်မိသည်။ ခြေလှမ်းသည် ရုတ်တရက် ရပ်တန့်သွားသည်။ အကျီကိုဆွဲလိုက်သလို

www.burmeseclassic.com

www.burmeseclassic.com



ဆင်မှတ် နေမိသည်။ တုန်လှုပ်စိတ်များကြောင့် အစွမ်းကုန်ရုန်းထွက် ပြီး ပြေးနေပေတော့သည်။

"ဘယ်လိုလဲ ကျော်ထင်အဆင်ပြေရဲ့လား"

ကျော်ဇေယျမေးခွန်းကို ဖြေကြားရန် အခက်ကြုံတွေ့နေသည်။

ငွေစကားကို လက်မခံမိသည်မှာ မဟာအမှားတစ်ခုဖြစ်နေသည်။ တကယ်ဆိုလျှင် လက်ခံပြီး ဆွေးနွေးတိုင်ပင်ရန်ဖြစ်သည်။ ယခုတော့ အသက်မသေဆုံးသည်မှာ အလွန်ကံကောင်းသည်။

ကျော်ထင်သည် စိတ်ပျက်စွာထိုင်နေသည်။ ကျော်ဇေယျကို စပါးနှင့်ကြက်များကို လောင်းကြေးထပ်ပေးရတော့မည်။

သရဲအခြောက်မခံရပါဘူးဟု ညင်းဆိုဖို့ရန် အခက်ကြုံနေသည်။ အောင်ပွဲရစစ်သူကြီးတစ်ယောက်ကဲ့သို့ ပျော်ရွှင်နေသူက ကျော်ဇေယျဖြစ်သည်။ အလွန်စိတ်ညစ်နေတဲ့ ကျော်ထင်ကို ကြည့်လိုက်သည်။

"ကျော်ထင်ငါပြောတာကို မင်းယုံပြီမဟုတ်လား"

"ငါယုံသွားပြီကွာ ... အဲဒီအတွက် ငါစဉ်းစားနေတာ"

"ငါ့ကို စပါးနဲ့ ကြက်ပေးဖို့လား"

"မဟုတ်ပါဘူးကွာ။ ငါကြုံခဲ့ရတဲ့ အကြောင်းကိုပါ"

"မင်းက မယုံလို့လား"

"ဟော့ ကောင်ကျော်ဇေယျ မင်းဒီနေ့ဘယ်လိုဖြစ်နေလဲ။ ငါ့စကားကို မင်းမသိသေးဘူးလားကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါသိတာက မင်းဆီကရလာမယ့် လောင်းကြေးပဲကွာ။ အဲဒါရပြီးမှ ကျန်တာကို နောက်မှစဉ်းစား"

"မပေးဘူးကွာ၊ မင်းငါ့ကို ဘာလုပ်မလဲ"

ဒေါသနှင့် ပြောလိုက်တဲ့စကားကို ကျော်ဇေယျ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။ ကျော်ဇေယျနှင့် ကျော်ထင်တို့သည် သူငယ်ချင်းတွေဖြစ်ကြပေမယ့် တစ်ယောက်အမှားကို တစ်ယောက်က သီးမခံနိုင်အောင် ဖြစ်နေကြသည်။

ၚင်းတို့နှင့် မတူညီတာ မျိုးထွန်းဖြစ်သည်။

မျိုးထွန်းက အလောင်းအစားကိစ္စများကို ဝါသနာမပါ။

တိုက်တွန်းတာတွေကို မပြုလုပ်၊ ခပ်အေးအေးသာ နေတတ်သည်။

"မင်းတို့ကလည်းကွာ၊ အဲဒီလောကတောင် အခြေအတင် ဖြစ်စရာမလိုပါဘူး"

"ကျော်ထင်ပြောတာကိုပဲ ကြည့်ဦးလေကွာ။ မင်းကလည်း ကြားရဲ့သားနဲ့"

"ငါကြားတာပြောရရင် နှစ်ယောက်လုံး မှားတယ်ကွာ"

မျိုးထွန်းသည် ၚင်းတို့နှစ်ယောက်လုံးကို ကြည့်လိုက်သည်။ ကျော်ထင်တို့ကလည်း မျိုးထွန်းကိုကြည့်နေသည်။

တစ်ဟုန်းဟုန်းတောက်နေတဲ့ ဒေါသမီးများက ဖြေသိမ့်ရန် မလွယ်ကူနိုင်အောင် ဖြစ်နေသည်။ မျိုးထွန်းသည်

www.burmeseclassic.com

www.burmeseclassic.com



ခါးမှာထိုးထားတဲ့ အရက်ပုလင်းကို ထုတ်ယူလိုက်သည်။ အရက်ကို မော့သောက်လိုက်သည်။ ထိုလုပ်ရပ်ကြောင့် ဒေါသများ လွင့်ပျယ်သွားသည်။ အရက်သောက်ချင်စိတ်များ ထွက်ပေါ်လာသည်။ မျက်နှာချို့သွေးနေသည်။ အရက်တိုက်ရန် တောင်းဆိုချင်နေသည်။

အရက်တိုက်လိုက်မယ်ဟု ထင်မှတ်နေသည်။ အခါ ကိုင်းတိုက်နေကျဖြစ်သည်။ ယခုတော့ သောက်ပြီးတာနှင့် ခါးမှာသိမ်းလိုက်သည်။ ကျော်ထင်တို့ ဒေါသထွက်ကုန်ကြသည်။

"မင်းအရက်က ဒီလိုပဲလား မျိုးထွန်း"

"ငါ့အရက်က ဒေါသထွက်နေသူတွေ သောက်တာ ဘက်မခံဘူး။ အဲဒီအတွက် မင်းတို့မသောက်ကြနဲ့ကွာ"

"ဒါကတော့ ငါတို့ကို စော်ကားလိုက်တာပဲကွာ"

"အဲဒီစကားကိုက ဒေါသပါနေတယ်ကွာ။ စောစော က စကားကို ပြန်ဆွေးနွေးမယ်ကွာ။ မင်းတို့နှစ်ယောက်လုံး မှာ ဝေခွဲတတ်တဲ့ စိတ်ဓါတ်တွေ မရှိကြသေးလို့ဘဲ"

"ဟာ ဒီကောင် အခြေမြစ်မရှိ ငါတို့ကို စော်ကားနေ ပြန်ပြီ"

"ငါပြောတာ အဲဒါပေါ့။ ဝေခွဲတဲ့စိတ် မရှိဘူးဆိုတာ"

"ဟေ့ကောင် မျိုးထွန်း မင်းရှင်းအောင်ပြောကွာ။ မင်းပြောတဲ့စကား အဓိပ္ပါယ်ကို ငါတို့နားလည်ရခက်နေတယ်"

"ပြောမှာပေါ့ကွာ ဟားဟား"

ထိုသို့ပြောပြီး ကျေနပ်စွာ ရယ်လိုက်သည်။ ခါးမှာ ထိုးထားတဲ့ အရက်ပုလင်းကို ယူပြီးသောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးထွန်းလုပ်ရပ်သည် ကျော်ထင်တို့ကို လှောင်ပြောင်နေသလို ဖြစ်နေသည်။ အရက်သောက်ချင်စိတ်များ လွှမ်းမိုးလာကြ သည်။ မျိုးထွန်းက တစ်ယောက်တည်း စိတ်ကြိုက်သောက် နေသည်။

အရက်ကြိုက်တဲ့ကျော်ထင်နှင့် ကျော်ဇေယျတို့သည် ပြောလက်စ စကားများကို ရပ်တန့်ပြီး အရက်ကိုသာ သောက်ချင်နေကြသည်။

မျိုးထွန်းကတော့ အရက်ပုလင်းကို ပြန်သိမ်းလိုက် သည်။ တကယ်တော့ မျိုးထွန်းသည် အစားအသောက်များ နှင့် ပတ်သက်လျှင် သူငယ်ချင်းများအပေါ် နားလည်တတ်သူ တစ်ယောက်ဖြစ်သည်။

သူငယ်ချင်းတွေကို အရက်မတိုက်တာဟာ ၎င်းစကား ကို နားမထောင်ဘဲ ပြန်လည်ချေပလာတဲ့အတွက် ဖြစ်သည်။

"မျိုးထွန်းပြောလေကွာ ဘာစဉ်းစားနေတာလဲ"

"မစဉ်းစားပါဘူးကွာ၊ အရသာခံကြည့်နေတာ"

"အရေးထဲ ဝက်ပြင်းနဲ့ တွေ့နေပြန်ပြီ"

"ဟော့ကောင် ကျော်ထင်။ မင်းဝက်ကို မစော်ကားနဲ့ ဝက်က လူသားတွေကို အသက်ပေးပြီး အကျိုးပြုနေတာကို မေ့နေပြီလား"

"အဲဒီလို လိမ္မာမှုပေါ့ကွာ။ အခုကိစ္စမှာ နှစ်ယောက် လုံး မှားတယ်လို့ ငါပြောခဲ့တယ်။ အဲဒီညက ကျော်ထင် အမှန်တကယ် သရဲခြောက်ခံရတယ်။ ဒါကို ပြောရှိရှက်လို့ စကားလမ်းကြောင်းလွှဲပြောတယ်။ ဒါဟာ ကျော်ထင်အမှား

www.burmeseclassic.com

www.burmeseclassic.com



မင်းမှားတာက ဝန်ခံနေတာကို သတိမထားဘဲ တစ်ဖက်သတ် ပြောနေတာပဲ"

"မင်းပြောမှ ငါသတိထားမိတယ်။ ကျေးဇူးပဲ မျိုးထွန်းရာ"

"အဲဒါဆို ငါ့ကို အရက်တိုက်တော့"

"ဘာလို့ တိုက်ရမှာလဲ"

ကျော်တင့်ချက်ခြင်း ငြင်းပယ်လိုက်သည်။ မကျေနပ်တဲ့ အကြည့်ဖြင့် ကြည့်လိုက်သည်။ မျိုးထွန်းသည် အများနှင့်မတူ တစ်ဖက်သား လက်ခံအောင် ပြောတတ်သည်။

ယုံကြည်သွားလျှင် အရက်တိုက်ရသည်။ မတိုက်ဟု ငြင်းပယ်လာလျှင် ပိုပြီး ဒုက္ခပေးတတ်သည်။ ကျော်ထင်၊ ကျောဇေယျတို့ သိထားသည်။ အကျင့်လေး တစ်ခုပါနေ၍သာ ပြောရခြင်းဖြစ်သည်။

"ဒီပွဲမှာ ကျော်ဇေယျက အနိုင်ရသူဆိုတော့ ငါ့ကို မင်းတိုက်တော့"

"မင်းအခုသောက်နေတယ်လေကွာ"

"အဲဒါက ငါ့ပိုက်ဆံနဲ့ ဝယ်သောက်တာလေကွာ။ အခု မင်းပိုက်ဆံနဲ့ဝယ်တိုက်ရမှာ လာသွားကြမယ်ကွာ၊ အချိန်မရှိတော့ဘူး"

"အေးပါကွာ ... ဟော့ကောင် ကျော်ထင် မနက်ဖြန် ညနေ ငါ့ကို လောင်းကြေးပေး ... အခု မင်းတို့ကို ငါတိုက်မယ်"

ကျော်ဇေယျစကားကို လက်ခံလိုက်ကြသည်။

www.burmeseclassic.com



(၂၉)

ရွာသူငယ်လူရွယ်များသည် နေထိုင်ရာ အိမ်များကို ပြန်ကြသည်။ ညရှစ်နာရီအချိန်ဖြစ်သည်။ ကြီးမားတဲ့ အပင်ကြီးများ အရိပ်တွေကြောင့် အမှောင်ထုက ပိုမိုသည်ဟု ထင်မှတ်နေကြသည်။

အရှိန်လေးများကြောင့် ဝန်းကျင်ကို သဲကွဲစွာဖြင့် တွေ့ရခြင်းမရှိအောင် ဖြစ်နေကြပေ၏။

စကားပြောသံတွေက သာမန်ထက် ပိုကျယ်လောင်နေသည်။

၎င်းတို့အထဲတွင် ကျော်ထင်တို့ သုံးယောက်ပါသည်။

ကျော်ထင်သည် သရဲအခြောက်ခံရတာကို ဒေါသထွက်နေသည်။

"အဲဒီတော့ မင်းကဘာလုပ်ချင်လို့လဲ ကျော်ထင်"

"အဲဒီ ကုက္ကိုပင်ကြီးကို ခုတ်လှဲပစ်မယ်"

"မင်းက ကိုကြီးအောင်စိုးကို အားကျလို့လား မလုပ်ပါနဲ့။ ကျော်ထင်ရာ မင်းတစ်ခုခုဖြစ်သွားပါဦးမယ်။ ကိုကြီးအောင်စိုးက သရဲကြောက်တတ်တဲ့သူ မဟုတ်ဘူး။ သရဲတွေ့ရင်တောင် တုတ်နဲ့လိုက်ရိုက်တာ။ သရဲတွေက သူ့ကိုကြောက်ကြတယ်။ ငါ့အရွယ်နဲ့ ဒီတစ်ခါပဲ ကြုံဖူးတယ်ကွာ"

"ငါလည်း အစ်ကိုကြီးအောင်စိုးလို ပြချင်လိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



တွယ်''

''ဒီပုံစံနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး ကျော်ထင်ရာ''

ယမကာအရှိန်ကြောင့် စကားပြောကောင်းနေကြသည်။ အမှောင်ထုများကို ဂရုမစိုက်နိုင်။ တစ်ယောက်ကို တစ်ယောက် တွဲထားကြသည်။ ခြေထောက်တွေကို ထိန်းချုပ်ရန် ခက်ခဲနေကြသည်။ တစ်လမ်းလုံး သုံးယောက်တည်းနှင့် ပြည့်စုံနေသည်။

၎င်းတို့အနောက်မှာ အရိပ်မည်းတစ်ခု လိုက်ပါလာသည်။

''ကျော်ထင်ကတော့ မင်းပြောသလို ဖြစ်ချင်ဖြစ်မယ်။ ငါကတော့ သရဲကိုဘယ်တော့မှ မကြောက်ဘူး။ အခုနေသာ တွေ့လိုက်ပါလား။ ငါ့အကြောင်း ပြလိုက်မှာပေါ့''

''မင်းတကယ်ပြောတာလား ကျော်ဇေယျ''

''မင်းနဲ့ငါလောင်းကြေးထပ်မလား''

''ဒီအချိန်မှာ သရဲသာတကယ်ရှိရင် လောင်းလိုက်ချင်သေးတာ''

''လောင်းရင်လည်း မင်းရှုံးသွားမှာပေါ့၊ မျိုးထွန်းရာ ငါမှာ သရဲကိုနိုင်တဲ့ နည်းလမ်းရခဲ့ပြီ''

ကျော်ဇေယျစကားသည် ကျော်ထင်တို့အတွက် ခွယ်စရာဖြစ်နေသည်။ သရဲကိုနိုင်နည်းဆိုတာ ပထမဆုံး ကြားဖူးခြင်း ဖြစ်သည်။ ရွာလူကြီးတွေပြောပြတဲ့အထဲမှာ သရဲနိုင်တဲ့နည်းရှိတယ်ဆိုတာ တစ်ခါမှ မကြားဘူးပေ။

''ဟာ... ငါ့ကိုဘာလို့တွန်းတာလဲကွာ''

''မင်းမူးနေတာကို''

www.burmeseclassic.com

www.burmeseclassic.com



ကျော်ထင် ရုတ်တရက် လဲကျသွားသည်။ ဒေါသ ထွက်သွားသည်။ ကျော်ဇေယျလဲနေတာကို ထူလိုက်ကြ သည်။ တစ်ယောက်လဲကျရင် တစ်ယောက်ထူ၊ တစ်ခါတစ်ရံ သုံးယောက်လုံး လဲကျသည်။

ဝတ်ထားတဲ့ လုံချည်ကျွတ်တဲ့အခါလည်း ရှိသည်။ သုံးယောက်သား ဖြစ်နေပုံကို တွေ့ရှိသူများက ရယ်စရာ ဟာသတစ်ပုဒ်လို ဖြစ်နေသည်။

"ဟေ့ကောင်... ကျော်ဇေယျ၊ လမ်းကိုကောင်း ကောင်း လျှောက်စမ်းပါကွာ"

"ငါလည်း ကောင်းကောင်းလျှောက်နေတာပဲ၊ မင်းတို့က ငါ့ကိုပဲ အပြစ်ပြောနေတာပဲကွာ"

"မင်းစကားကလည်းကွာ ရန်ကြီးပဲ"

တစ်ယောက်တစ်ပေါက်နှင့် ပြောလာကြသည်။ လမ်းတစ်ခုလုံး သုံးယောက်နှင့် ပြည့်နေသည်။

ၡင်းတို့နောက်မှာ အရိပ်မည်းတစ်ခုက လိုက်လာ သည်။

အရိပ်ကိုမည်သူကမှ မတွေ့နိုင်ကြပေ။

ကျော်ထင်တို့ရှေ့မှာ အရိပ်မည်းနှစ်ခုရှိနေသည်၊ အရိပ်မည်ကြီးနှစ်ခုကို တွေ့ရှိကြခြင်းမရှိ။ သုံးယောက်သား လမ်းမပေါ်မှာ ရှုပ်နေသည်။

"ဟာ... ဆေးလိပ်အနံ့ရတယ်"

"အေး... ငါလဲရတယ်"

"ဟာ... သရဲလားမသိဘူး"

"ဟေ... ဘယ်မှာလဲသရဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျသည် လုံချည်ကို ခပ်တိုတိုပြင်ဝတ်လိုက်သည်။ ၎င်းလုပ်ရပ်ကို နားမလည်စွာ ကြည့်လိုက်ကြသည်။

"မင်းကြောက်နေပြီမဟုတ်လား . . . ကျော်ဇေယျ"

"ဘာဖြစ်လို့ ကြောက်ရမှာလဲကွာ"

"လုံချည်ဝတ်တာ ဘာလုပ်ဖို့လဲ"

"သရဲကို လက်သီးနဲ့ထိုးမလို့"

"ဖျန်း"

"အမလေး သေပါပြီဗျာ"

အော်သံနှင့်အတူ ထွက်ပြေးကုန်ကြသည်။ ခလုတ်တိုက်လဲသူ ကလဲ။ သစ်ပင်တွေဝင်ရောက်တိုက်မိသူတွေလည်း ရှိသည်။ သုံးယောက်သားတစ်နေရာဆီကွဲကုန်ကြသည်။

ကျော်ထင်သည် သစ်ပင်ကိုဝင်ရောက်တိုက်မိပြီး ပြန်ထွက်လာသည်။ ရုတ်တရက်တွေ့လိုက်ရတဲ့ အရိပ်အမည်းကြီးကြောင့် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။

"ဟင်"

"အမလေးဗျာ... သရဲ... သရဲ"

ခြေဦးတည့်ရာ ပြေးနေသည်။

မျိုးထွန်းသည် ခြေဦးတည့်ရာပြေးရင်း သစ်ကိုင်းခြောက်များ ပုံထားတဲ့အပေါ်ကို ရောက်ရှိသွားသည်။

"ဟေ့ကောင်တွေ ငါ့ကိုမဆွဲနဲ့... မဆွဲနဲ့"

အနောက်ကိုမကြည့်။ ရှေ့ကိုပြေးနေသည်။

သစ်ကိုင်းများ လုံချည်နှင့်ငြိပြီး တွဲလောင်းလိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃၀)

"ဟဲ့... မိဝိုင်း"

"ဘာလဲ အေးတင်"

"နင် ကြားပြီးပြီလား"

"ဘာကိုလဲ... နင်ကလဲ"

မိဂိုင်းတို့သည် ရေခပ်ရင်း စကားများပြောနေကြသည်။ တစ်နေ့တာအလုပ်များပြီးလို့ ညနေအိမ်ပြန်ရောက်သည်နှင့် ရေခပ်ဆင်းကြရသည်။ တောရွာဒေသများမှာ ဖင်းကိစ္စသည် အထူးအဆန်းမဟုတ်။

မလေ့တစ်ခုလို ဖြစ်နေသည်။

ရွာမှာတစ်ခုခုဖြစ်ပေါ်လာလျှင် တစ်ဆင့်စကားနှင့် တစ်ရွာလုံးကို လွှမ်းမိုးသွားတတ်သည်။ မိဝိုင်းတို့သည် ကန်ဘောင်ပေါ်မှာ ထိုင်ပြီး ရွာအကြောင်းများကို ပြောနေကြသည်။

"ကိုကျော်ဇေယျကြီးတို့အကြောင်းလေ"

"နင်စိတ်ကမှန်သေးရဲ့လား ... အေးတင်"

"ငါပြောတာကို မယုံဘူးပေါ့"

"ဘယ်လိုလုပ်ပြီး ယုံစရာရှိမှာလဲ။ ဒီအကောင်တွေရဲ့ စကားကိုသာ ယုံနေရင် နင်ပါရူးသွားလိမ့်မယ်။ သူတို့ကိုယ်တိုင်က သရဲလိုက်ခြောက်ပြီးရင် သူတို့က သရဲအခြောက်ခံရတယ်ဆိုပြီး ရွာထဲမှာ သတင်းလွှင့်ကြတယ်"

"မိဝိုင်းပြောတာမှန်တယ်။ အဲဒီ အကောင်စုတ်တွေက လုပ်ကြံနေတာ ငါကတော့မယုံဘူး"

"တကယ်ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကြောင့်ခက်တယ်။ မကြာခင် သရဲပြေးတဲ့ ညရောက်တော့မယ်။ သရဲကရှိလား မရှိလား မသိဘူး သူတို့က သရဲဖြစ်နေပြီ"

သရဲပြေးတဲ့ညဟာ ရွာအတွက် ပျော်ပွဲတစ်ခုလို ဖြစ်နေသည်။

ထိုညကို နှစ်စဉ်ကျင်းပကြသည်။ ထူးခြားတာက ပွဲကို ညနေခြောက်နာရီမှ ဆယ်နာရီနောက်ဆုံးထား ကျင်းပ သည်။

သရဲပြေးတဲ့ညကို ဝင်နွှဲကြရန် ရွာရှိအမျိုးသား အမျိုးသမီးတို့က အင်္ကျီလုံချည်ဝတ်စုံများကို ချုပ်ဝတ်ကြသည်။

"ဒါတွေထားလိုက်ပါဟာ ငါတစ်ခုပြောမယ်၊ သရဲပြေးတဲ့ ညအတွက် ဘာတွေချုပ်ထားကြလဲ"

"ငါက ... ကဝေမကြီးလို ဝတ်ဆင်မယ်"

"ငါက စုန်းမကြီးလို ဝတ်ဆင်မယ်။ အင်္ကျီဒီဇိုင်းတောင် ပြောပြီးပြီ"

"ဟဲ့ .... မြတ်လှ နင်ကရော"

"မဖဲဝါလို ဝတ်ဆင်မလားလို့ စဉ်းစားနေတယ် ဟာ"

"ဟင် ... နင်ဟာကလဲ"

"ငါကြိုက်တယ် မြတ်လှ။ နင့်ဆံပင်တွေကပွပြီး လိမ်နေလို့ မဖဲဝါလိုဝတ်ရင် တကယ်တူမှာပဲ"

"တစ်ခြားဟာ စဉ်းစားကြည့်ပါဦးလားဟယ်"

အကြိုက်ချင်း မတူကြ။ ၎င်းကိစ္စဟာ နှစ်စဉ်ငြင်းခုန်နေကြ အစဉ်အလာတစ်ခု ဖြစ်နေသည်။ တစ်ယောက်နှင့်တစ်ယောက် အကြိုက်ခြင်းခြားနေသည်။ တစ်ဖက်သားကြောင့် လန့်စေချင်စိတ်များ မရှိကြပေမယ့် အထိတ်တလန့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာကို မြင်တဲ့အခါမှာ ပျော်ရွှင်နေကြသည်။ လူကြီးများသည် ထိုကိစ္စအတွက် အပြစ်မတင်ကြပေမယ့် နစ်နာအောင် မလုပ်ရဟု အမိန့်ထုတ်ထားသည်။

သရဲပြေးတဲ့ညပွဲတော် နီးကပ်လာတာနှင့် ရွာသားတွေ အလုပ်ရှုပ်လာသည်။ ရွာကိုလှည့်ပြီး အလှူခံထွက်ကြသည်။ အလှူငွေများသည် ဘုရား၊ တရား၊ သံဃာများကို လှူဒါန်းသည်။ ပိုတဲ့ငွေများကို ၎င်းညမှာရောက်ရှိလာသူတွေကို ချက်ပြုတ်ကျွေးလိုက်ကြသည်။

"ငါလူတစ်ယောက်ကို ခြောက်လှန့်ချင်လို့ဟာ"

"နင့်မှာ ရည်ရွယ်တဲ့လူ ရှိနေပြီဟုတ်လား အေးတင်"

"ငါတို့ကိုလည်း ကြိုပြောထားဦး ရန်သူတွေဖြစ်ကုန်ဦးမယ်"

"တော်ပါတော့ဟာ ငါက မကျေနပ်လို့ လုပ်မှာပါဟာ"

"အေးလေ ငါတို့က ဘာပြောလို့လဲ"

"တော်ပြီလေ မပြောတော့ဘူး"

မြတ်လှက ၎င်းအိုးကို လက်ဖြင့်ဆုပ်ကိုင်ထားသည်။ အေးတင်ရဲ့ ရည်မှန်းချက်မအောင်မြင်ပေ။

"နင်ဟာကလဲ မဟုတ်တာ"

အံ့ဩစွာမိဝိုင်းကို ကြည့်လိုက်သည်။ တကယ်တော့ ပြောသလို လုပ်မှာမဟုတ်။ အရွဲ့တိုက်လိုက်ခြင်းသာ ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃၁)

"တကယ်ပြောတာလား"

ကြားလိုက်ရတဲ့စကားကို မယုံသလို ဖြစ်နေကြသည်။

ဘယ်တုန်းကမှ မကြားဘူးတဲ့စကားကို ကြားလိုက်ရတာဟာ လွန်စွာအံ့ဩစရာကောင်းသည်။

အားလုံးက မိဝိုင်းကိုကြည့်နေကြသည်။ မိဝိုင်းက ဒီစကားကို ဘယ်တုန်းကမှ မပြောသလို လူကြီးတွေဆုံတဲ့နေရာကို ဘယ်တုန်းကမှ ရောက်လာတာမရှိ။ ယခုရောက်ရှိလာပြီး ပြောလာတဲ့စကားများက လူကြီးတွေအတွက် အလွန်အံ့ဩစရာ ကောင်းနေသည်။

"သမီး မိဝိုင်းတကယ်ပြောတာနော်"

"တကယ်ပြောတာပါ အဘစံမြ"

"သမီးပြောစကားကို အဘတို့ကို ယုံကြည်တယ်။ အဲဒီကိစ္စကို သမီးပြောနိုင်မလား"

"ဟုတ်ကဲ့ပြောနိုင်ပါတယ် ... အဘစံမြ"

အေးတင်တို့သည် မိဝိုင်းကို ကြည့်လိုက်ကြသည်။ လူကြီးတွေကို မျက်နှာချင်းဆိုင်စကားမပြောရဲသလို။ ယခုလုပ်ရပ်သည် အလွန်အံ့ဩစရာ ဖြစ်နေသည်။

"ဟဲ့... မိဝိုင်းနင်တကယ်ပြောနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက နောက်စရာလား ....ငါတကယ်တွေ့ကြုံ တဲ့ကိစ္စ၊ ဒါမှ လူကြီးတွေ စဉ်းစားကြမှာပေါ့"

"သမီး မိဝိုင်းပြောလေကွယ်"

"ဟုတ်ကဲ့... အဘတင်မြင့်"

ဦးတင်မြင့် မေးလိုက်သည်။

အေးတင်တို့ မြတ်လှတို့က မိဝိုင်းလုပ်ရပ်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။

"တစ်ကိုယ်လုံး အမွေးတွေနဲ့ သရဲကြီးက ကျွန်မကို လက်ရပ်ပြီး ခေါ်တယ်"

"သမီးက ဘယ်နေရာမှာ ဘာလုပ်နေတာလဲ"

"ထမင်းစားပြီးလို့ နောက်ဖေး ရေကပြင်မှာ ပန်းကန် တွေ ဆေးနေတဲ့အချိန် ခြေသံကြားလို့ ကြည့်လိုက်တာ။ အဲဒီ အကောင်ကြီးကို တွေ့လိုက်တယ်။ ကျွန်မလည်း ကြောက်လို့ထွက်ပြေးတယ်"

"ဘယ်ကို သွားမှန်းမသိဘူးပေါ့"

"အဲဒါတော့ မသိလိုက်ပါဘူး"

"အစ်ကိုစံမြ ဘယ်လိုလုပ်မလဲ"

"အင်း... အဲဒါကတော့ စဉ်းစားစရာပဲ။ သရဲ အစစ်သာဆိုရင် ရွာသားတွေအတွက် အခက်ပဲ"

"ဒီကိစ္စကို တစ်ခါမှမကြားဖူးဘူး။ ကျွန်တော် ဒီလို စဉ်းစားမိတယ်"

"ဘယ်လိုလဲ"

"လူငယ်လေးတွေနောက်တာ မဖြစ်နိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"အေး... အဲဒါလည်း စဉ်းစားစရာပဲ။ ဒါနဲ့ သမီး ခေါင်းမျက်နှာကို မြင်လိုက်ရလား"

"ခေါင်းမပါဘူး။ ကိုယ်လုံးနဲ့ အောက်ပိုင်းပဲ တွေ့ရတယ်"

မိပိုင်းစကားလည်း လူကြီးတွေအတွက် စဉ်းစားစရာ ဖြစ်နေသည်။ နားမလည်စွာဖြင့် ကြည့်နေကြသည်။

တုန်လှုပ်ကုန်ကြသည်။ လူကြီးများသည် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။ ရုတ်တရက် ဘာပြောရမှန်းမသိအောင် ဖြစ်ကုန်ကြသည်။ အဘစံမြသည် ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ဆေးပြင်းလိပ်ဖင်ကို ဆောင့်နေသည်။

"အဲဒါမှ ဒုက္ခပဲ အစ်ကိုစံမြ"

"အင်း... အဲဒါကိုပဲ ငါလည်းစဉ်းစားနေတာ"

"ဘယ်လိုဖြစ်လို့လဲ ဦးကြီးတင်မြင့်"

"အစ်ကိုစံမြကိုသာ မေးကြည့်တော့ကွာ။ အစ်ကိုစံမြက ငါထက်ပိုသိတယ်"

"ကျွန်တော်တို့ကို ပြောပြပါလား။ အဘစံမြ"

"မင်းတို့လည်း အခွင့်သာလို့သိရတယ် သဘောထားလိုက်ကွာ။ ဒီအကြောင်းကတော့ ကြာခဲ့ပါပြီ"

အဘစံမြဆေးတံကို ဖွာရှိုက်လိုက်သည်။ အားလုံးသည် အဘစံမြပြောလာမဲ့စကားကို စောင့်မျှော်နေကြသည်။

"တစ်ချိန်က ပသျှူးခေါင်းပြတ်ဆိုတာ ရွာမှာ ပေါ်ပေါက်ခဲ့ဖူးတယ်။ အဲဒီအကောင်ကြီးဟာ တစ်ရွာလုံးကို ဒုက္ခပေးတယ်ဆိုပေမယ့် တကယ်တမ်းကျတော့ အသက်သေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့သူမရှိခဲ့ဘူး။ အချိန်တိုင်း ရွာကို ဒုက္ခပေးနေတာပဲ''

''အဲဒီအကောင်ကြီး ဘယ်လိုရောက်သွားလဲ အဘ စံမြ''

''ပြောပြသေးတာပေါ့ကွာ။ အဲဒီအကောင်ကြီး မပေါ် ခင်တုန်းက ရွာလူငယ်တွေဟာ သရဲဟန်ဆောင်ပြီး လူတွေကို ခြောက်လှန့်နေတယ်။ အဲဒီလိုဖြစ်လာတော့ သရဲပြေးတဲ့ည မကျင်းပတော့ဘူး။ ပထမနှစ်ကတော့ မထူးခြားဘူး။ ဒုတိယ နှစ်ရောက်တော့ အဲဒီအကောင်ကြီးပေါ်လာတယ်။ ည၉နာရီ ကျော်တာနဲ့ တစ်ရွာလုံးမှာ ရှိတဲ့ခွေးတွေဟာ မနေနိုင်ဘူး ဆူညံနေတာပဲ။ တစ်ညလုံး ရွာကိုပတ်ပြီးသွားနေတယ်။ မနက်လင်းတာနဲ့ အဲဒီအကောင်ကြီး ဘယ်ရောက်သွားမှန်း မသိတော့ဘူးကွယ်''

''အဲဒီ အကောင်ကြီးကို တွေ့ရလား ဘစံမြ''

''ဘယ်သူမှတော့ တိတိကျကျ မတွေ့ရဘူး။ ရွာဦး ထိပ်မှာတွေ့တယ်။ ရွာနောက်မှာတွေ့တယ်လို့ ပြောကြတာပဲ အဲဒီလိုတွေ့တာ မကောင်းဘူးကွယ်''

အဘစံမြသည် ဆေးပြင်းလိပ်ကို အေးဆေးစွာ ဖွာရှိုက်နေသည်။ မိပိုင်းစိတ်ဓါတ်ကျသွားသည်။ နာမည်ကြီး ပသျှူးခေါင်းပြတ်တဲ့။ ထိုအကောင်ကြီးနှင့် တွေ့ဆုံရတယ်ဟု တွေးနေမိသည်။

အဘစံမြသည် မိပိုင်းကို မစိုးရိမ်ရန် ပြောနေသည်။

ဘယ်လိုနားချပေမယ့် စိတ်ထဲမှာတော့ ထိတ်လန့် နေသည်။ အကောင်ကြီးကို တွေ့လိုက်သူဟာ မကြာခင် သေတတ်သည်။ အသက်ငယ်သေးတဲ့ မိပိုင်းမှာ သေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့နေသည်။

"အေးတင်... ငါဘာလုပ်ရမှာလဲ"

"ဘာကိုမေးတာလဲ"

"အဲဒီခေါင်းပြတ်ကြီးကို တွေ့တဲ့သူဟာ လူ့လောက မှာ မနေရတော့ဘူးတဲ့"

"မဟုတ်ပါဘူးဟယ်... နင်ကလဲ"

"ဘာမှမဖြစ်ပါဘူးသမီး၊ အဲဒီအကောင်က သရဲ ဘာ်မျိုးပဲ၊ ကံနိမ့်လို့တွေ့ရတာ ဘုရား၊ တရား အလုပ်ကို အမြဲလုပ်ပေါ့ကွယ်။ အဒါဆို ပြန်ကောင်းသွားပါလိမ့်မယ်"

"အဲဒီအကောင်က လူသေအောင် ဒုက္ခပေးလား အဘ"

"လူကိုဒုက္ခပေးလို့ မရပါဘူး။ အခုသမီးတွေ့တာ သရဲအစစ်မဟုတ်နိုင်ပါဘူး။ ရွာကလေးတွေ နောက်တာ ဖြစ်မှာပါ"

အဘစံမြပြောစကားကို လက်ခံချင်ပေမယ့် သရဲ မဟုတ်ပါစေနှင့်ဟု ဆုတောင်းနေမိသည်။ လူသားအစစ် ဖြစ်ပြီး ဘာသဘောနှင့် ခေါင်းပြတ်ကြီးဖြစ်နေရတာလဲဟု တွေးစားနေမိသည်။

"ကဲ ကဲ... သမီးတို့ ပြန်ကြတော့ မိုးသိပ်ချုပ်သွားရင် မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



(၃၂)

ပတ်ဝန်းကျင်သည် တိတ်ဆိတ်မှုကို ဖန်တီးနေ
ပေမယ့် တကယ်တမ်းကျတော့ ည(၇)နာရီကျော်သာ ဖြ
သည်။

ကြီးမားတဲ့ အပင်ကြီးတွေကြောင့် အမှောင်ထု
ပိုနေသည်။

"သိပ်မိုးချုပ်ရင် မကောင်းဘူး... အာကာ"

"မစိုးရိမ်ပါနဲ့ ဦးလေးဖိုးအေး၊ ကျွန်တော်က မျက်န
ဖုံးစွပ်ပြီး ခြောက်နေရတဲ့သူပါ။ အဲလိုမှ မလုပ်ထား
ကျော်ဇေယျတို့က ကျွန်တော်တို့ကို ဒုက္ခပေးမှာသေချာတယ်"

"သိပ်မရဲနဲ့ အာကာ။ မင်းက မျက်နှာဖုံးကြီးစွပ်ထ
တာ"

"အဲဒါကို လက်ခံတယ် ဦးလေးဖိုးအေး။ ကျွန်တေ
သရဲမကြောက်တဲ့အကြောင်းက မျက်နှာဖုံးကြောင့်ပဲ"

စိတ်မသက်မသာဖြစ်ပြီး သက်ပြင်းတစ်ခုကို လေး
စွာ ချလိုက်မိသည်။

ကိုဖိုးအေးသည် အာကာကို ပေးထားတဲ့မျက်နှာဖုံး
ပြန်သိမ်းချင်ပေမယ့် အာကာကလက်မခံတာကြောင့် အခ
တွေ့နေသည်။

မျက်နှာဖုံးတွင် လျှို့ဝှက်ချက်တွေရှိသည်။ လျှို့
ချက်က ဘာတွေဆိုတာကို တိတိကျကျမသိတော့ ရှုံ
နေသည်။ အာကာကတော့ မျက်နှာဖုံးရတဲ့နေ့က
ခြောက်လှန့်ဖို့ပဲ ဆန္ဒပြင်းပြနေသည်။ မိုးပျားကလ
ခပ်စောစောပြန်လာရန် အမိန့်ထုတ်သွားသည်။ ၎င်း

www.burmeseclassic.com

www.burmeseclassic.com



သက်မခံ ကိုဖိုးအေးတို့နဲ့သာ ပျော်ရွှင်နေသည်။ ပိုဆိုးတာက သရဲခြေဖြေးတဲ့ညက နီးကပ်လာနေသည်။

"အရှူး အမဲသားကျွေးမိသလို ဖြစ်နေပြီကွာ။ အောင်အေး မင်းတို့ အာကာကို မထိန်းတော့ဘူးလားကွာ"

"ဦးလေး ဖိုးအေးကလည်း ဟိုစကားပုံကို ကြားဖူးတယ်မဟုတ်လား။ အရှူးစိတ်ချမ်းသာရင် တိုင်းပြည်တစ်ဝက် အေးချမ်းတယ်ဆိုတာလေ"

"အေးလေ မင်းတို့ရှိတဲ့မီးကို ငြိမ်းလို့နိုင်ရင် ပြီးတာပဲ"

ကိုဖိုးအေးလေသံက စိတ်ပျက်သလို ဖြစ်နေသည်။ ရှေ့မှာရှိနေတဲ့ အရက်ခွက်ကိုယူပြီး သောက်လိုက်သည်။ အောင်အေး၊ မောင်မျိုးတို့လည်း အရက်ကို မော့သောက်လိုက်သည်။

အောင်အေးတို့သည် မိသားစုထံပြန်ပြီး အနားယူချင်သည်။ အာကာရဲ့ တောင်းဆိုမှုတွေကြောင့် အရက်ဆိုင်မှာ အချိန်ကုန်နေကြသည်။

"ကဲ အချိန်ကြပြီ ပြန်ကြမယ်"

"ကောင်းတယ်၊ လုပ်ငန်းစတင်ကြတာပေါ့ကွာ"

ကိုဖိုးအေးတို့ အနောက်ကလိုက်ထွက်လာသည်။ အာကာသည် ဝှက်ယူလာတဲ့မျက်နှာဖုံးကို ထုတ်ယူလိုက်သည်။ မျက်နှာဖုံးကို စွပ်လိုက်သည်။

မောင်မျိုးတို့သည် ၎င်းမျက်နှာကိုကြည့်ပြီး ထိတ်လန့်နေသည်။ ကြွက်သီးများထလာကြသည်။ အံ့သြတဲ့အကြည့်များ ဖြစ်နေကြသည်။ အာကာကတော့ ပျော်ရွှင်နေသည်။ လုပ်ငန်းတစ်ခု အောင်မြင်ပြန်ပြီဟု တွေးရင်းပျော်ရွှင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃၃)

"အမလေး ... သရဲ .... သရဲ"

ပတ်ဝန်းကျင်ကို ကျယ်လောင်စွာ လွှမ်းမိုးသွားသည်။ အသံပိုင်ရှင်သည် ထိုနေရာတွင် သတိလစ်လဲကျသွားသည်။ ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်သွားသည်။

တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။ လဲကျနေသူကို ထူပေးရန် ဆန္ဒများ ပြင်းပြနေသည်။

မျက်နှာမှာ မျက်နှာဖုံးကိုချွတ်နေပေသည်။ မျက်နှာဖုံးသည် လွယ်လွယ်နှင့် ချွတ်မရအောင် ဖြစ်နေသည်။ အခါတိုင်း အလွယ်တကူရသည်။ ယခု ကော်နှင့်ကပ်ထားသလို ဖြစ်နေသည်။ အသက်ရှူလမ်းကြောင်း ပိတ်ထားသလို ခံစားနေရသည်။

လှုပ်ရှားနေတဲ့စိတ်တွေကြောင့် မျက်နှာဖုံးက ရုတ်တရက်မရအောင် ဖြစ်နေသည်။

လဲကျနေသူကိုလည်း စိုးရိမ်နေသည်။ တကယ်လို့ တစ်စုံတစ်ခုဖြစ်သွားခဲ့လျှင် ဘယ်မှဖြေသိမ့်ရမှာမဟုတ်။

လက်နှစ်ဖက်ကို မျက်နှာဖုံးအစကို ဂရုစိုက်ပြီး ကိုင်ထားလိုက်သည်။ သေချာတဲ့အနေအထားရောက်မှ ဆွဲခွာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ….. ဟ"

"အင် ….. မှတ်ထား"

"သွားစမ်း ဒီမျက်နှာဖုံး"

ဒေါသနှင့် အဝေးကိုပစ်ထုတ်လိုက်သည်။

စိုးရိမ်စိတ်တွေကြောင့် မောနေသည်။ မျက်နှာဖုံးသည် လေပေါ်မှာ ဝဲပြီး ၎င်းရဲ့ဘေးမှာလာပြန်ကျသည်။

မျက်နှာဖုံးများသည် ၎င်းကိုရယ်ပြနေသလို ထင်မှတ်ရသည်။

"ဟာ ….. ဒါက ထူးဆန်းနေပါလား"

"မျက်နှာဖုံးက အသက်ရှိနေလား"

အရူးတစ်ယောက်လို တွေးနေသည်။

"အင်း… အား"

"ဟာ သတိရလာပြီ"

သတိရလာသူကို တွေ့လိုက်ရသည်။

ပျော်ရွှင်ကျေနပ်သွားသည်။ ပွေ့ထူရန် ရည်ရွယ်လိုက်သည်။ မျက်နှာဖုံးကို သတိရသည်။ ရည်ရွယ်တဲ့လက်ကို ရုတ်သိမ်းလိုက်သည်။

မလှမ်းမကမ်းမှာ ကျနေတဲ့ မျက်နှာဖုံးကိုယူပြီး သိမ်းလိုက်သည်။

"သန္တာ … သန္တာ"

"ဟင်… ဟို… ဟို"

"ဘာလဲဟာ နင်ကလည်း တစ်ဟို… ဟိုနဲ့"

"ဟို… သရဲ… သရဲ"

"ဟင်… ဘယ်မှာလဲ သရဲ"

www.burmeseclassic.com

www.burmeseclassic.com



"စောစောက အဲဒီကုက္ကိုပင်ကြီးအောက်မှာ ငါ သရဲကြီးကို တွေ့လိုက်ရတယ်"

"မဟုတ်တာပဲဟာ၊ ဒီအပင်ကြီးမှာ သရဲရှိတယ်လို့ ငါတစ်ခါမှ မကြားမိပါဘူး။ ငါလာတော့လည်း ဘာမှ မရှိပါဘူး"

သန္တာသည် အာကာရင်ခွင်မှာ မှီနေရတာကို ကြည်နူးနေမိသည်။ ၎င်းတို့နှစ်ယောက်ကို လူကြီးများက သဘောတူထားကြသည်။ သန္တာတို့ကလည်း တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးကြသည်။

ချစ်သူများအဖြစ်ကို ရောက်ရှိခြင်းမရှိ။ အာကာက ချစ်ရေးမဆို၍ သန္တာက အဖြေမပေးရသေးပေ။

"နင်လာတာ ဦးသွားလို့နေမှာပါ။ အဲဒီအတွက် ကျေးဇူးတင်ပါတယ်ဟာ . . . ငါကတော့ အခုထိကို ကြောက်နေတုန်းပဲ"

"မကြောက်ပါနဲ့ဟာ။ နင့်နားမှာ ငါရှိနေတာပဲ။ ဒီအချိန်မှာ သရဲလာရင် နင့်အတွက် ငါ ရင်ဆိုင်ရဲပါတယ်"

"နင် ဘယ်လိုဖြစ်တာလဲ သရဲမကြောက်ဘူးလား"

"ငါ သရဲမကြောက်တတ်တော့ဘူး။ သရဲတကယ်ရှိတယ်၊ မရှိဘူးဆိုတာ နင်လည်းမသိဘူး။ ငါလည်း မသိဘူး။ အဲဒီအတွက် ငါ မကြောက်တော့ဘူး"

"နင် သုသာန်မှာ တွေ့ခဲ့တယ်ဆို"

"ငါအစတုန်းက သရဲအစစ်လို့ ထင်နေတာ"

"သရဲမဟုတ်ဘူးဆိုတဲ့ သဘောလား"

"သရဲအစစ်မဟုတ်ဘူးဆိုတဲ့ သဘောလား"

www.burmeseclassic.com

www.burmeseclassic.com



"သရဲအစစ်မဟုတ်ဘူး၊ ကျော်ဇေယျတို့ ခြောက်လိုက်တာ။ ဘယ်လိုသိလဲလို့တော့ မမေးနဲ့ဟ"

သန္တာသည် အံ့သြစွာကြည့်လိုက်သည်။

အာကာသရဲကြောက်တဲ့အချိန်တုန်းက သူမမှာ စိုးရိမ်စိတ်တွေ လွှမ်းမိုးပြီး စားမဝင် အိပ်မပျော်အောင် ဖြစ်နေသည်။ ယခုတော့ ပျော်ရွှင်နေသည်။ သူမစိတ်ထဲက ကြားချင်ဆုံးစကားဟာ ထိုစကားသာ ဖြစ်သည်။

"နင်တကယ် သရဲမကြောက်တော့ဘူးဆိုတာ တကယ်လား ... အာကာ"

"တကယ်ပေါ့ဟာ"

"ဝမ်းသာလိုက်တာ ... အာကာရာ"

"ငါတို့ကတော့ ရှာလိုက်ရတာ။ သူတို့ကလာပြီး အကြည်ဆိုက်နေကြတာကိုး"

မောင်မျိုးစကားကြောင့် ရုတ်တရက် ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေသည်။ သူခိုးလူမိသလို ဖြစ်နေကြသည်။ အာကာ သန္တာကို ကြိုတင်ပြင်ဆင်ခွင့်မရအောင် ဖြစ်နေသည်။ အထိတ်တလန့်နှင့် သတိလစ်နေတဲ့သန္တာကို အာကာပွေ့ချည်ပြီး ပြုစုနေချိန်တွင် ၎င်းတို့ရောက်ရှိလာကြသည်။

"အစ်ကို အောင်အေးကလဲ"

"ရှက်မနေပါနဲ့ သန္တာရာ။ နင်တို့နှစ်ယောက်ရဲ့ အကြောင်းကို ငါတို့တင်မဟုတ်ဘူး၊ တစ်ရွာလုံးကပါ သိနေတာပါ"

"အောင်အေးစကားက မှန်တယ်။ ဒါနဲ့ မင်းတို့ကို ငါတစ်ခု မေးချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ . . . ဦးလေးဖိုးအေး"

"သန္တာက အာကာ့ကို အဖြေပေးပြီးပြီလား"

"ပေ... ပေးပြီးပြီ ဦးလေးဖိုးအေး"

"ဟင်... ဘယ်တုန်းကပေးတာလဲ။ ငါတို့မသိပါလား သန္တာ... အာကာပြောတာဟုတ်လား"

"အင်း... ဟုတ်... ဟုတ်ကဲ့"

သန္တာ ခေါင်းလေးငုံ့လိုက်သည်။

"မဟုတ်ပါဘူး"ဟု ပြောလိုက်လျှင် နောက်ဆက်တွဲဖြေရှင်းစရာများစွာရှိနေသည်။

ဖြေရှင်းချက်တွေကို မပြောချင်။

ခေါင်းညိတ်လိုက်သည်။

အာကာနှင့်သန္တာတို့ အကြည့်ချင်းဆုံပြီး ပြုံးလိုက်ကြသည်။

"အာကာ မင်း တော်တော်လည်တဲ့ အကောင်၊ အတူရှိနေတာတောင် အသိမပေးဘူး"

"ကျွန်တော် ပြောမလို့ပါ ဦးလေးဖိုးအေးရာ"

"လက်ထပ်ပြီးမှ အသိပေးမှာလား အာကာရာ"

"အာကာပြန်မယ်လေ... အချိန်နှောင်းနေပြီ"

"ဟဲ... ဟဲ အဲဒီလိုမခေါ်နဲ့လေ"

"ဘယ်လိုခေါ်ရမှာလဲ ကိုကြီးမျိုးရာ"

"ဟိုလေ... ကိုကို... မောင်မောင်ပေါ့"

"အို... မခေါ်ရဲပါဘူးနော်"

ရှက်တဲ့မျက်နှာ အမူအယာလေးနှင့် ကြည့်လိုက်သည်။ အောင်အေးတို့ ကျေနပ်ပြုံးလေးပြုံးလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူရဲ့ လုပ်ရပ်သည် ၎င်းတို့နှစ်ယောက်အတွက် ပြောစရာစကားမရှိအောင် ဖြစ်နေသည်။

အာကာသည် ရှက်ရမ်းရမ်းပြီး လုပ်မိလုပ်ရာ လုပ်လိုက်သည်။

သန္တာအား ဖက်လိုက်သလို ဖြစ်သွားသည်။ သူမက အာကာရဲ့ ဝမ်းဗိုက်ကို ဆွဲလိမ်လိုက်မိသည်။

"အား... အမလေးဗျာ"

(၃၄)

အော်ဟစ်သံနှင့်အတူ ခြေဦးတည့်ရာ ထွက်ပြေးနေသည်။

ကြောက်ရွံ့ထိတ်လန့်စိတ်များက လွှမ်းမိုးနေသည်။ ကြက်သီးများထလာသည်။ မျက်ဝန်းထဲမှာ မြင်တွေ့လိုက်ရတဲ့အရာကို ရင်မဆိုင်ရဲတော့ပေ။

ပါလာတဲ့ အဖော်များသည် မည်သည့်နေရာကို ရောက်ရှိနေမှန်းမသိအောင် ဖြစ်နေသည်။ မသိစိတ်များက အနောက်ကို လှည့်ကြည့်ချင်သည်။ လိုက်မလာရင် တော်ပေမယ့် . . .

လိုက်လာခဲ့လျှင် ၎င်းနေရာမှာပင် အသက်ဆုံးနိုင်သည်။ ခြေဦးတည့်ရာပြေးနေသည်။ အမှောင်ထုများစွာက ကြီးစိုးနေသည်။ လမ်းများက သဲကွဲစွာ မြင်တွေ့ရခြင်းမရှိအောင် ဖြစ်နေသည်။ ဘယ်သူ့ကို မျှော်နေသည်။

လက်ရှိအချိန်မှာတော့ ကယ်သူများလာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုမည်းမည်းအကောင်ကြီးလိုက်လာလို့ မိသွားရင် ဘာလုပ်သွားမလဲဆိုတာ မသိအောင်ဖြစ်နေသည်။

ပြေးနေသူမှာ တစ်ခြားမဟုတ်၊ ကျော်ဇေယျသာဖြစ်သည်။ ကျော်ဇေယျသည် သရဲမကြောက်သူ ... သရဲနိုင်သူဟု နာမည်ကြီးသည်။ ယခုရက်ပိုင်းတွင် ၎င်းကိုသာ ရွေးချယ်ပြီး ခြောက်လှန့်နေသည်။

ထိုသို့တွေ့တိုင်း အစွမ်းကုန်ပြေးနေသည်။

သရဲဆိုတာတွေက ကျော်ဇေယျကိုသာ ရွေးချယ်ပြီး ခြောက်နေသည်။ သူငယ်ချင်းကျော်ထင်၊ မိုးချုပ်တို့က မိုးချုပ်တာနှင့် လမ်းခွဲပြီး ပြန်သွားတတ်ကြသည်။

ညနေစောင်းလို့ အရက်မသောက်ရရင်မနေနိုင်တဲ့ ကျော်ဇေယျက ဘာပဲဖြစ်ဖြစ် အရက်ဆိုင်ကို အရောက်သွားပြီး အရက်သောက်သည်။ အရက်သောက်ပြီး ယခုလိုပြန်တဲ့ အချိန်မှာ သရဲက ခြောက်တတ်သည်။

ကျော်ဇေယျပြေးနေသည်။

ရှေ့မှာ မည်းမည်းအရာတစ်ခုတွေ့သည်။ သရဲလားဟု ထင်မှတ်သည်။ အနောက်ဆုတ်ပြေးရန် စိတ်ကူးမိသည်။ အနောက်က လိုက်လာတဲ့ အကောင်က ပိုပြီးကြီးနေသည်။ ရှေ့ကအကောင်ကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

"အမေလေး သေပါပြီဗျ"

"ဂိမ်း ... ဂိမ်း"

"ဝုတ် ဝုတ်"

လမ်းမပေါ် အိပ်နေတဲ့ခွေးကို တက်နင်းမိသည်။ ခွေးသည် ၎င်းအားဟောင်းပြီး ထွက်ပြေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖေယျသည် လဲကျသွားသည်။ ကိုယ်ခန္ဓာတစ်ခုလုံး ကိုင်ရိုက်ထားသလို ခံစားလိုက်ရသည်။

ရုတ်တရက် မထနိုင်အောင် ဖြစ်နေသည်။

"ဟေ... ဘယ်သူလဲ ဘာဖြစ်တာလဲကွယ်"

"ကျွန်တော်ပါ... ဦးလေးစံထူး"

ဝမ်းသာခြင်းများစွာဖြင့် ပြောလိုက်မိသည်။

အားကိုးရမည့် သူတစ်ယောက် ရောက်ရှိလာသည်ဟု ထင်မှတ်ပြီး လဲကျနေရာမှ ထရန်ကြိုးစားနေသည်။

ဦးလေးစံထူးသည် လဲကျနေတဲ့ ကျော်ဖေယျကို သေချာကြည့်နေသည်။

လူသားအစစ်မှ ဟုတ်ရဲ့လား။ သရဲက လူသားဟန်ဆောင်နေတာလားဟု တွေးနေမိသည်။ လဲကျနေသူအနားကို တိုးကပ်သွားသည် ၎င်းပြောတဲ့ ကျော်ဖေယျသာဆိုလျှင် ထူပေးရန်စိတ်ကူးမိသည်။

"ဟာ... အမလေး... သရဲ... သရဲ"

ဦးလေးစံထူးသည် ကျော်ဖေယျကို သရဲဟုအော်ဟစ်ပြီး ထွက်ပြေးသည်။ ၎င်းရဲ့ဖြစ်ရပ်ကို နားမလည်အောင် ဖြစ်သွားသည်။ စိုးရိမ်စိတ်များ ဖြစ်ပေါ်လာသည်။

"သရဲဗျို့... သရဲ"

"ကယ်ကြပါဦး"

ကျယ်လောင်တဲ့ အသံများ ထွက်ပေါ်လာသည်။ အိမ်အတွင်းမှာ ရှိနေသူများ ထွက်လာကြသည်။

လက်ထဲမှာ မီးတုတ်၊ ဓါး၊ လေးခွစတာတွေ ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျာသည် အော်ဟစ်သံကို ကြောက်လန့်ပြီး ခြေဦးတည့်ရာကို ထွက်ပြေးနေပေတော့သည်။

"ဦးလေးဖိုးအေး ဘာလုပ်ကြမလဲ"

"ဘာလုပ်ရမှာလဲ အာကာရ၊ ငါတို့လည်း ပြေးကြတာပေါ့"

"အဲဒီလူတွေကို ခြောက်ရင်ကောင်းမလား"

"မလုပ်နဲ့... သေသွားလိမ့်မယ်။ သူတို့မှာ လူသေနိုင်တာတွေ ပါလာတယ်"

"ဒါဆိုလည်း ပြေးကြတာပေါ့"

အာကာတို့ ကျော်ဇေယျအနောက်ကနေလိုက်ပြီး ပြေးကြသည်။ ရွာသားများသည် ဦးစံထူးစကားကိုယုံကြည်ပြီး လိုက်နေကြပေတော့သည်။

(၃၅)

"အဘစံထူးစကားက မယုံစရာဘဲ"

"ဟေ့ စံထူး... ကလေးတွေပြောတာ ဟုတ်လား"

အဘစံမြမေးလိုက်သည်။

ဦးစံထူးသည် ခေါင်းကို ဘယ်ညာခါရမ်းလိုက်သည်။ ဦးစံထူးသည် လက်တွေ့သမားတစ်ယောက်ဖြစ်သည်။

"ယခုတွေ့လိုက်တာက ဖန်တီးတာ မဟုတ်ဘူး။ တကယ့်လက်တွေ့ကြုံရတာ အဘစံမြ"

"ဟော ဒါဆိုပြောစမ်းပါဦးကွယ် နားထောင်ရအောင်"

"ညက ကျွန်တော်သမီးအိမ်ကအပြန်မှာ ခွေးလေးပုတို့ ခြံရှေ့ကိုရောက်တော့ စူးရှတဲ့အသံတစ်ခုကို ကြားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ လူတစ်ယောက်လို့ထင်ပြီး သွားကြည့်တော့ လူမဟုတ် ဘူး။ ဘာလဲတော့ ကျွန်တော်လည်း မသိဘူး အဘစံမြ။ ည်းမည်းအရာဝတ္ထုတစ်ခုက ဖာ်းဖာ်း ရယ်ပြီးသွားတာကို တွေ့လိုက်ရတယ်။''

အဘစံမြသည် တွေဝေသွားသည်။ ဦးစံထူးပြော တားတွေအမှန်တွေက မှန်ခဲ့မယ်ဆိုရင်။ ဦးစံထူးဟာရွာရဲ့ သူကြီးလူကောင်းဆိုတာ လက်ခံထားသည်။ ရွာအကျိုးကို ဦးဆောင်နေသူ တစ်ယောက်အနေနှင့် ကောင်းကျိုးကို ဆောင်ရွက်လိမ့်မည်ဟု ယုံကြည်သည်။

''အဘစံမြ ဦးလေးစံထူး ပြောတာ တကယ်လား''

''ငါ့အနေနဲ့ ပြောရရင် သရဲအစစ်တော့ မဖြစ်နိုင်ဘူး။ ါ့အတွက်တော့ အဖြေရှိပြီးသားပဲ''

''ဘယ်လိုအဖြေလဲ အဘစံမြ''

''မကြာခင် သရဲပြေးတဲ့ပွဲ ကျင်းပတော့မယ်မဟုတ် လား''

''ရွာလူငယ်တွေက ပျော်ရွှင်တဲ့သဘောနဲ့ အခုလို သရဲခြောက်တာပဲ ဖြစ်ရမယ်။ ဒီကိစ္စက အခုမှပေါ်လာတာ မဟုတ်ဘူး။ နှစ်ပေါင်းအတန်ကြာတုန်းကလည်း ဒီလိုပဲ လုပ်ခဲ့ တယ်။ အဲဒီလုပ်ရယ်တာလည်း ခိုင်လုံတဲ့ အထောက် အထားရှိခဲ့တယ်''

''ဘယ်လို အထောက်အထားလဲ အဘစံမြ''

အဘစံမြသည် မေးခွန်းကိုလက်ခံသည်။ ခေါင်းကို ဆက်မပြတ်ညိတ်ရင်း ဆေးပြင်းလိပ်ကို ဖွာရှိုက်နေသည်။ ရောက်ရှိနေသူများက အဘစံမြပြောမယ့်စကားကို စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



စားနေကြသည်။ အဘစံမြသည် ရွာမှာရှိတဲ့ အသက်ကြီး ပုဂ္ဂိုလ်များထဲမှာ အသက်ကြီးဆုံးသူဖြစ်နေသည်။ ရွာမှာ အရေးတကြီးတာတွေရှိရင် အဘစံမြကို မေးမြန်းအကြံတောင်း ရသည်။ အဘစံမြပြောစကားကို ယုံကြည်လက်ခံကြသည်။ ယခုရွာရဲ့ ထူးခြားမှုများအတွက် ၎င်းအိမ်ကို ရောက်လာကြ ရသည်။

"ကြာတော့ကြာခဲ့ပါပြီ။ တကယ်ဖြစ်ခဲ့သလား။ ဖန်တီး ပြီး ပြောတာလားဆိုတာတော့ ဘယ်သူမှမသိရဘူး။ တချိန်တုန်းက ကိုပျော့ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ ကိုပျော့ဟာ တကယ်လူပျော်တစ်ယောက်ပဲ။ ကိုပျော့ဟာ ဒီရွာသား မဟုတ်ဘူး။ မွန်ပြည်နယ်သား။ ဂျပန်ခေတ်ရောက်မှ ရွာကို ရောက်လာကြတာ။ ကိုပျော့တို့မိသားစုက ရွာကို ရောက်လာပြီး ဆွေမျိုးတို့က ဇာတိမှာ ကျန်နေခဲ့ကြတယ်။ သူတို့ဟာ မိုးဦးကျတာနဲ့ စစ်ကောင်းကိုပြန်ပြီး ဝါးမျှစ်လုပ်ငန်းနဲ့ ပဲပုတ်လုပ်ငန်းကို လုပ်ကြတယ်။ မိုးကုန်မှရွာကို ပြန်ရောက် လာတယ်။ သူပြောပြတာကို အဘပြောပြမယ်"

"အဘစံမြ ဦးပျော့နဲ့ ရယ်တာနဲ့ ဘယ်လိုပတ်သက် လို့လဲ"

"ဘယ်လိုပတ်သက်တယ်ဆိုတာ နားထောင်ပေါ့ ကွယ်"

အဘစံမြသည် ရေနွေးကြမ်းကို သောက်လိုက်သည်။

ကျန်သူများသည် အဘစံမြပြောလာမယ့်စကားကို နားထောင်ရန် စောင့်မျှော်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃၆)

တစ်ခုသောတစ်ည ကိုပျော့တို့ လူတစ်စုသည် တောင်ထိပ်တစ်ခုပေါ်မှာ စခန်းချအနားယူကြသည်။

ကိုပျော့တို့ လူတစ်စုသည် ဝါးမျှစ်များချိုး (ခုတ်) ရန် တောထွက်လာခဲ့ကြသည်။ မနက်လင်းတာနှင့် ဝါးရုံများ သွားရောက်စီးကြသည်။ အပင်ခြေရင်းမှ ထွက်နေတဲ့ ဝါးပင် ပေါက်လေးများကို ခုတ်ယူပြီး အသင့်ပါလာတဲ့ ပလိုင်း အတွင်းကို ထည့်လိုက်သည်။

ညနေစောင်းတာနှင့် စခန်းကို ပြန်ရောက်လာကြ သည်။

တစ်ချို့က ညနေစာအတွက် ချက်ပြုတ်ကြသည်။ ကျန်သူများက ဝါးမျှစ် (ဝါးအပင်ပေါက်) လေးများရဲ့ အခွံကို ယယ်ထုတ်နေကြသည်။ တစ်နေ့တာ ခုတ်ယူခဲ့တဲ့ ဝါးအပင် ပေါက်(မျှစ်)တွေကို ရောင်းကွက်ဝင်အောင် ပြုလုပ်နေကြ သည်။

တစ်နေ့တာ ပင်ပန်းတာတွေလုပ်ကိုင်ပြီး ညနေမိုး တော်တော်ချုပ်တာနှင့် စားကြပြီးအနားယူစကားပြော ကြသည်။

"ဟော့သောင်းရွှေ။ မင်းဒီနေ့ သွားတဲ့နေရာက ပေါရဲ့လား"

"ပေါတယ် အစ်ကိုပျော့။ မနက် ကျွန်တော်တို့ အဲဒီနေရာကို သွားကြရင် ကောင်းမလား"

"အေး ကောင်းတယ် ဟေ့... မစိန်ပု မနက်သာမင်း စောစောချက်ဟ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အစ်ကိုပျော့"

"ဒါနဲ့ ဟိုကောင်တွေတော့ ခြောက်ဖို့ ဝါးလုံးအဆစ် ပိတ်တွေ ခုတ်ထားပြီပြီလား"

"ဟုတ်ကဲ့ ပိုချက်ထားပါတယ် ဦးလေးပျော့"

"သတိထားပြီး အိပ်ကြတော့။ ညက ဟိုဘက်တောင်မှာ ကျားဟိန်းသံ ကြားတယ်၊ ဒီကောင်ကြီးတယ်။ ဆယ်တောင် ကျော်ပြီ"

"ကျွန်တော်ကတော့ ညက လူစိမ်းကပ်တယ်လို့ ထင်တယ်"

"ဟေ... ဟုတ်လား"

အားလုံးအံ့သြကုန်ကြသည်။ အောင်သန်းကို ကြည့်လိုက်ကြသည်။ အောင်သန်းသည် အသက်ငယ်ပေမယ့် အအိပ်အနေ အလွန်နည်းသည်။

ဘယ်လောက်ပဲအိပ်နေပါစေ။ ခြေသံတစ်ခုလောက် ကြားလိုက်တာနဲ့ ချက်ချင်းအိပ်ယာက နိုးလာတတ်သည်။

အောင်သန်းပြောတော့မှ ကိုပျော့အတွက် စိုးရိမ် စရာ ဖြစ်နေသည်။ ရောက်ရှိနေတဲ့တောမှာ သစ်ခုတ်သမား၊ ဝါးခုတ်သမား မျှစ်ခုတ်သမား များစွာရှိသည်။

"ဟုတ်တယ်... ဦးလေးပျော့ ကျွန်တော်ထကြည့်တော့ ဟိုဘက်ကို ထွက်သွားတယ်၊ ဆံပင်တွေကလည်း စုတ်ဖွာနေတာပဲ။ အလွန်ထူးဆန်းနေတယ်"

"အဲဒါဆို သတိနဲ့အိပ်ကြ။ အရေးကြီးရင် ဒီနားမှာ ရှိတဲ့ သူကို နှိုးပြီး ဝါးလုံးမီးထည့်လိုက်... ငါလည်း သတိထားမယ်။ မောင်တင့် ငါ့ဓါးမြှောင် ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပလိုင်းထဲမှာပါ ဦးလေးပျော့"

မောင်တင့်သည် ပလိုင်းထဲက ခြောက်လက်မရှည် တဲ့ဓါးကို ယူပေးလိုက်သည်။ ဦးပျော့သည် ဘယ်ကိုသွားသွား ၎င်းဓားကို ယူလေ့ရှိသည်။ ဓါးကို အလွန်အားကိုးသည်။

ထိုဓါးသာလက်ထဲမှာရှိရင် ကမ္ဘာလောကကြီးကို စိန် ခေါ်ရဲတယ်ဟု ပြောလေ့ရှိသည်။ အားကိုးလောက်သည့် ဓားကလည်း လူဝံတစ်ကောင်ကို ထိုဓါးနှင့် ရင်ဆိုင်ခဲ့ဖူးသည်။ လူဝံလည်း ထိုဓါးကြောင့် အသက်သေဆုံးခဲ့ဖူးသည်။

"ကျွန်တော်ကတော့ လူလို့မထင်ဘူး အစ်ကိုပျော့"

"မင်းက ဘယ်လိုထင်မိလဲ သောင်းရွှေရာ"

"မကောင်းဆိုးဝါးတစ်ကောင်လို့ ထင်နေမိတာ"

"ဟော ... အဲဒါလည်း ဖြစ်နိုင်တာပဲ။ ဘာပဲ ဖြစ်ဖြစ် ငါတို့ဘက်က ဂရုစိုက်ရမှာပဲ။ ရန်သူဆိုတာ ဘာကိုမှ လျှော့တွက်လို့ မရဘူး။ ကဲ ... မင်းတို့အိပ်ကြ၊ ငါခဏ ထိုင်နေဦးမယ်"

အားလုံးသည် အိပ်ရာကို ဝင်ကြသည်။

ဦးပျော့တို့ လူစုသည် တဲငယ်သုံးလုံးထိုးပြီး စခန်းချ နေကြသည်။

သစ်မာသားဖြင့် တစ်ညလုံးမီးဖိုထားသည်။

ဝါးလုံး အဆစ်ပိတ်များလည်း စုပုံထားသည်။ အရေး အကြောင်းပေါ်လျှင် မီးပုံအတွင်းကို ပစ်ထည့်ရန် ဖြစ်သည်။ ထိုနေရာတွင် အစောင့်များ အလှည့်ထားပြီး အိပ်ကြရန် ဖြစ်ပေမယ့် ဦးပျော့က ၎င်းအစီအစဉ်ကို မရေးဆွဲဘဲ အားလုံး အိပ်ကြရန် အမိန့်ပေးလိုက်သည်။ အားလုံး အိပ်ကုန်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ၎င်းသည် ဆေးလိပ်သောက်ပြီး ထိုင်နေသည်။

အတော်လေးညဉ့်နက်ပြီး ထူးခြားမှုမရှိ၍ ဦးပျော့သည် ၎င်းနေရာမှာအိပ်ရန် ဆုံးဖြတ်လိုက်သည်။

ပတ်ဝန်းကျင်သည် ထူးခြားမှုမရှိ၊ တိတ်ဆိတ်နေ၏။

ဦးပျော့သည် အိပ်ပျော်သလို မပျော်သလို ဖြစ်နေသည်။

စိတ်ထဲတွင် တစ်မျိုးဖြစ်နေသည်။ အေးစက်တဲ့ အရာသည် ဦးပျော့ရဲ့ ကိုယ့်ခန္ဓာအား စမ်းသပ်နေသည်။ ဦးပျော့သည် မျက်လုံးကို ဖွင့်ကြည့်မိ၏။ မည်သည့်အရာကိုမျှ သဲကွဲစွာ မြင်တွေ့ရခြင်း မရှိ။

အသင့်ရှိနေတဲ့ ဓါးမြှောင်ကို တင်းကြပ်စွာ ဆုတ်ကိုင်ထားသည်။ ကြက်သီးမွေးညင်းများ ထလာသည်။ ဘယ်လိုပုံစံဖြစ် ရင်ဆိုင်ရမည်ကို စဉ်းစားမရအောင် ဖြစ်နေသည်။

အေးစက်တဲ့အရာသည် တစ်ဖြည်းဖြည်းနှင့် လက်မောင်းအနားကို ရောက်ရှိလာသည်။ အန္တရာယ်ပြုမည်ဟု ထင်မှတ်နေသည်။

"ရော့ . . . သေပေတော့ဟာ"

တင်းကျပ်စွာ ဆုတ်ကိုင်ထားတဲ့ ဓါးနှင့် ထိုးလိုက်သည်။ ဓါးသည် အရာတစ်ခုအတွင်းသို့ အိခနဲ ထိုးဝင်သွားသည်။

"ဟီး... ဟီး... ဟီး"

ထွက်ပေါ်လာတဲ့အသံနှင့်အတူ ကျောပေး ထွက်ခွာသွားလေသည်။ ရယ်သံသည် သာမန်အသံများနှင့်မတူ။ အသံကြားလိုက်သည်နှင့် အသက်သေဆုံးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးပျော့သည် ထွက်သွားတဲ့အရာ နောက်ကို လိုက်ရန် ကြိုးစားလိုက်သည်။ ဦးပျော့သည် ရုတ်တရက်ထပြီး ပြေးသူ ကို ကြည့်လိုက်သည်။ အမှောင်ထုက လွှမ်းမိုးနေသည်။

မည်းမည်းအရာတစ်ခုမှ လွဲပြီး တစ်ခြားဘယ် အရာကိုမှ မြင်တွေ့ရခြင်းမရှိ။

၎င်းသည် တောင်ပေါ်အတိုင်း ပြေးနေပေတော့သည်။

ဦးပျော့သည် ထိုအကောင်ကြီးကို တွေ့လိုက်ရပြီး နောက် ကြောက်ရွံ့ထိတ်လန့်စိတ်များ ဖြစ်ပေါ်လာသည်။

ကြက်သီးများ ထလာသည်။

"ဟော့...ကောင် သောင်းရွှေတို့ ထကြစမ်း ထကြစမ်း"

ဦးပျော့သည် အိပ်နေသူများကို အော်ဟစ်နှိုးနေသည်။ တချို့ခြေထောက်ဖြင့် ကန်လိုက်သည်။

"ဘာဖြစ်တာလဲ အစ်ကိုပျော့"

"ဒီလောက်ပဲ အိပ်ရေးကြီးလားကွ"

"ကျွန်တော်တို့ မအိပ်ကြရသေးပါဘူး။ အခုပဲ စကား ပြောနေသေးတယ် အစ်ကိုပျော့"

"မင်းတို့ ပြောတာ မအိပ်ရသေးဘူး။ ငါအသံက တစ်တောင်လုံး ဆူညံနေတာပဲ"

ထိုသို့ ပြောပြီး ဦးပျော့အရုပ်ကြိုးပြတ်ထိုင်ချ လိုက်သည်။

အားလုံးသည် ဦးပျော့ရဲ့ ဖြစ်ရပ်ကို နားမလည်စွာ ကြည့်နေကြသည်။ စိုးရိမ်စိတ်များစွာ ဖြစ်ပေါ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပျော့ ဘာဖြစ်တာလဲ"

"ပစ္စည်းတွေ သိမ်းကြကွာ စခန်းပြောင်းကြမယ်ကွာ"

"ဘာ ဘယ်လိုဖြစ်တာလဲ၊ ကျွန်တော်တို့ကို ပြောပြ ပါဦး"

"ငါခိုင်းတာကို လုပ်ကွာ"

"ဟာ မဟုတ်တာဘဲ၊ အစ်ကိုပြော ဘာဖြစ်တယ်ဆို တာကိုလည်း ပြောပြပါဦး။ အစ်ကိုဖြစ်တာကို သိမှ ကျွန်တော်တို့ လုပ်ရတာ အဆင်ပြေမှာပေါ့"

"ငါ့ကို ပြန်မပြောနဲ့လေ။ ငါခိုင်းတဲ့ အတိုင်းသာ လုပ်ပါ"

"အစ်ကိုပျော့ အဲဒီလိုတဇွတ်ထိုးမလုပ်နဲ့လေ၊ အချိန်ကိုလည်း ကြည့်ပါဦး။ အစ်ကိုပျော့ဖြစ်တာတွေ ပြောပြ မှ အားလုံးဝိုင်းစဉ်းစားကြရမှာပေါ့။ စိတ်ကိုထိန်းပါဦးဗျာ"

သောင်းရွှေစကားကို လက်ခံရသည်။ အချိန်က ညဉ့် နက်နေသည်။ ပစ္စည်းတွေက များလွန်း၍ လွယ်ကူတဲ့အရာ မဟုတ်။

ဦးပျော့သည် စိတ်ပျက်စွာထိုင်ပြီး စက္ကူပတ်ဆေးလိပ် ကို မီးညှိဖွာရှိုက်နေသည်။

အားလုံးသည် ဦးပျော့ထံမှ ကြားရမယ့်စကားကို စောင့်မျှော်နေသည်။

ကြုံတွေ့ခဲ့တာတွေကို ပြောပြရရင် ကောင်းမယ်သား။

"အေး... စောစောက ငါ့ကို အမည်မသိတဲ့ အကောင် တစ်ကောင်လာပြီး စမ်းတယ်။ ငါလည်း ဓါးနဲ့ ထိုးလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သေသွားလား။ အခုဘယ်မှာလဲ အစ်ကိုပျော့"

"ငါ့စကားကို ဆုံးအောင်နားထောင်ကြလေကွာ။ အဲဒီလို ဓါးနဲ့ထိုးလိုက်တာ... တဟီးဟီး... ဟီးဟီးနဲ့ ရယ်ပြီး မြောက်ဘက်ကို ထွက်သွားတယ်"

"ဟင်... ဟုတ်လား"

"ဘာဆက်လုပ်ကြမလဲ"

"ဘာလုပ်ရမှာလဲကွာ၊ ဒီညမအိပ်ဘဲ ဒီကောင်ကြီးကို စောင့်ကြည့်မယ်။ ဒီအချိန်မှ ပြောင်းရွှေ့ဖို့ကြတော့ အဆင်မပြေနိုင်ဘူး"

"လာကွာ... သောင်းရွှေ မင်းနဲ့ ငါ အဲဒီအကောင် နောက်ကိုလိုက်မယ်"

"ဟာ... အစ်ကိုပျော့ကလဲ။ အခုလောက်ဆို ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး။ ဟော့ကောင်တွေ ဝါးလုံးဆယ်လုံးလောက် မီးဖိုထဲ ပစ်ထဲ့လိုက်ကြစမ်းကွာ"

သောင်းရွှေစကားကို နားထောင်ကြသည်။

ဝါးလုံးပိုင်းများ မီးလောင်ကျွမ်းပြီး ပေါက်ကွဲကုန်သည်။

(၃၇)

"အဲဒါ ဘာကောင်ကြီးလဲ အဘစံမြ"

သိချင်စိတ်နှင့် မေးနေကြသည်။ အဘိုးစံမြက ဆေးပြင်းလိပ်ကို အေးဆေးစွာ ဖွာရှိုက်နေသည်။

"ဦးပျော့ကတော့ သရဲ လို့ပြောတာပဲ။ အဘအမြင်ကတော့ မဖြစ်နိုင်ဘူး။ သရဲတစ္ဆေဆိုတာ လူ့ရဲ့အသားကို

www.burmeseclassic.com

www.burmeseclassic.com



ကိုင်နိုင်တဲ့ စွမ်းအားမရှိဘူး''

''အဲဒါဆို ဘာဖြစ်နိုင်လဲအဘစံမြ''

''တစ်ခုခုလို့ပဲ သဘောထားကြပါကွယ်။ အဘက လည်း အဲဒီလိုပဲ သဘောထားနေတယ်။ ဒါနဲ့ မင်းတို့ သရဲပြေးတဲ့ညအတွက် မောင်းထောင်းရဦးမယ် မဟုတ်လား''

ဆန်ထောင်းတာကို 'မောင်းထောင်းတာ'' ဟု ခေါ်ကြသည်။

ထိုဒေသမှာ ဆန်ကြိတ်တဲ့စက်မရှိ။ ကျေးရွာများမှာ စပါးကနေ ဆန်အဆင့်ရောက်ဖို့ဆိုတာ လွယ်တဲ့အရာမဟုတ်။

စပါးကို ခြောက်အောင်နေလှန်းပြီး ပထမဆုံး စပါး ကြိတ်တဲ့ ကြိတ်ဆုံအတွင်းကိုထည့်ပြီး လက်နှင့်ကြိတ်ရသည်။

ကြိတ်ဆုံနှင့်ကြိတ်ပြီး လုံးတီး (ခေါ်) အခွံနက်ချွတ် ကို ဆုံနှင့်ထောင်းရသည်။ အချက်ပေါင်းများစွာထောင်းပြီး ဖြူလာတဲ့ ဆန်ကိုမှ အဆင့်ဆင့်ပြာပြီး ထမင်းအဆင့်ရောက် အောင် ချက်ကြရသည်။

ရွာမှာအလှူတစ်ခုလုပ်လျှင် လူငယ်အမျိုးသား၊ အမျိုး သမီးများ ကာလသားခေါင်းအိမ်ကို လာရောက်ကြသည်။ အလှူခံလို့ရတဲ့ စပါးတွေကို ထောင်းကြ၊ ကြိတ်ခွဲကြနှင့် ပျော်စရာလွန်စွာ ကောင်းသည်။

''ဟုတ်ကဲ့၊ သွားရပါမယ် အဘစံမြ''

''အေး... သွား... သွား... အဘစံမြတစ်ခု မှာချင်တယ်။ လူငယ်အချင်းအချင်း စိတ်ဆိုးအောင်မလုပ် ကြနဲ့ကွဲ့. ကြားလား... ရက်ကနီးကပ်လာပြီ''

''ဟုတ်ကဲ့ပါ''

www.burmeseclassic.com

www.burmeseclassic.com



လူငယ်များသည် အဘစံမြ ပြောပြတာ နားထောင်ပြီး ထွက်လာကြသည်။

ရွာရဲ့ကာလသားခေါင်း ကိုဆန်းအုန်းက ကြိုတင်ပြင်ဆင်ထားသည်။ အမောပြေစားရန် ကောက်ညှင်းတွေလည်း ပေါင်းထားသည်။

(၁၈)

"အား... အမလေး"

အောက်လိုက်တဲ့အသံကြောင့် ရုတ်တရက် ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားကြသည်။ အသံပိုင်ရှင်ကို ကြည့်လိုက်ကြသည်။

စားနေတဲ့ကောက်ညှင်းကို ဆက်မဲစားနိုင်ဘဲ ကြောက်ရွံ့စိတ်များဖြင့် ကြည့်နေသည်။ အသံပိုင်ရှင်မှာ သန္တာဖြစ်သည်။ သူမရဲ့ဖြစ်ရပ်ကြောင့် အားလုံးထိတ်လန့် တုန်လှုပ်တုန်ကြသည်။ သန္တာသည် ငုံးနေရာတွင် သတိလစ်နေသည်။

"ဟဲ့ လုပ်ကြပါဦး သန္တာ ဘာဖြစ်သွားတာလဲ"

ကောက်ညှင်းစားကြနေတဲ့သူများ သန္တာထံ ရောက်ရှိလာကြသည်။ အားလုံးသည် သရဲပြေးတဲ့ညအတွက် စပါးကြိတ်ပြီးထောင်းနေကြသည်။ အောက်လင်းမီးကြီးသုံးလုံးရဲ့ အလင်းရောင်ကြောင့် ထိန်လင်းနေသည်။

လုပ်အားပေး လာရောက်သူများကို ကောက်ညှင်းပေါင်းများဖြင့် ညှော်ခံကျွေးမွေးသည်။ ယခုသန္တာဖြစ်မှုအတွက် အားလုံးစိုးရိမ်နေကြသည်။ ရွာလူကြီးများ ရောက်ရှိလာကြသည်။ မကောင်းဆိုးဝါးများ ပြုစားတာလားဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်ကြသည်။

"ဟော့... ဟော့... အနားကိုသိပ်မကပ်ကြနဲ့လေ။ ပိတ်ပြီး ပိုဆိုးသွားလိမ့်မယ်"

"အနောက်ကို နည်းနည်းဆုတ်ကြပါကွယ်"

ရွာရှိ အသက်ကြီးအမျိုးသမီးများ ရောက်ရှိလာကြသည်။ သန္တာကို ပြုစုနေကြသည်။

"ဟဲ့ စိန်မြိုင် သေချာကြည့်စမ်း၊ မကောင်းဆိုးဝါး ပတ်သွားတာလား"

"မဟုတ်ဘူး အစ်ကိုစံမြ။ တစ်ခုခုက သူ့ကို ခြောက်လှန့်လိုက်တာ"

"ဟော့... ဟုတ်လား၊ မောင်လှဦး ဒီမှာခြောက်လှန့် တမ်း ကစားသေးလား"

"အဲဒီလိုတော့ မရှိဘူး အဘစံမြ။ စကားပြောပြီး စားကြတာပဲ"

"အင်း... တစ်ခုခုတော့ လွဲမှားနေပြီ"

ထိုသို့ပြောရင်း ငြိမ်သက်နေတဲ့ သန္တာရဲ့ကိုယ်လုံး လေးလှုပ်ရှားလာသည်။ အားလုံးက ပျော်ရွှင်စွာကြည့်နေ သည်။

မှိတ်ထားတဲ့ မျက်လုံးလေးပွင့်လာသည်။

"သမီး... သန္တာ... သတိရလာပြီလား"

"ကြီးမေလေ မှတ်မိတယ်မဟုတ်လား"

သန္တာကို ရေတိုက်လိုက်ကြသည်။

သန္တာသည် ပတ်ဝန်းကျင်အကဲခတ်ကြည့်နေသည်။

"ကြီးကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ… ဘာလဲသမီးလေး ဘာပြောမလို့လဲ"

"ဘာဖြစ်လို့လဲ သမီး"

"ဒီခြံထဲမှာသရဲရှိတယ်… သရဲလာခြောက်တယ်"

သန္တာစကားကြောင့် အားလုံးအံ့သြကုန်သည်။ သန္တာကို နားမလည်စွာ ကြည့်နေကြသည်။ ခြံထဲမှာ သရဲရှိတယ်ဆိုတော့ တစ်ခါမှ မကြားဘူး။ ဘယ်သူမှ အခြောက်မခံရ။

"ဘယ်မှာရှိလို့လဲ…သမီးရဲ့ သမီးလေးတွေ့လို့လား"

"တွေ့တယ်… ဟိုက သစ်ပင်အနောက်မှာ သန္တာကို လက်အမည်းကြီးနဲ့ လှမ်းခေါ်တယ်"

"မောင်လှဦးရေ… တစ်ယောက်ယောက် လာနောက် သွားပြီထင်တယ်။ မောင်ဆန်အုန်း အဲဒါကို အမြန်ဆုံးဖော်ထုတ်ကွာ"

"စိတ်ချပါ အဘစံမြ"

အဘစံစကားကို လက်ခံလိုက်ကြသည်။ သန္တာမှာတော့ ကြောက်စိတ်များ လွှမ်းမိုးလာ၍ ငိုကြွေးနေသည်။ အားငယ်လာသည်။

သန္တာ သရဲအခြောက်ခံရလို့ ကြောက်ရွံ့နေတဲ့ အကြောင်းတစ်ရွာလုံး ကြားသွားသည်။ ၎င်းသတင်းကြောင့် အာကာတို့ အပြေးရောက်ရှိလာသည်။

အာကာနှင့်အတူ ကိုဖိုးအေး၊ မောင်မျိုး၊ အောင်အေးတို့လိုက်ပါလာကြသည်။ သန္တာမိဘများကလည်း စိုးရိမ်ကြသည်။

"သန္တာ နင်ဘာဖြစ်နေလဲဟင်"

"ငါအရမ်းကြောက်နေတယ်အာကာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသရဲကို နင်တွေ့လိုက်လား"

"အဲဒါကို မမေးပါနဲ့တော့ဟာ။ ငါမဖြေရဲလို့ပါ"

မျက်နှာတစ်ခုလုံး ဖြူဖွေးပြီး သွေးမရှိသလိုဖြစ်နေသည်။ အာကာသည် သန္တာ့ဘေးမှာ ဝင်ရောက်ထိုင်လိုက်သည်။

သန္တာနှင့် အာကာဟာ ချစ်သူတွေ။ မိဘခြင်းက သဘောတူထားကြသည်။ တစ်ရွာလုံးက သိသည်။

ယခုသန္တာရဲ့ဖြစ်ရပ်ကြောင့် စိုးရိမ်စိတ်များ လွှမ်းမိုးနေသည်။ ဒေါသထွက်နေသည်။ သရဲခြောက်သူကို သတ်ချင်စိတ်ပေါ်လာသည်။

"အေးပါဟာ ငါမမေးတော့ပါဘူး။ အခုနင်အိမ်ပြန်ချင်လား"

"ငါအိမ်ပြန်ချင်တယ် ... ငါ့ကိုလိုက်ပို့ဟာ"

"အဲဒီအတွက် ငါလာခဲ့တာ။ ကဲ... ငါတို့ပြန်ကြမယ်၊ ဦးလေးလှဦး... ကျွန်တော် သန္တာကို လိုက်ပို့ပေးဦးမယ်"

"အေး... အေး... အဖော်ထည့်မေးရဦးမယ်"

"ရပါတယ် ဦးလေးဖိုးအေးတို့လည်း ပါတယ်"

"ဂရုစိုက်ပါ... မောင်အာကာ"

"စိတ်ချပါ ဦးလေးလှဦး"

အာကာသည် သန္တာ့လက်ကို ဆွဲပြီးထွက်လာသည်။ ကိုဖိုးအေးက အောက်လင်းမီးကိုဆွဲပြီး ရှေ့ကိုထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၉)

"သရဲ... သရဲ"

ထွက်ပေါ်နေတဲ့အသံကြောင့် အားလုံးစိုးရိမ်ကုန်ကြသည်။ အသံပိုင်ရှင်ကို ကြည့်နေသည်။ ၎င်းသည်မျက်လုံးကိုမှိတ်ပြီး အော်ဟစ်နေသည်။

"ကြောက်တယ် ... ကြောက်တယ်"

"သရဲ... သရဲ"

"သမီး သန္တာ... သန္တာ"

"အမေ ကျွန်မကိုဖက်ထားပါ။ သရဲကြောက်တယ်"

သန္တာသည် မိခင်ဒေါ်သူဇာ ရင်ခွင်ကိုတိုးဝင်နေသည်။ ရောက်ရှိနေသူများက သန္တာ့ဖြစ်ရပ်အတွက် စိုးရိမ်နေကြသည်။

သရဲပြေးတဲ့ညအတွက် ဆန်းထောင်းတဲ့ညကစပြီး သန္တာဟာ မိုးချုပ်တာနှင့် သရဲကြောက်သည်ဟု အော်ဟစ်နေတတ်သည်။ မကြာခဏ ဖျားနာတတ်သည်။

သန္တာကို စိုးရိမ်ပြီး လာရောက်မေးသူတွေ နေ့ညမပြတ်ရှိနေသည်။ လာရောက်မေးသူများအတွက် ဧည့်ခံဝတ်ကျေရသည်။

၎င်းအထဲမှာ အာကာမိဘနှစ်ပါးကတော့ အချိန်ပြည့်ရှိနေကြသည်။ သန္တာမိဘများကလည်း အားကိုးသည်။

"မသူဇာ သမီးကို ရေတိုက်လိုက်ဦးလေ"

"ဟုတ်ကဲ့... အစ်ကိုတင်မြင့်"

အသင့်ရှိနေတဲ့ ရေကျက်အေးကို တိုက်နေသည်။

တကယ်တော့ အာကာမိဘများထက် သန္တာမိဘများ

www.burmeseclassic.com



က ပိုပြီး ချမ်းသာကြွယ်ဝသည်။ ရွာရဲ့အချမ်းသာဆုံး စာရင်းဝင်သည်။

ဦးတင်မြင့်သည် ဆရာတော်ရေမန်းကို ဆွတ်ပြီး သန္တာခေါင်းလေးကို ပွတ်သပ်ပေးနေသည်။

"ကျွန်မတော့ သမီးအတွက် စိုးရိမ်တယ် အစ်ကိုတင်မြင့်"

"ဘာမှမဖြစ်ပါဘူးကွယ်။ ရုတ်တရက်ဆိုတော့ (သည်း) သဲခြေနည်းနည်းထိသွားတာပါ။ မကြာခင်ကောင်းသွားမှာပါ"

"ကျွန်မကတော့ အလွန်စိတ်မကောင်းဘူး အစ်ကိုတင်မြင့်၊ သမီးလေးကိုမှ ရွေးပြီးခြောက်လှန့်ရတယ်လို့ရှင်"

"ဟုတ်ပါတယ်၊ ကျွန်မကတော့ ရိုးရိုးသားသားမှ ဟုတ်ရဲ့လားလို့ စဉ်းစားမိတယ်"

"အဲဒီလောက်လည်း မစိုးရိမ်ပါနဲ့ အစ်မတင်ရွှေသမီး သန္တာဘာမှမဖြစ်စေရပါဘူး။ အဲဒါကို ကျွန်တော် ပြောရဲပါတယ်"

"အစ်ကိုတင်မြင့်ပြောသလို ဖြစ်ပါစေလို့ပဲ ဆုတောင်းရမှာပဲ"

ဆုတောင်းရမှာပဲဟု ပြောပေမယ့် စိတ်ထဲမှာတော့ စိုးရိမ်နေကြသည်။

သန္တာကို မကောင်းတာတွေနှင့် ပြုစားလိုက်မှာကို စိုးရိမ်နေသည်။ ရွာမှာ သန္တာကိုမြတ်နိုးတဲ့ လူငယ်များရှိသည်။ လူကြီးချင်းတောင်းတာတွေရှိသည်။ အာကာနှင့် လက်ထပ်ပေးရန် ရည်ရွယ်ထားသည်။ မိဘများက သဘောတူထား

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ရင်းတို့ကလည်း မေတ္တာမျှနေကြသည်။

လက်ထပ်ပေးစားချင်ပေမယ့် မပြီးပြတ်တဲ့ ကိစ္စလေး တွေရှိယ်။ တောသဘာဝအရ နှစ်ဆယ်ကျော်လေးဖြစ်နေ၍ အခက်ကြုံနေသည်။ အိမ်ထောင်ပြုကြတဲ့အခါ အသက် (၂၅) နှစ်ကျော်မှ အိမ်ထောင်ချပေးတတ်ကြသည်။

"ဒါနဲ့ အစ်ကိုတင်မြင့်သား အာကာမတွေ့ပါလား"

"သမီးကို ခြောက်တာ ဘယ်သူလဲသိချင်လို့ စုံစမ်းနေတယ်လေ"

"ဘာဖြစ်လို့ စုံစမ်းနေရတာလဲ"

"မကျေနပ်လို့တဲ့ သမီးသာတစ်ခုခုဖြစ်ရင် အဲဒီလူကို သတ်ပစ်မယ်တဲ့ အစ်ကိုလည်းထိန်းတာပဲ မရဘူး။ ထမင်း လည်း ပြန်မစားဘူး။ သမီးအမြန်ကောင်းပါစေလို့ပဲ ဆုတောင်း နေရတယ်"

"အို… ဒီကလေးကလဲ"

သန္တာမိခင်ရဲ့ စကားသံဖြစ်သည်။ ဒေါ်သူဇာသည် အာကာကို သားအရင်းတစ်ယောက်လို ချစ်သည်။ အာကာရဲ့ စိတ်ကိုကောင်းစွာ သိနေသည်။

"သူ့ကိုအပြစ်ပြောလို့မရဘူးဆိုတာ မသူဇာလည်း သိမှာပါ။ သမီးအပေါ်ထားတဲ့ သားရဲ့စေတနာက ငယ်ငယ် လေးထဲက အခုထိမပြောင်းသေးတာဘဲ"

"ဟာ… ဟိုမှာ သားလေးပြန်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



(၄၀)

"ဟိုမှာ သရဲတွေလာနေပြီ"

"လာနေပြီ... ကျွန်မကို ကယ်ပါဦး"

မလှကြည်ရဲ့အော်သံဖြစ်သည်။ မလှကြည်သည် စိတ်ထင်ရာကို အော်ဟစ်နေတတ်သည်။ မလှကြည်သည်လည်း သရဲအခြောက်ခံလိုက်ရခြင်းဖြစ်သည်။ သန္တာ အခြောက်ခံရတဲ့ညက မလှကြည်လည်း အခြောက်ခံရသည်။ သရဲပြေးတဲ့ ညပွဲတော်က နီးကပ်လာသည်။ ရွာမှာ မကြာခဏ ဆိုသလို လူတွေအခြောက်ခံနေကြရသည်။

"သရဲမရှိပါဘူးသမီးရယ်။ အဖေတို့ အနားမှာ ရှိပါ တယ်"

"ဟိုမှာ လာနေပြီ ခြံဝမှာ။ တံခါးပိတ်ပေးပါ"

"သမီး သတိထားပါကွယ်။ အဖေတို့ရှိပါတယ်"

"သမီးအနားမှာနေပါ။ အမေရော အမေဘယ်သွား လဲ"

"အမေ ဒီမှာရှိပါတယ်ကွယ်"

မလှကြည်သည် သန္တာထက် ပို၍ဆိုးသည်။ သရဲပြေး တဲ့ညအတွက် ဆန်ဇွတွေထောင်းပြီး ပြန်လာရာ ခြံအဝတွင် သရဲဆိုပြီး အော်လိုက်သည်။ ထိုညကစပြီး ယခုကဲ့သို့ ဖြစ်သွား သည်။ ဆွေမျိုးများနှင့် အိမ်ပေါ်မှာ စည်းကားနေသည်။ ဗိန်းတောဆရာတွေလည်း ဆေးကုပေးနေသည်။ ရုတ်ခြည် ဆိုတော့ ဆေးကုရခက်နေသည်။

"ဒီလိုဖြစ်တာ မကောင်းဘူး။ ဒါတွေကို အပြတ်ရှင်း နိုင်ဖို့ လိုအပ်နေပြီ။ ဦးသောင်းလှတို့ လူကြီးတွေမှာ တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်''

''ဆရာပြောတာကို လက်ခံပါတယ်။ ဒီအချိန်မှာ ရွာသားတွေက သရဲပြေးတဲ့ညအတွက် အလုပ်တွေရှုပ်နေကြပါတယ်။ အဲဒီနေ့မှာပဲ လုပ်နိုင်မယ်ထင်တယ်။ ရွာကို ဦးဆောင်သူတွေကလည်း အဲဒီလိုပဲ ပြောနေကြပါတယ်''

''ဒါက ရွာရဲ့လုပ်လက်စဓလေ့တစ်ခုပဲ။ အဲဒီနေ့မရောက်ခင် ရွာသားတွေ တစ်ခုခုဖြစ်သွားမှာကိုပဲ စိုးရိမ်မိတယ်''

''ဆရာကြီးရဲ့ စေတနာကို ကျွန်တော်နားလည်ပါတယ်''

ရွာလူကြီးများက ရွာမှာခြောက်လှန့်ခံနေရတာကို ကာကွယ်ရန် ကြိုးစားနေကြသည်။ သရဲအစစ်လား ဘာလဲဆိုတာကို သိချင်နေကြသည်။ ခက်ခဲတဲ့အချက်က သရဲပြေးတဲ့ညဟာ အချိန်မရွေးကျင်းပလို့ရတဲ့ အရာမဟုတ်။

''ဒါနဲ့ ဆရာကြီး၊ မလှကြည်ရောဂါက ဘယ်အခြေအနေဖြစ်နိုင်လဲ''

''အခြေအနေမဆိုးလောက်ပါဘူး။ မကြာခင်ပြန်ကောင်းသွားမှာပါ။ အဲဒါကိုတော့ သေချာတယ်ဆရာကြီး''

''အဲဒီပွဲမတိုင်မီ တစ်ခုပြောချင်ပါတယ်၊ ပြောတဲ့အတိုင်း လုပ်ပေးမယ်လို့ ထင်ပါတယ်''

''ဟုတ်ကဲ့ ... ပြောပါဆရာကြီး''

''ဆရာအတွက် မဟုတ်ဘူး။ ရွာသားတွေအတွက်ပါ။ ရွာတော်ရှင်ကို အုန်း၊ ငှက်ပျော၊ ကောက်ညှင်း၊ ဆီမီးတိုင်နဲ့ နွားခင်ရိုးရိုးမှာ ပူဇော်တောင်းပန်လိုက်ပါ။ နောက်ပြီး ကွင်းပိုင်၊

www.burmeseclassic.com

www.burmeseclassic.com



နယ်ပိုင်နှင့် သုဿာန်စောင့်နတ်ကိုပါ ပူဇော်ပေးလိုက်ပါ။ ရွာမှာရှိတဲ့ မကောင်းဆိုးဝါးတွေကို သူတို့ဖြေရှင်းပေးလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ ... ကဲ အဲဒါဆို ပြန်လိုက်ဦးမယ်။ ကလေးမကို ဆေးမှန်မှန်တိုက်ကြကွဲ့နော်"

ဗိန်းတောဆရာကြီး ပြန်မည်ဆို၍ လိုက်ပို့ရန် ပြင်ဆင်ကြသည်။

(၄၁)

ညနေချိန်ရောက်လာသည် ရွာသားများ အလုပ်သိမ်းပြီး နေထိုင်ရာအိမ်ကို ပြန်သူများရှိသည်။ တစ်ချို့က အပန်းဖြေ ရင်း အရက်ဆိုင်ဝင်ကြသည်။

ညနေခြောက်နာရီကျော်နေသည်။ အမှောင်ထုများက ကြီးစိုးလွှမ်းမိုးနေသည်။ ၎င်းအချိန်တွင် ရွာလူကြီးသုံးလေးယောက် ရွာတော်ရှင်နတ်ကွန်းကို ရောက်ရှိလာကြသည်။ အသင့်ယူဆောင်လာတဲ့ ကောက်ညှင်းပေါင်း ငှက်ပျောစတာတွေကို ပန်းကန်အတွင်းမှာ ပြင်လိုက်ကြသည်။

ဝလေ့အရ ရွာတော်ရှင်ကို တစ်ပွဲပေးရင် အစောင့်များကိုပါ တစ်ပွဲပေးရသည်။ အစောင့်များကို တင်မြှောက်ရာတွင် ခပ်လှမ်းလှမ်းမှာ နေရာပေးရသည်။

"ရွာတော်ရှင်ကြီးရဲ့ အစောင့်များကို ပူဇော်ပသသည်။ ရွာမှာကြုံတွေ့နေရတာတွေကို ဖယ်ရှားရှင်းလင်းပေးတော်မူကြပါ"

တင်မြှောက်လိုက်ပြီး အချိန်တွင် အနောက်ကို အသာဆုတ်နေလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အမလေး ... ဘာကြီးလဲဟ"

ရုတ်တရက် အော်ဟစ်လိုက်မိသည်။

"ဟော့ ... ဘာလိုအော်နေတာလဲ"

"ထူးဆန်းလွန်းလို့ပါ အစ်ကိုကြီးရာ"

တိတ်ဆိတ်စွာနေရန် အမိန့်ပေးလိုက်သည်။ ကြက်သီး များ ထလာကြသည်။ တချို့တုန်လှုပ်နေကြသည်။ စိတ်များ လှုပ်ရှားနေကြသည်။

ရွာတော်ရှင်နဲ့ အစောင့်တပည့်များကို ပူဇော်ပသခဲ့သည်မှာ နှစ်ပေါင်းအတန်ကြာခဲ့သော်လည်း တခါမှမဆုံးကြုံတွေ့ လိုက်ရခြင်းဖြစ်သည်။

ဦးလေးလှဦးတို့အဖွဲ့သည် ထွက်ပေါ်လာတဲ့ မည်းမည်းအရာဝတ္ထုကို သေချာကြည့်နေကြသည်။ အနီး တတ်ဝန်းကျင်တွင် ရှည်လျားမြင့်မားတဲ့ အပင်ကြီးများရှိသည်။ အကောင်ကြီးသည် အပင်များကြားက ထွက်လာသည်။

မည်းမည်းအရာဝတ္ထုတွေကလွဲရင် စူးရှဝင်းပမျက်လုံး တစ်စုံက လွန်စွာကြောက်စရာကောင်းလှသည်။

ဦးလေးလှဦးတို့အဖွဲ့သည် ၎င်းအကောင်ကြီးကို သေချာကြည့်နေကြသည်။

"ဟီး... ဝုတ်... ဝုတ်"

"အမလေးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ခွေးအနက်ကြီးတစ်ကောင်မှန်းသိလိုက်ရသည်။

ငင်းရဲ့မာန်ဖီသံကြောင့် အနောက်ကို လွှင့်စင်မတတ် ခံစားလိုက်ရသည်။ တစ်ယောက်ကိုတစ်ယောက် အားပေးနေလိုက်ကြသည်။

ခေတ္တအကြာတွင် ခွေးနက်ကြီးသည် တင်မြှောက်ထားတဲ့ နှီးခြင်းလေးကိုဆွဲယူပြီး ပျောက်ကွယ်သွားသည်။ ငင်းတို့သည် ခွေးနက်ကြီးကို မှတ်မိအောင်ကြည့်မိသလိုဖြစ်သွားပေတော့၏။

(၄၂)

"ဟဲ့ ... အံ့သြစရာပဲ"

"အဘစံမြကပြောတယ် ... သူ့တစ်သက်မှာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်တဲ့"

"မျက်မြင်တွေ့ခဲ့တာကိုတော့ လက်ခံပါတယ် ဒါပေမဲ့"

ညနေအလုပ်သိမ်းပြီးနောက် ရွာနောက်သောက်ရေကန်တွင် ရေခပ်ရင်း ထိုနေ့ညကဖြစ်ရပ်များကို ပြောနေကြခြင်းဖြစ်သည်။

ငင်းတို့အဖွဲ့မှာ မိဝိုင်းက အများနှင့်အတူ ပြောစကားတွေကို အားလုံးယုံကြည်တတ်သူမဟုတ်။ ယခုပြောနေတာတွေကို အားလုံးယုံကြည်ကြပေမယ့် မိဝိုင်းက ပုံစံတစ်မျိုးပြောဆိုနေသည်။

"ငါလေ့လာဖူးတာပြောရရင် ဒါဟာ ဘာသိနည်းနဲ့ ရွာတော်ရှင်ရဲ့ အောက်ငယ်သား မဖြစ်နိုင်ဘူး။ အိမ်မွေးခွေး

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ကောင်ပဲ ဖြစ်ရမယ်။ နင်တို့ပဲ စဉ်းစားကြည့်လေဟာ။ ဘူတွေလေးစားယုံကြည် ကိုးကွယ်နေတဲ့ နတ်တစ်ပါးက ခွေးဟန်ဆောင်ပါ့မလား။ ခွေးထက်မြင့်တာ ဟန်ဆောင်ပေါ့။ ဒါမှမဟုတ်ရင် လူတစ်ယောက်ကို ဝင်ပူးလိုက်ပေါ့''

''နင်စကားကပ်ပြောတာပဲ''

''ငါစကားကပ်ပြောတာမဟုတ်ဘူး။ တကယ်ဖြစ်တာကို ပြောနေတာ။ နင်တို့ကို ငါတစ်ခုမေးမယ်။ နင်တို့ခွေးဖြစ်ချင်လား ကျားဖြစ်ချင်လား''

''အဲဒီညက ရွာတော်ရှင်ပူဇော်တဲ့အချိန်မှာ ဗိုက်ဆာနေတဲ့ ခွေးတစ်ကောင် အဲဒါကိုတွေ့လို့ဝင်စားတယ်။ လူတွေက ရိုက်မှာစိုးလို့ မာန်လိုက်တာပဲ... အဲဒါကို...''

''တော်ပြီဟာ နင့်စကားက''

အေမိတို့က တားလိုက်ကြသည်။ မိဝိုင်းက ဆက်ပြောချင်သည်။ တားနေသူကို မကျေမနပ်ဖြစ်နေသည်။ တကယ်တော့ မိဝိုင်းက တောသူမတစ်ယောက်ဖြစ်ပေမယ့် B.A ဘွဲ့ရထားသည်။ သရဲရှိတယ်ဆိုတာကို လက်မခံချင်။ လူကြီးတွေပြောတာကို ပြန်မပြောရဲလို့သာ နားထောင်နေရပေမယ့် သူ့အတွက်တော့ ဟာသတစ်ပုဒ်လို ဖြစ်နေသည်။ အေမိတို့ကတော့ စိတ္တဇဆရာမကြီးဟု ခေါ်ကြသည်။

''နင်တို့ကြည့်နေကြ... မကြာခင်မှာ အဲဒီခွေးနက်ကြီးနဲ့ သရဲတွေကို ဖော်ထုတ်တဲ့လူ ပေါ်လာလိမ့်မယ်''

''ဟို သရဲဝိုင် အောင်စိုးကြီးကို သွားခေါ်ဦးမလို့ မိဝိုင်း''

အားလုံးရယ်လိုက်ကြသည်။ အောင်စိုးကြီးသည် ဒီနယ်တစ်ကျောမှာတော့ လွန်စွာနာမည်ကြီးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ သရဲပြေးတဲ့ညမှာ နင်ဘာလုပ်မယ်စိတ်ကူးလဲ"

"ဒီနှစ်တော့ သိပ်ပြီး မစီစဉ်တော့ဘူးဟာ ... ရွာမှာ ဖြစ်နေတာတွေက နင်လည်းအသိ"

"ဟုတ်တယ်၊ ဒီနှစ်တော့ ဘယ်သူတွေ ဘာဖြစ်မယ် ဆိုတာ စောင့်ကြည့်ရမှာပဲ"

"ဘာပဲဖြစ်ဖြစ် အာကာကတော့ သရဲကိုလိုက်ရှာ နေပြီ"

"ရှာမှာပေါ့... သူကောင်မလေး အခြောက် ခံရ တာကိုး"

"ငါလည်း အဲဒီလိုရည်စားတစ်ယောက်လောက် လိုချင်လိုက်တာ"

"ပေါ်တာကြီးကို ကြိုက်လိုက်ပါလား"

"ကောင်မတွေနော်"

အားလုံးရယ်လိုက်ကြသည်။ မိဝိုင်းတို့အဖွဲ့သည် ရေခပ်ပြီးပြန်ကြသည်။ ရွာသားများသည် မကြာမီရက်ပိုင်းမှာ ကျင်းပမယ့် သရဲပြေးတဲ့ညပွဲတော်ကို ကျင်းပရန် ဆန္ဒများ ပြင်းပြနေကြပေတော့၏။

(၄၃)

"ဟော့... ဘာလုပ်နေကြတာလဲ ဆရာတော်ကို ကြွလာတော့မယ်"

"ပြီးပါပြီ အရီးလှရာ"

ညနေလေးနာရီကျော်လာသည်။ ရွာသားများသည် ပရိတ်အိုးကို ခေါင်းပေါ်ရွက်ပြီး ရွာဦးထိပ်ကို ထွက်လာ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နေ့သည် ရွာသားများမျှော်လင့်နေကြတဲ့ သရဲပြေးတဲ့ညဖြစ်သည်။ သရဲပြေးတဲ့ညကို နှစ်စဉ်နှစ်ဆန်းတစ်ရက်နေ့ကို ခေါ်ခြင်းဖြစ်သည်။ သင်္ကြန်ပွဲတော်ပြီးဆုံး၍ မြန်မာသက္ကရာဇ်ကို ကူးပြောင်းသွားတဲ့ နှစ်ဆန်း(၁)ရက်နေ့မှာ အသက်ကြီးဘိုးဘွားများကို ခေါင်းလျှော်၊ ခြေသည်း၊ လက်သည်းများကို သန့်ရှင်းပေးသည်။

နေထိုင်ရာအိမ်များကို ဆေးကြောသန့်ရှင်းသည်။ ၎င်းညမှာ ဆရာတော်များကိုပင့်ဖိတ်ပြီး မကောင်းဆိုးဝါးများမနေနိုင်အောင် ကမ္မဝါဖတ် ပရိတ်တရားတော်များ နာယူကြသည်။ ထိုကိစ္စတွေပြီးဆုံး၍ ညဘက်ရောက်တဲ့အခါ သံပုံးတီး မီးရှူ့ပြီး သရဲတစ္ဆေမကောင်းဆိုးဝါးများကို မောင်းထုတ်ကြသည်။ ထိုသို့မောင်းထုတ်ပြီးတာနှင့် အောင်ပွဲခံခဲ့တဲ့သဘောအဖြစ် ရွာကာလသားခေါင်းအိမ်မှာ စားကြသောက်ကြသည်။ ရွာရှိ သူငယ်များ ပုံစံအမျိုးမျိုးဝတ်ဆင်ပြီး ဆင်နွှဲကြသည်။ ညနေနေဝင်ပြီး မှောင်ရည်ပျိုးတာနှင့် သရဲမောင်းထုတ်ပွဲကို ကျင်းပရန်စီစဉ်နေကြသည်။ ရွာနောက်၊ ရှေ့၊ တောင်၊ မြောက်တို့မှာ ရွာသားများ အသင့်ရှိနေကြသည်။

"ဆရာတော်တွေ ပြန်ကြွသွားပြီ စကြမယ်ဟေ့"

တစ်ယောက်ကစ တစ်ရွာလုံးလွှမ်းမိုးသွားသည်။ သံပုန်း၊ ဝါးလက်ခုတ်တွေ အဆင့်သင့်ဖြစ်နေကြသည်။

"ဖောင်း...ဖောင်း...ဖောင်း"

"ဒုန်း...ဒုန်း...ဒုန်း"

"ဟေ့ ရွာထဲမှာရှိတဲ့ သရဲတွေကို လိုက်ဟေ့ ...
လိုက်ကြ"

www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်းဟေ့... ရိုက်ကြ"

"ဒုန်း...ဒုန်း"

"ဖျောင်း...ဖျောင်း"

ဝါးလက်ခုတ်သံ၊ သံပုန်းထုသံများ၊ ဆူညံနေသည်။ ရွာသားများသည် အုပ်စုခွဲပြီးပွဲတော်ကို ကျင်းပနေကြသည်။

"ဟေ့... ဟိုမှာ ပြေးပြီဟ။ ကတောင်းကြီး ကျိုက်ထားတာ ပြောင်နေတာပဲ"

ဝါးလုံးပေါက်ကွဲသံတွေလဲ ဆူညံနေသည်။ တောက်ရှိုး မီးအလင်းရောင်ကြောင့် လင်းထိန်နေသည်။

"ဟေ... မုတ်ဆိတ်မွေးနဲ့ ကုလားသရဲကြီးပြေးနေပြီ လိုက်ကြဟေ့"

"ကလေးချီပြေးတဲ့ သရဲမကြီး ဝါးရုံတောထဲဝင်ပြေးပြီ ရိုက်ကြဟာ"

"ဟိုမှာ သရဲမလေးချောတယ် ဖမ်းကြဟေ့"

စိတ်ကူးတည့်ရာ အော်နေကြသည်။ ထိုနေ့ပွဲအတွက် လူကြီး၊ လူငယ်များ ပျော်နေသည်။ လူကြီးတွေရဲ့ပျော်ရွှင်မှုသည် ရွာမှာတွေ့နေတဲ့ ထိတ်လန့်မှုများ ဖြစ်သည်။ လူငယ်တွေကတော့ အလုပ်မလုပ်ဘဲ လွတ်လွတ်လပ်လပ် နေရခြင်းကြောင့်ဖြစ်သည်။ တစ်နှစ်တစ်ခါ ကျင်းပခွင့်ရတာလေးကို ကျေနပ်နေကြသည်။ လူငယ်များသည် ရွာရဲ့နေရာအနှံ့ မီးရှူ့သံ၊ ပုန်းတီးခြောက်လှန့် မောင်းထုတ်နေကြသည်။

ထိုသို့ပြုလုပ်ရာတွင် ညစနာရီကျော်လျှင်သိမ်းပြီး ကာလသားခေါင်းအိမ်မှာ စားသောက်အောင်ပွဲခံရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄၄)

"အမလေး သရဲ သရဲ ကယ်ကြပါဦး"

ထွက်ပေါ်လာတဲ့အသံကြောင့် တုန်လှုပ်ကုန်ကြသည်။

လူငယ်လေးသည် လက်ထဲကသံပုန်းကို ပစ်ချပြီး ထွက်ပြေးနေသည်။

"ဟော့ ... ဟိုမှာ သိန်းစိုးပြေးပြီ လိုက်ကြကွာ"

မောင်သိန်းစိုးတို့လူစုသည် ဦးသန်းအိမ်ခြံအတွင်းကို ဝင်ရောက်ပြီး သရဲများကို ခြောက်လှန့်နေသည်။

ဦးသန်းအိမ်နှင့် ခြံကြီးကို ဦးသန်းတို့မိသားစု နေထိုင်ကြသည်။ ဘဘသန်းနှင့် ဇနီးဒေါ်သောင်းမိုးတို့နှစ်ယောက် သေဆုံးပြီးနောက် သားသမီးများက နေထိုင်ခြင်းမရှိ။ ထိုအတိုင်းပဲ ထားကြသည်။ ကြီးမားတဲ့ပင်ကြီးများရှိသည်။ ခြုံနွယ်များလည်း လွန်စွာပေါများသည်။ ထိုနေ့ သိန်းစိုးတို့ လူစုက သရဲတွေကို မောင်းထုတ်ကြသည်။ ရွာသားများ အနောက်ကနေလိုက်ကြသည်။ ထိုဖြစ်ရပ်ကြောင့် ရွာသားများ ထိတ်လန့်တုန်လှုပ်ကုန်ကြသည်။ ဘဘသန်းခြံထဲမှာ သရဲ တကယ်ရှိသလား။ မရှိဘူးလား မည်သူမှမသိအောင် ဖြစ်နေကြသည်။ ထိုအချိန် မည်းမည်းအရာဝတ္ထုတစ်ခုက ခြံထဲကို လျင်မြန်စွာ ဝင်ရောက်လာသည်။ ခြံသည် တိတ်ဆိတ်လွန်းစွာ တိတ်ဆိတ်နေသည်။ ရွာသားများက ပြေးနေတဲ့ သရဲ နောက်ကို လိုက်နေကြသည်။ ခြံထဲမှာ မည်သူမှ မရှိအောင် တိတ်ဆိတ်နေသည်။

အရိပ်မည်းသည် နောက်ဘက်ခြံထောင့်ကို ဦးတည် နေသည်။ သစ်ပင်ကြီးများနှင့်အတူ ခြုံနွယ်များက လွှမ်းမိုး

www.burmeseclassic.com



နေသည်။

"ဟီး ဟီး ဟီး "

ရုတ်တရက်ထွက်ပေါ်လာတဲ့ ရယ်သံသည် တိတ်ဆိတ်မှုကို ပြတ်သားစွာ လွှမ်းမိုးသည်။

"ဟား ဟား..."

ထပ်မံ၍ ရယ်သံပေါ်လာပြန်သည်။

ခြံအတွင်း၌ ရယ်သံနှစ်မျိုးဖြစ်နေသည်။ အကောင်နှစ်ကောင်ရှိသည်ဟု ထင်မှတ်ရသည်။ ၎င်းအချိန်တွင် ခြံအတွင်းမှ ပုန်းခိုနေတဲ့ မည်းမည်းအကောင်ကြီးက အပြင်ထွက်လာသည်။ အပြင်ကဝင်လာတဲ့ အကောင်ကြီးသည် သစ်ပင်ကြီးဘေးမှာ ပုန်းလိုက်သည်။ မည်းမည်းအကောင်သည် အပြင်ကိုထွက်လာသည်။ ရယ်သံကြားရာကို ဦးတည်နေသည်။ ၎င်းကို ရှာဖွေနေသည်။ တစ်ရွေ့ရွေ့နှင့် သစ်ပင်ကြီးအနားကို ရောက်ရှိလာသည်။

"ဖြောင်း... ဖြောင်း.... ဖြောင်း"

"ဟီး... ဟီး... ဟီး"

ရယ်သံနှင့်အတူ ထိုအကောင်ကြီးကို အဆက်မပြတ်ရိုက်နေသည်။ အရိုက်ခံရတဲ့ အကောင်ကြီးသည် ဒေါသစိတ်ဖြင့် ခုခံတိုက်ခိုက်နေသည်။ မည်းမည်းအကောင်များ တိုက်ခိုက်နေကြသည်။

အရိုက်ခံထားရတဲ့ အကောင်ကကြီးပေမယ့် ပြင်းထန်တဲ့ ဒဏ်ရာရရှိသွား၍ အနားကပ်နိုင်စွမ်းမရှိအောင် ဖြစ်နေသည်။ နောက်ကရောက်လာတဲ့အကောင်က ဝါးလုံးပိုင်းဖြင့် ရိုက်လိုက်၊ အနောက်ကိုဆုတ်ပြီး နေရာယူလိုက် အလုပ်ရှုပ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ အကောင်ကြီး ဒေါ်သထွက်လာသည်။ အသား အနာခံပြီး တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

"ဟာ..."

အော်ဟစ်ပြီး ပြေးဝင်တိုက်ခိုက်သည်။

ဝါးလုံးကိုင်ထားတဲ့အကောင်က သစ်ပင်ကြီးကို ပတ်ထွက်ပြီး အနောက်က ဖြတ်ရိုက်လိုက်သည်။

"ရော့ ..."

"ဖြောင်း..."

အော်သံနှင့်အတူ လဲကျသွားသည်။

ရွာသားများသည် ဦးသန်းခြံထဲမှာ သရဲနှစ်ကောင် နယ်မြေလုနေကြပြီဟု ပြောနေကြသည်။

ဇင်းအချိန်တွင် ဦးသန်းခြံတစ်ခုလုံး လင်းထိန်းသွားသည်။

"ဟာ... ဟိုမှာ သရဲတစ်ကောင်ရိုက်နေတယ်"

"ဟေ့... အရမ်းမဝင်သွားကြနဲ့ဦး။ အန္တရာယ်ရှိတယ် ပရိတ်ရေနဲ့ ပက်ထုတ်လိုက်ရမယ်"

"ပရိတ်ရေနဲ့ ပတ်လို့မရတော့ဘူး အဘစံမြ"

"ဟေ့... ဟာ... မောင်ဖိုးအေးတို့ပါလား။ မင်းတို့က ဘယ်တုန်းက ရောက်နေကြတာလဲ"

"သရဲနှစ်ကောင်တိုက်ခိုက်နေတုန်းက ဟိုမှာတုတ် ကိုင်ထားတာက သရဲမဟုတ်ဘူး အဘစံမြ"

"ဟေ... သရဲမဟုတ်ရင် ဘာလဲ လူလား"

အဘစံမြအပါအဝင် ရွာသားများအတွက် ဇဝေဇဝါ ဖြစ်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဘစံမြ။ တုတ်နဲ့ရိုက်နေတာက ကျွန်တော့်သား အာကာပါ"

"အာကာ... ဟုတ်လား မောင်တင်မြင့်"

"ဟုတ်တယ်... အဘစံမြ။ ကျွန်တော် အာကာပါ"

ပြောနေတဲ့အချိန်မှာ အာကာလဲကျသွားသည်။ ထိုအချိန်တွင် လူကြီးအထိတ်တလန့်ဖြစ်ပြီး အာကာရှိရာကို ပြေးလာကြသည်။

(၄၅)

"အာကာ... သားသတိရလာပြီလား"

မိခင်ဒေါ်ခတ်ထားက မေးလိုက်သည်။

ဦးတင်မြင့်အိမ်မှာ ရွာသားအများစု ရောက်နေကြသည်။ အာကာသည် ထိုနေ့ညက သတိလစ်သွားတာ သုံးရက်ကြာသွားသည်။ အာကာအတွက် စိုးရိမ်နေကြသည်။ ထိုအထဲမှာ သန္တာက ပိုဆိုးသည်။

"ရေ... ရေပေးပါ"

"ဟာ... သားလေးသတိရလာပြီ။ သမီးသန္တာ ရေတစ်ခွက်ပေးပါကွယ်"

"အမလေး... စိုးရိမ်လိုက်ရတာ မောင်အာကာရာ"

"ဟုတ်တယ်အဘစံမြရာ၊ ကျွန်တော်လည်း အတူတူပါပဲ"

"ဒါနဲ့နေပါဦး၊ ဒီအစီအစဉ် ဘယ်သူလုပ်ပေးတာလဲ"

"မောင်ဖိုးအေးပေါ့။ ကျွန်တော်တောင် အစကမသိဘူး၊ သူပြောမှသိရတာ"

"ဟဲ့... မောင်ဖိုးအေး မင်းဘယ်လိုအကြံရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါအဘစံမြ။ ရွာမှာ သရဲအမြဲအခြောက်ခံနေရတယ်။ နှစ်စဉ်ပွဲတော် ကျင်းပနေရဲ့သားနဲ့ အခုလို အခြောက်ခံနေရတာ မရိုးသားလို့ အာကာကို မြှောက်ပေးလိုက်တာပါ"

အဘစံမြသည် ဖိုးအေးစကားကို သဘောကျသွားသည်။ ကိုဖိုးအေးသည် ဇင်းလုပ်ရပ်အတွက် ပျော်ရွှင်နေမိသည်။

အဘစံမြအပါအဝင် အနောက်အယုက်ဖြစ်နေတဲ့ ရွာသားများရဲ့ သောကတွေ ပျောက်ကွယ်ကြသည်။

ကိုဖိုးအေးသည် စက္ကူပတ်ဆေးလိပ်ကို အေးဆေးစွာ ဖွာရှိုက်နေသည်။ အားလုံးက ကိုဖိုးအေးရဲ့ ရည်ရွယ်ချက်အမှန်ကို သိချင်နေကြသည်။

"ဟုတ်ကဲ့ ... အာကာကို မြှောက်ပေးခဲ့ပါတယ်။ ရွာမှာ ခြောက်လှန့်နေတာကို အရမ်းကိုစိတ်ပျက်မိတယ်။ ဒီလိုသာဆိုရင် ရွာသားတွေအတွက် မကောင်းဘူးဆိုတာကို သတိထားလာမိတယ်။ အဲဒီအချိန် အာကာသရဲခြောက်ခံရတယ်။ အာကာကြောက်နေတယ်။ မကြောက်အောင် အားပေးတယ်။ အဲဒီသရဲကိုဖမ်းရမယ်။ အဲဒီအတွက် မျက်နှာဖုံးပေးမယ်လို့ပြောတော့ အာကာစိတ်အတော်ဝင်စားသွားပြီး သရဲကို မောင်းထုတ်မယ်လို့ ကတိပေးခဲ့တယ်။ ကျွန်တော်အောင်အေးတို့က အနားမှာရှိနေပြီး ပြောပြနေတယ်"

"ရွာသားတွေကို ခြောက်တာ၊ သရဲအစစ်လို့ထင်လို့လား"

ကိုဖိုးအေးခေါင်းကို ဘယ်ညာခါရမ်းလိုက်သည်။

"အမြဲတမ်း သရဲမောင်းထုတ်နေတဲ့ကြားက သရဲ

www.burmeseclassic.com



ခြောက်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ အဲဒါကြောင့် အခုလို လုပ်လိုက်ရတာ။ မျက်နှာဖုံးကတော့ အဘိုးလေးရဲ့ မျက်နှာဖုံးပါ။ မျက်နှာဖုံးရပြီးတည်းက သရဲဖမ်းမယ်၊ သရဲခြောက်မယ် စိတ်တွေထိန်းမရတာကို တွေ့လိုက်ရပါတယ်။ သရဲခြောက်နေတာ ကျော်ဇေယျဆိုတာကိုလည်း မသိခဲ့ရပါဘူး''

''ဟော့... ဒါနဲ့ ကျော်ဇေယျဘယ်လိုနေသလဲ''

''ခေါင်းထိတဲ့ ဒဏ်ရာတော်တော်ပြင်းတယ်ပြောတယ်''

''ဟုတ်လား ဒါဆိုသတင်းသွားမေးကြရအောင်''

အဘစံမြတို့ လူကြီးများသည် ကျော်ဇေယျကို သတင်းမေးရန် ထွက်သွားကြသည်။ အိမ်တွင်းမှာ အာကာနှင့် သန္တာတို့နှင့်သာ ကျန်ရစ်ခဲ့ကြသည်။ သန္တာသည် အာကာ အနားကို တိုးကပ်လိုက်ပေတော့သည်။

ထိုအချိန်တွင် ...

''အား ... မင်းတို့ ရွာသားတွေ သတိထား ကျော်ဇေယျ သရဲလာပြီဟေ့ ''

ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အသံပိုင်ရှင်သည် တစ်ခြားလူမဟုတ် ကျော်ဇေယျဖြစ်သည်။ ၎င်းသည် ဒဏ်ရာကြောင့် စိတ်များမမှန်ဖြစ်၍ ထင်ရာအော်ဟစ်ပြောဆိုနေသည်။

ကျော်ဇေယျသည် သူပြုသမျှကံ သူခံပြီး သရဲ အမှတ်ဖြင့် အော်ဟစ်ပြောဆို လျှောက်သွားနေသည်။

မိဘများနှင့် ရွာသားများက ကျော်ဇေယျရဲ့ အဖြစ်ကို ကြည့်ပြီး ကြေကွဲနေပေတော့သည်။ ။

www.burmeseclassic.com